ါလစာစဉ်-၇၀

# ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာဂါထာတော်များ

နှင့်

# ဗုဒ္ဓဂုဏာဝန္ဒနာပူဇာဝလိကထာ


အဂ္ဂမဟာပဏ္ဍိတ

**အရှင်ကုမာရ**

ဒုတိယပါမောက္ခချုပ်(စီမံ)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့်
ပဓာနနာယကဆရာတော်
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။



(စုစည်းတည်းဖြတ်ပူဇော်သည်)

(သာသနာ - ၂၅၅၆) (ကောဇာ - ၁၃၇၅) (ခရစ် - ၂၀၁၃)



ဓမ္မပါလစာစဉ် (၇၀)

# ဗုဒ္ဓါဘိသေက အနေကဇာတင်
# မင်္ဂလာဂါထာတော်များ

## နှင့်

# ဗုဒ္ဓဂုဏာဝဏ္ဏနာပူဇာဝလိကထာ

အရှင်ကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဦးစီးပဓာနနာယကဆရာတော်
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
စုစည်းတည်းဖြတ်ပူဇော်သည်

# အဂ္ဂမဟာပဏ္ဍိတ-အရှင်ကုမာရ



**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

------------------------------------------

------------------------------------ သို့

------------------------------------------

------------------------------------ မှ

အမှတ်တရဓမ္မဒါနပြုပါသည်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မိတ်ဆက်စာလွှာ | (က) |
| ၂။ | ဗုဒ္ဓဘိသေက အနေကဇာတင် | ၁ |
| ၃။ | မြတ်စွာဘုရား စိတ်တော်ဖြင့်သာ ကျူးရင့်သော မနသာဥဒါန်းဂါထာတော် (ပါဠိ) | ၄ |
| ၄။ | မြတ်စွာဘုရား စိတ်တော်ဖြင့်သာ ကျူးရင့်သော မနသာဥဒါန်းဂါထာတော် (အနက်- မြန်မာပြန်) | ၅ |
| ၅။ | ပဋိစ္စသမုပ္ပါဒ အနုလောမ ပါဠိ | ၁၇ |
| ၆။ | ပဋိစ္စသမုပ္ပါဒ ပဋိလောမပါဠိ | ၁၇ |
| ၇။ | ပဋိစ္စသမုပ္ပါဒ အနုလောမအနက်မြန်မာပြန် | ၁၈ |
| ၈။ | ပဋိစ္စသမုပ္ပါဒ ပဋိလောမပါဠိအနက်မြန်မာပြန် | ၂၈ |
| ၉။ | ဝစသာဥဒါန်း ပထမဂါထာတော် ပါဠိ | ၃၈ |
| ၁၀။ | ဝစသာဥဒါန်း ပထမဂါထာတော် အနက်မြန်မာပြန် | ၃၈ |
| ၁၁။ | ဝစသာဥဒါန်း ပထမဂါထာတော် အနက်မြန်မာပြန် | ၄၀ |
| ၁၂။ | ပဋိစ္စသမုပ္ပါဒ အနုလောမ ပါဠိတော် | ၄၆ |
| ၁၃။ | ပဋိစ္စသမုပ္ပါဒ ပဋိလောမ ပါဠိတော် | ၄၆ |
| ၁၄။ | ဝစသာဥဒါန်း ဒုတိယဂါထာ ပါဠိတော် | ၄၇ |
| ၁၅။ | ဝစသာဥဒါန်း ဒုတိယဂါထာ အနက်မြန်မာပြန် | ၄၈ |
| ၁၆။ | ဝစသာဥဒါန်း ဒုတိယဂါထာ အနက်မြန်မာပြန် | ၅၀ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ပဋိစ္စသမုပ္ပါဒ အနုလောမပါဠိတော် | ၅၆ |
| ၁၈။ | ပဋိစ္စသမုပ္ပါဒ ပဋိလောမပါဠိတော် | ၅၆ |
| ၁၉။ | ဝစသာဥဒါန်းတတိယဂါထာ ပါဠိတော် | ၅၈ |
| ၂၀။ | ဝစသာဥဒါန်းတတိယဂါထာ အနက်-မြန်မာပြန် | ၅၈ |
| ၂၁။ | ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော် | ၆၅ |
| ၂၂။ | ပဋ္ဌာန်းပစ္စယုဒ္ဒေသ အနက်-မြန်မာပြန် | ၆၅ |
| ၂၃။ | အဘိတ္ထဝ ပတ္ထနာဂါထာတော်များ | ၇၅ |
| ၂၄။ | နတ်နဂါးအပေါင်း ညွှတ်ပျောင်းကော်ရော် ပူဇော်သမှုပြုသည့် ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် | ၈၅ |
| ၂၅။ | နတ်နဂါးအပေါင်း ညွှတ်ပျောင်းကော်ရော် ပူဇော်သမှုပြုသည့် ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် အနက်-မြန်မာပြန် | ၈၆ |
| ၂၆။ | ဂဠုန်မင်းအပေါင်း ညွှတ်ပျောင်းကော်ရော် ပူဇော်သမှုပြုသည့် ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် | ၈၈ |
| ၂၇။ | ဂဠုန်မင်းအပေါင်း ညွှတ်ပျောင်းကော်ရော် ပူဇော်သမှုပြုသည့် ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် အနက်-မြန်မာပြန် | ၈၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | နတ်မင်းအပေါင်း ညွှတ်ပျောင်းကော်ရော် ပူဇော်သမှုပြုသည့် ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် | ၉၁ |
| ၂၉။ | နတ်မင်းအပေါင်း ညွှတ်ပျောင်းကော်ရော် ပူဇော်သမှုပြုသည့် ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် အနက်-မြန်မာပြန် | ၉၁ |
| ၃၀။ | ဗြဟ္မာမင်းအပေါင်း ညွှတ်ပျောင်းကော်ရော် ပူဇော်သမှုပြုသည့် ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် | ၉၄ |
| ၃၁။ | ဗြဟ္မာမင်းအပေါင်း ညွှတ်ပျောင်းကော်ရော် ပူဇော်သမှုပြုသည့် ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် အနက်-မြန်မာပြန် | ၉၄ |
| ၃၂။ | လက်နက်ကြီးများ အောင်ဂါထာ ဘုရားရှိခိုး | ၉၇ |
| ၃၃။ | ဗုဒ္ဓဂုဏာဝန္ဒနာပူဇာဝလိကထာ | ၁၁၇ |
| ၃၄။ | အရဟံဂုဏ်တော် (၁၁) | ၁၃၉ |
| ၃၅။ | သမ္မာသမ္ဗုဒ္ဓဂုဏ်တော် (၂) | ၁၄၅ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် (၁) | ၁၄၆ |
| ၃၇။ | သုဂတဂုဏ်တော် (၅) | ၁၄၇ |
| ၃၈။ | လောကဝိဒူ ဂုဏ်တော် (၂) | ၁၅၀ |
| ၃၉။ | အနုတ္တရဂုဏ်တော် (၁) | ၁၅၁ |
| ၄၀။ | ပုရိသဒမ္မသာရထိဂုဏ်တော် (၁) | ၁၅၂ |
| ၄၂။ | အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် (၁) | ၁၅၃ |
| ၄၃။ | သတ္ထာဒေဝမနုဿာနံ ဂုဏ်တော် (၂) | ၁၅၄ |
| ၄၄။ | ဗုဒ္ဓဂုဏ်တော် (၂) | ၁၅၅ |
| ၄၅။ | ဘဂဝါဂုဏ်တော် (၇) | ၁၅၆ |
| ၄၆။ | စက်တော်ရာဘုရားရှိခိုး | ၁၇၅ |
| ၄၇။ | တစ်ရာ့ရှစ်ကွက် စက်လက္ခဏာဘုရားရှိခိုးလင်္ကာ | ၁၈၄ |
| ၄၈။ | လက္ခဏာတော် (၈၀) ဂါထာများ | ၁၈၆ |
| ၄၉။ | စတုရင်္ဂဗလအမတ်ကြီး ဖွဲ့ဆိုသီကုံးခဲ့သော လက္ခဏာတော်ငယ်(၈၀) ဘုရားရှိခိုးဂါထာများ | ၁၉၇ |


---ooo---

# မိတ်ဆက်စာလွှာ

အနေကဇာတင်စာမူများမှာ "ကလျာမွန်စာပေ(၁)"၌ ဖော်ပြထားသော စာများဖြစ်ပါသည်။ ယင်းစာများ၏ အနက်မြန်မာပြန်ချီးမြှင့် ပေးပါရန်နှင့် လိုအပ်သည်များကို ပြင်ဆင်ပေးပါရန် ဆံတော်ရှင် ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင် ဒကာကြီး ဦးထွန်းအောင်က လျှောက်ထားလာပါသည်။

မိမိတို့၏ အနန္တကျေးဇူးရှင်ဖြစ်တော်မူသော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် ရေးသားတော်မူသည့် မြင်းခြံမြို့၊ ၁၂-မုခ်၊ ကိုးဆောင်စေတီတော် အနေကဇာတင် အနက်များနှင့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မနာဒ ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင်ကျမ်းလာ အနက်များကို တနေရာတည်း၌ အလိုရှိသော ပုဂ္ဂိုလ်များ ပူဇော်နိုင်အောင် စုစည်းစီစဉ်ထားပါသည်။ ကျန်ပါဠိပုဒ်များ၏ အနက်များကိုသာ မိမိရေးသားပါသည်။

ကလျာမွန်စာပေစာမူ၌ ပစ္စယုဒ္ဒေသမပါရှိပါ။ လိုအပ်နေသော ပစ္စယုဒ္ဒေသပါဠိတော်ကို ဖြည့်စွက်ခြင်း၊ ပါဠိသတ်ပုံ အနေအထား မှားယွင်း လိုအပ်သည်များကို မိမိဉာဏ်မီသမျှ တည်းဖြတ်၍ အရှင်နန္ဒသိရီ (ရွှေမြေ-နန္ဒ)အား ကွန်ပျူတာစီစေ၍ ပေးပို့အပ်ပါသည်။

ယခု တဖန် 'ဗုဒ္ဓဂုဏဝန္နနာပူဇာဝလိကထာ'ကို ရိုက်နှိပ်ပူဇော်ဓမ္မဒါနပြုရာတွင် အနေကဇာတင်မင်္ဂလာဂါထာတော်များနှင့် တွဲဖက် ပုံနှိပ်ရန် စီစဉ်ကြသဖြင့် ဗုဒ္ဓဂုဏ်တော်များကို အာရုံပြုကြည်ညို နိုင်စေရန် ပိုမိုကောင်းမွန်အောင် ပြုလုပ်ရပါသည်။

## ဗုဒ္ဓဂုဏဝန္နနာပူဇာဝလိကထာ

ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေနာပိ ဇမ္ဗုဒီပဿ။

**ဒီ၊ ဋ္ဌ၊၁။၅၄။**

| | | |
|---|---|---|
| ဗုဒ္ဓေါတိ | = | ဘုရား ဘုရားဟူ၍၊ ဗုဒ္ဓ ဗုဒ္ဓ ဟူ၍။ |
| ကိတ္တယဿ | = | ကြားသိရသောပုဂ္ဂိုလ်၏။ |
| ကာယေ | = | လေးပါးဓာတ်ခိုင် ခန္ဓာကိုယ်၌။ |
| ယာ ပီတိ | = | အကြင်နှစ်သက်ခြင်းပီတိသည်။ |
| ဘဝတိ | = | ဖြစ်ပေါ်လာ၏။ |
| သာ ပီတိ | = | ဘုရားရှင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ထိုပီတိသည်။ |

ကာသိကောနာပိ

ဇမ္ဗုဒီပသဿ = ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အုပ်စိုးပိုင်သ အစိုးရသော မင်းစည်းစိမ်ချမ်းသာထက် လည်း။

ဝရမေဝ ဟိ = အပါယ်လေးဝ မကျမရောက် သုဂတိ ဘဝသို့ ရောက်စေနိုင်ခြင်းကြောင့် အဆ ရာထောင်မကသာအောင် မြင့်မြတ်လှ ပါပေတော့သည်သာတည်း။

ဤသို့လျှင် ဘုရားရှင်၏ ဂုဏ်တော်တို့ကို အာရုံပြုလျက် ရှိခိုးပူဇော်ရသော ကောင်းမှုကုသိုလ်၏ အကျိုးကို မှန်းဆသိမြင်နိုင် ပါသည်။

မဟာနာမ်သာကီဝင်မင်း၏ လျှောက်ထားချက်အရ ဘုရားရှင် က "ဘုရားရှင်၏ အရဟံအစရှိသော ဂုဏ်တော်တို့ကို အဖန်ဖန် အထပ်ထပ် အမြဲမပြတ် အောက်မေ့ သတိရနေသောသူ၏စိတ်ကို တပ်မက်မောမှု "ရာဂ" စိတ်ဆိုးမှု "ဒေါသ"အမှန်သဘာဝကို မသိမှု "မောဟ"တို့ မလွှမ်းမိုးနိုင်ပုံ ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု၍ ကုသိုလ်စိတ်အစဉ် ဖြောင့်မတ်နေပုံ ရာဂအစရှိသော ကိလေသာတို့ မလွှမ်းမိုးနိုင်ခြင်းကြောင့် နီဝရဏ (=ကုသိုလ်စိတ် ဖြစ်ခွင့်မရအောင် တားမြစ်ပိတ်ဆို့နေသော) တရားတို့ကို ပယ်ခွါနိုင်ပုံ ရွှန်စိတ်ဖြစ်ပုံ"ကိုလည်းကောင်း ဟောကြားတော်မူပါသည်။

အံ၊၂။၂၅၂။ အံ၊၃။၅၃၁။

# မိတ်ဆက်စာလွှာ

ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများအားထုတ်သော ရဟန်းတော်သည်-

- ဘုရားရှင်အပေါ်၌ ရိုသေလေးစားမှုဖြစ်ခြင်း။
- သဒ္ဓါ,သတိ,ပညာကောင်းမှုကုသိုလ်များ ပြန့်ပြောများပြားမှုကို ရနိုင်ခြင်း။
- နှစ်သက်မှု,ဝမ်းမြောက်မှုများစွာဖြစ်ခြင်း။
- ဘေးရန် ကြောက်လန့်မှုတို့ကို သည်းခံနိုင်ခြင်း။
- ဆင်းရဲဒုက္ခကို ခံနိုင်ရည်ရှိခြင်း။
- ဘုရားရှင်နှင့်အတူနေရသည်ဟု အမှတ်သညာကို ရရှိနိုင်ခြင်း
- ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေသူ၏ ကိုယ်ခန္ဓာသည် စေတီတော်ကဲ့သို့ ပူဇော်မှုကို ခံယူနိုင်ခြင်း။
- ဘုရားဖြစ်လိုသောစိတ်ဖြစ်ခြင်း (စိတ်ထားမြင့်မြတ်ခြင်း)
- လွန်ကျူးဘွယ်ဝတ္ထုနှင့် တွေ့ကြုံလျှင် ဘုရားရှင်မျက်မှောက်တော်၌ နေသောသူကဲ့သို့ ဟိရီဩတ္တပ္ပဖြစ်ပေါ်လာခြင်း။
- မဂ်,ဖိုလ်မရခဲ့သော် ကွယ်လွန်သည့်အခါ သုဂတိဘဝ၌ ဖြစ်ရခြင်း အစရှိသော ရရှိနိုင်သော အကျိုးတို့ကို ဝိသုဒ္ဓိမဂ္ဂ၊ (ဝိသုဒ္ဓိ၊၁။၂၀၆)၌ အဋ္ဌကထာဆရာတော်က မိန့်ဆိုထားပါသည်။

ဘုရားရှင်နှင့် အဋ္ဌကထာဆရာတော်တို့၏ မိန့်ကြားချက်များသည် စိတ်ကူးယဉ် ဒဏ္ဍာရီမဟုတ်ပဲ တကယ်အားထုတ်လျှင် တကယ်လက်တွေ့ ဖြစ်နိုင်သော အကျိုးတရားများဖြစ်ပါသည်။

ဤအကျိုးတရားများကို သိရှိခံစားလိုကြသော သူတော်စင်တို့သည် ဘုရားရှိခိုးများကို စီစဉ်ခဲ့ကြပါသည်။ ယင်း ဘုရားရှိခိုးတို့ကို

စုပေါင်း၍ အမြော်အမြင်ရှိသူများက "ဘုရားရှိခိုး အမျိုးမျိုး"ဟု စာအုပ်ရိုက်နှိပ် ထုတ်ဝေခဲ့ကြပါသည်။

မဟာပုရိသလက္ခဏာတော်ကြီး ၃၂-ပါး ဂါထာများကို ပဒရူပသိဒ္ဓိ ကျမ်းပြု အရှင်ဗုဒ္ဓပ္ပိယ မထေရ်က "ပဇ္ဇမဓု"ကျမ်း၌ ပြောင်မြောက်စွာ ဖွဲ့နွဲ့သီကုံး ရေးသားပူဇော်ခဲ့ပါသည်။ ယင်းကျမ်းကို မော်လမြိုင်မြို့ တောင်ပေါက်ဆရာတော်ဘုရားကြီးက မြန်မာ ဘာသာပြန်ဆို၍ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။

နတ်ရဲတောင်သာသနာပိုင် ဒုတိယမောင်းထောင် ဆရာတော် ဘုရားကြီးသည် ပုဂံမင်းနှင့် မင်းတုန်းမင်းတို့အရေးကို တိမ်းရှောင် တော်မူရင်း ဗုဒ္ဓဝန္ဒနာ မဟာပဏာမဝါသမာလိနီကျမ်းကို ဆန်းကျမ်း တတိယပိုင်းလာ ဂါထာများရေးနည်း စနစ်ဖြင့် ပြောင်မြောက်လှပ သော ဝါဆိုစဉ်ဘုရားရှိခိုး (၉၄)ဂါထာတို့ကို ရေးသားသီကုံး ပူဇော်တော်မူခဲ့ပါသည်။

ပင်းယခေတ်ပညာရှင် "စတုရင်္ဂဗလအမတ်ကြီးသည် ၁၀၈-ကွက် စက်လက္ခဏာတော် ဘုရားရှိခိုး (၁၂)ဂါထာတို့ကို လည်းကောင်း၊ လက္ခဏာတော်ငယ်ရှစ်ဆယ် ဘုရားရှိခိုး (၁၈) ဂါထာတို့ကိုလည်းကောင်း၊ ၁-လုံးဖွဲ့လိလာဂါထာမှ ၂၂-လုံးဖွဲ့ ဘဒ္ဒကဂါထာအထိ (၇၈)ဂါထာဖြင့် မဟာပဏာမကြီး ဘုရားရှိခိုး ကိုလည်းကောင်းရေးသား ပြုစု၍ ဘုရားရှင်အားရှိခိုးခဲ့ပါသည်။

မဟာပဏာမကြီးနိသျကို (၁-မှ ၈၄)ဂါထာအထိ ဂါထာများကို ကျော်အောင်စံထားဆရာတော်က နိသျရေးတော် မူခဲ့ပါသည်။ (၈၄-မှ-၉၄)အထိ ဂါထာများကို မဟာအောင်မြေဘုံစံ

အုတ်ကျောင်းဆရာတော်က နိသျရေးခဲ့ပါသည်။ ပိဋကဗျူဟာအဖွဲ့က မဟာပဏ္ဍာမကျမ်းအမည်ဖြင့် ၁၉၈၀-ခု၊ အောက်တိုဘာလက ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

(၁၀၈)ကွက် စက်လက္ခဏာဂါထာတော်တို့ကို အနက်နှင့်တကွ ရေးသားခဲ့ပြီး လက္ခဏာတော်ငယ်(၈၀)ဂါထာတို့၏ အနက်ကို မတွေ့ရပါ။ ယင်းဂါထာတို့ကို မိမိ၏ အနန္တကျေးဇူးရှင် ''ပခုက္ကူ အရှင်ကေလာသ'' သီရိပဝရဓမ္မာစရိယ၊ ဂဏဝါစက ဘီ-အေ (ဂုဏ်ထူး) အဂ္ဂမဟာပဏ္ဍိတထေရ်က ပင်းယသာသနာဝင်ကျမ်း၌ ရေးသားဖော်ပြခဲ့ပါသည်။

လက္ခဏာတော်ငယ်ရှစ်ဆယ် ဂါထာတော်တို့ကို ကစ္စာယနဘေဒ ဋီကာသစ်၊ ၁၅၁-၂။ က ယူ၍ရေးသားခဲ့ပါသည်။

ယင်းဂါထာတို့၏ နိသျရှိပါက ယင်းပါဠိနိသျဖြင့် သူတော်စင်တို့ ဗုဒ္ဓါနုဿတိ ဘာဝနာပွားများနိုင်ရန် ရည်ရွယ်၍ တိပိဋကရေမင်းကွန်းဆရာတော် ဘုရားကြီး၏ (မဟာဗုဒ္ဓဝင်၊ဒုတိယတွဲ၊နှာ-၉၉-၁၀၇) ကျမ်းစာကိုမှီး၍ အချို့ပါဠိများကို ပြင်ဆင်၍ အဓိပ္ပါယ်ပေါ်လွင်မှုကို အဓိကထားကာ နိဿယကို ရေးသားပါသည်။

လိုအပ်သည်များကို လိုအပ်သလို စာရှုသူများ ပြင်ဆင်၍ အသုံးပြု နိုင်ရန်ဖြစ်ပါသည်။

ဗုဒ္ဓါနုဿတိဘာဝနာဖြင့် ကိလေသာစိတ်ယုတ်မာများကို ပယ်ဖျောက်လိုသောသူတော်စင်များ ဗုဒ္ဓါနုဿတိဘာဝနာပွားများ နိုင်ရန်ရည်ရွယ်၍ ''ဗုဒ္ဓဂုဏ ဝဏ္ဏနာ ပူဇာဝလိကထာ''ကို စီစဉ်ခဲ့ပါသည်။

# မိတ်ဆက်စာလွှာ (ဃ)

မိမိသည် ပါရာဇိကကဏ္ဍအဋ္ဌကထာ စာဝါချပို့ရင်း ဝိသုဒ္ဓိမဂ်လာ ဂါထာများကို သာရတ္ထဋီကာပထမအုပ်၌ အရဟံဂုဏဝဏ္ဏနာ ဂါထာများနှင့် ဂုဏ်တော်ဘုရားရှိခိုး၊ ဝိသုဒ္ဓိမဂ် မဟာဋီကာပထမ အုပ်၌တွေ့ရသော ဘဂဝါဂုဏ်တော်ဂါထာများကိုလည်းကောင်း ဗုဒ္ဓါနုဿတိဘာဝနာဖြင့် သူတော်စင်တို့ ပျော်မွေ့နိုင်ရန် စီစဉ်လိုက်ပါသည်။

ဤကျမ်းစာကို တပည့်(မောင်ညို) အရှင်သုနန္ဒက စိတ်ရှည်စွာဖြင့် ကွန်ပျူတာစာစီ၍ ကုသိုလ်ပြုပါဝင်ပါသည်။

စာအုပ်ဖြစ်သည်အထိ စီစဉ်ကြီးကြပ်၍ မျက်နှာဖုံးဒီဇိုင်းများ ရေးဆွဲကာ ကုသိုလ်ပြုပါဝင်ကြသော ဒေါက်တာအရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)၊ အရှင်နန္ဒသိရီ (ရွှေမြေ-နန္ဒ)တို့နှင့် ပုံနှိပ်စက်လုပ်ငန်းရှင်များ၊ စာအုပ်ချုပ်လုပ်ငန်းရှင်များ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင် ဂုဏ်ပြုကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အရှင်ကုမာရ**<br>
အဂ္ဂမဟာပဏ္ဍိတ<br>
ဒုတိယပါမောက္ခချုပ်<br>
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)<br>
၁၉-၂-၂၀၁၃ (အင်္ဂါနေ့)

## ဗုဒ္ဓါဘိသေကအနေကဇာတင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

-----✻-----

၁။ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေဠာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ။ အထ ခေါ ဘဂဝါ ပုဗ္ဗေနိဝါသာနုဿတိဉာဏေန စ, ဒိဗ္ဗစက္ခုဉာဏေန စ, အာသဝက္ခယဉာဏေန စ သမန္နာဂတော ဟုတွာ သဗ္ဗညုတဉာဏံ လဘိတွာ အနုတ္တရံ သမ္မာသမ္ဗောဓိံ ပတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ တိက္ခတ္တုံ ဥဒါနေသိ။

| | | |
|---|---|---|
| တေန သမယေန | = | ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီးရာ ထိုအခါ၌။ |
| ဘဂဝါ | = | ခြောက်ပါးသော ဘုန်းရှိတော်မူသော။ |
| ဗုဒ္ဓေါ | = | မြတ်စွာဘုရားသည်။ |
| ဥရုဝေဠာယံ | = | ဥရုဝေဠာ တောအုပ်၌။ |

## အရှင်ကုမာရ

နေရဉ္စရာယ = နေရဉ္စရာ အမည်ရှိသော။

နဒ္ဒာ = မြစ်၏။ တီရေ = ကမ်းနား၌။

ဗောဓိရုက္ခမူလေ = ဗောဓိပင်ရင်း၌။

ဝိဟာရတိ = သီတင်းသုံးနေတော်မူ၏။

အထ ခေါ = ဗောဓိပင်ရင်းဝယ် သီတင်းသုံးနေတော်မူရာ ထိုအခါ၌။

ဘဂဝါ = မြတ်စွာဘုရားသည်။

ပုဗ္ဗေနိဝါသာနုဿတိ

ဉာဏေန စ = ရှေးဘဝ၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ် နှင့်လည်းကောင်း။

ဒိဗ္ဗစက္ခု -

ဉာဏေန စ = အဝေး၌တည်နေသော ရူပါရုံ၊ တစ်စုံတစ်ခု သော ဝတ္ထုဖြင့် ဖုံးကွယ်နေသော ရူပါရုံ၊ သိမ်မွေ့သေးငယ်သောရူပါရုံ အမျိုးမျိုးတို့ ကို မြင်ခြင်းငှါ စွမ်းနိုင်သော နတ်တို့၏ မျက်စိနှင့်တူသော အဘိညာဉ်ဉာဏ်နှင့် လည်းကောင်း။

အာသဝက္ခယ-

ဉာဏေန စ = ဘုံအားဖြင့်ဘဝဂ်, ဓမ္မအားဖြင့် ဂေါတြဘူဉာဏ်တိုင်အောင် ဖြစ်နိုင်သော လောဘ, ဒိဋ္ဌိ,မောဟ ဟူသော ကိလေသာအာသဝတို့ကို အကြွင်းမဲ့ကုန်စေနိုင်သော အရဟတ္တမဂ်ဉာဏ်နှင့်လည်းကောင်း။

သမန္နာဂတော = မယုတ်ကုံလုံ ပြည့်စုံတော်မူပြီးသည်။

ဟုတွာ = ဖြစ်၍။

သဗ္ဗညုတညာဏံ = တရားဥဿုံ အလုံးစုံကို အကုန်သိမြင်တော်မူနိုင်သော 'သဗ္ဗညုတဉာဏ်'တော်ကို။

လဘိတွာ = ပိုင်ပိုင်မိမိ ရရှိတော်မူခြင်းကြောင့်။

အနုတ္တရံ = မိမိထက်မြတ်သော တရားမရှိသော။ ဝါ= အမြတ်ဆုံး ဖြစ်တော်မူသော။

သမ္မာသမ္ဗောဓိံ = အမှန်ပိုင်ပိုင် ဆရာမလို ကိုယ်တော်တိုင်သာ သိတော်မူနိုင်သော သဗ္ဗညုတဉာဏ်တော်ကို။

ပတွာ = လက်ဝယ်မိမိ ရရှိတော်မူပြီး၍။

တာယံ ဝေလာယံ = ဝိဇ္ဇာသုံးတန် ဉာဏ်အလင်းပေါက် သဗ္ဗညုဘုရားရှင်အဖြစ် ရောက်တော်မူပြီးရာ ထိုအခါ၌။

ဣမံ ဥဒါနံ = ပီတိအစွမ်း ကိုယ်လုံးလွှမ်းသည့် ဤဥဒါန်းဂါထာတော်ကို။

တိက္ခတ္တုံ = သုံးကြိမ်သုံးခါ။

ဥဒါနေသိ = ရွှင်ရွှင်မြူးမြူး စိတ်တော်ဖြင့် ကျူးရင့်တော်မူပြီ။

---ooo---

မြတ်စွာဘုရား စိတ်တော်ဖြင့်သာ ကျူးရင့်သော

မနသာဥဒါန်းဂါထာတော် (ပါဠိ)

(၁) "အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(၂) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ"။[၁]

---

(ဓမ္မ၊၁၅၃၊ ၃၆)၊ (ဝိ၊ဋ္ဌ၊၁။၁၄။ဝိဋ္ဌ၊၃။၂၃၅-၇။ဒီ၊ဋ္ဌ၊၁။၁၆။ အဘိ၊ဋ္ဌ၊၁။၁၈)

(ဓမ္မ၊ဋ္ဌ၊၂။၈၀-၁။)

## မြတ်စွာဘုရား စိတ်တော်ဖြင့်သာ ကျူးရင့်သော မနသာဥဒါန်းဂါထာတော် အနက်-မြန်မာပြန်

(၁) ပုနပ္ပုနံ = ဘဝသံသရာ ဖန်ခါခါလျှင် ခန္ဓာဝဋ်ဇာတ် အမြစ် မပြတ်နိုင်ပဲ။

ဇာတိ = ယောနိလေးထွေ လှည့်ပတ်ဖွေလျက် သန္ဓေစွဲမှီ တည်နေ ဖြစ်ပွါးရခြင်းသည်။

ဒုက္ခာ = သန္ဓေဇာတိ ခန္ဓာရှိလျှင် ဗျာဓိဇရာ မရဏာတို့ မကွာ နောက်ဆက် ဝင်နှိပ်စက်သဖြင့် သက်သက်ချမ်းသာ မဟုတ်ပါပဲ လွန်စွာညှိုးနွမ်း ပင်ပန်းဆင်းရဲလှဘိ၏။(တသ္မာ=ထို့ကြောင့်)။

အဟံ = ဘုရားအလျာ သူမြတ်ငါသည်။

ဂဟကာရံ = ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်း သမုဒယသစ္စာဖြစ်သော တဏှာယောက်ျား လက်သမားကို။

ဂဝေသန္တော = လက်သယ်စင်စစ် ဘယ်သူဖြစ်ဟု စိစစ်ထောက်လှမ်း စူးစမ်းရှာဖွေလျက်။ ဝါ=စူးစမ်းရှာဖွေသော ဘုရားအလျာသူမြတ်ငါသည်။

## အရှင်ကုမာရ

အနိမ္မိသံ

အနိမ္မိသန္တော = တဏှာယောက်ျား လက်သမားကို ပိုင်းခြား ထင်ထင် လင်းလင်းမြင်သည့် သဗ္ဗညုတာ ဉာဏ်မဟာကို သမ္ဘာနုကွေး ငါမရသေးသည် ဖြစ်၍။ ဝါ = ငါမရသေးသောကြောင့်။

အနေကဇာတိ

သံသာရံ = ဘဝများစွာ သံသရာကာလပတ်လုံး။

သန္ဓာဝိဿံ = ခန္ဓာငါးချက် ဒုက္ခစက်ကို ကြောက်လျက်ပင် လျှင် ငါမခင်ပဲ သံသရာဝဋ္ဋ ခြားရပာတ်၌ မရပ် မနား တဖားဖားလျှင် ပြေးသွားကျင်လည်ခဲ့ ရလေပြီ။

၂) ဂဟကာရက = ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်း သမုဒယသစ္စာဖြစ်သော တဏှာ ယောက်ျား ဟယ် လက်သမား။

ဣဒါနိ = ဘုရားဖြစ်လာ ယခုအခါ၌။

တွံ = သင် တဏှာယောက်ျား လက်သမားကို။

ဒိဋ္ဌော = သဗ္ဗညုတဉာဏ်ကိုရသဖြင့် ဒိဋ္ဌထင်ထင် ငါမြင် အပ်သည်။

အသိ = ဖြစ်ပေ၏။

တွံ = သင် တဏှာယောက်ျား လက်သမားသည်။

ဂေဟံ = ဒုက္ခယုက်လိမ် ခန္ဓာကိုယ်အတ္တဘောတည်းဟူသော အိမ်ကို။

ပုန န ကာဟာသိ= နင့်ခြေနင့်လက် နင့်အသက်ကို လေးမင်္ဂလျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်ခုတ် အမြစ်ပြုတ်သည့် သစ်ငုတ်တိုဟန် နင်ဖြစ်ပြီမှန်သောကြောင့် တဖန်ထပ်လျှောက် နင်ဆောက်နိုင်တော့မည်မဟုတ်ချေ။

တေ = သင် တဏှာယောက်ျား လက်သမား၏။

သဗ္ဗာ = တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။

ဖာသုကာ = အခိုင်အမာတည်ဆောက် ခန္ဓာအိမ်တည်းဟူသော ဘုံကွန်းပြောက်၏ ထုတ်,လျှောက်, ဒိုင်း,မြွား ကိလေသာတရားတို့ကို။

ဘဂ္ဂါ = ဝါသနာအငွေ့အသက်နှင့်တကွ အနုသယ သတ္တိ ကျန်မရှိအောင် စိစိကြေညက် ငါချိုးဖျက်အပ်ကုန်ပြီ။

ဂဟကူဋံ = သစ္စာလေးအင် နိဗ္ဗာန်လွှင်ကို မြင်ခွင့်မပေး ဝေးထက်ဝေးအောင် အရေးကန့်လန့် တားဟန့် ပိတ်ကာ အဝိဇ္ဇာတည်းဟူသော အိမ်၏အထွတ်ကို။

ဝိသင်္ခတံ = မုန့်မုန့်ကြေမွ ငါဖျက်ချအပ်လေပြီ။

စိတ္တံ = ကိလေသာဟူ မြူအညစ်ကြေး ကင်းဝေးဖြူလွှင် ငါဘုရား၏ စိတ်အစဉ်သည်။

ဝိသင်္ခါရံ = သင်္ခါရစက်ကွင်း ဒုက္ခခပင်းမှ လွတ်ကင်းရာ အမှန် နန်းနိဗ္ဗာန်သို့။

ဂတံ = အာရုံမျက်မှောက် သန္တိဓာတ်သိဒ္ဓိပေါက်သဖြင့် ဆိုက် ရောက်သက်ဝင်မိလေပြီ။

အဟံ = သုံးလောကထွတ်ထား ငါဘုရားသည်။

တဏှာနံ ခယံ = တဏှာတရား ရာ့ရှစ်ပါး၏ ပျက်ပြားကုန်ခန်းရာ အာသဝက္ခယ စတုတ္ထမဂ်ဖိုလ်သို့။

ဂတော = စက္ကဝါရိုက်ခြောင်း တိုက်တစ်သောင်းမှ နတ်ပေါင်းပြုဟျှာ ကောင်းတင်းဩလျှက် ကြည်သာဝမ်းမြောက် ငါဆိုက်ရောက်ခဲ့လေပြီ။

(မဟာဗုဒ္ဓဝင် ၂။၃၅၂-၄။)

(၁) အဟံ = ဇောဓိညောင်ပင် ရွှေပလ္လင်ဝယ် သဗ္ဗညုတမွတ် ဉာဏ်ပန်းထွတ်ကို မလွတ်ပိုင်ပိုင် ဆွတ်ခူးနိုင်အောင် ကြံ့ခိုင်မြဲမြန် ဖွဲ့သန်သန်ဖြင့် သုံးတန်စရိယ စာဂငါးသွယ် ဆင့်ဆင့်ကြွယ်သော သုံးဆယ်ပါရမီ အလီလီတို့ကို စုံညီစေမှု ပြည့်အောင်ပြု၍ စုခဲ့ပြီးသော ငါဘုရားသည်။

ဇာတိ ပုနပ္ပုနံ = လူ့ဘုံနတ်ဘုံ အပါယ်ဘုံတို့၌ စုံချည်ဆန်ချည် လှည့် လည်ကူးပြောင်း ဇာတ်ပေါင်းစုံစွာ ဖန်ခါကြိမ်ကြိမ် ခန္ဓာအိမ် အသစ်အသစ်တို့ဖြင့် တဖြစ်ပြီးတဖြစ် ဆက်၍ဆက်၍ ဖြစ်နေရခြင်းသည်။

ဒုက္ခာ = ဖြစ်ရုံသာမဟုတ် အိုမှုသေမှု နာကျင်မှုတို့နှင့် ရောယှပေါင်းယှက် ဝိုင်းအုံကာနှိပ် စက်သောကြောင့် အလွန်အခံခက်သော အဖြစ်မျိုးသာတည်း။

ဣတိ ဥတွာ = ဤသို့ဆင်ခြင် သိမြင်တော်မူရ၍။

ဂဟကာရံ = လူကောင်နတ်ကောင် အပါယ်ကောင်ဟု အကောင်များစွာ ပြောင်းလဲကာဖြင့် ခန္ဓာအိမ်သစ် ဘဝသစ်ကို မဖြစ်ဖြစ်အောင် ကြံဆောင်အားထုတ် ပြုလုပ်တည်ဖန် အရင်းခံဖြစ်သော ပန်းရံယောက်ျား လက်သမားကို။

ဂဝေသန္တော = မမြင်သရွေ့ မတွေ့မခြင်း တောကိုနင်းသို့ အပြင်းလှည့်သွား ဉာဏ်စေစားလျက် မနားမနေ ရှာဖွေစူးစမ်းပါသော်လည်း။

အနိဗ္ဗိသံ အဝိန္ဒန္တော= မျက်မှောက်ထင်ထင် အကယ်မြင်သည့် သဗ္ဗဉ်ခေါင်ဆုံး ဉာဏ်မျက်လုံးကို ယူကြုံးပိုက်တွေး မရနိုင်သေးသည် ဖြစ်၍။

အနေကဇာတိ

သံသာရံ = ဘဝအသချေ ကုဋေသိန်းသန်း ကိန်းဂဏန်းဖြင့် တန်း၍တစေ မရေတွက်အား အလွန်များသည့် ရှည်လျားမြင့်ကြာ သံသရာခရီး ကြောက်စရာလမ်းကြောင်းကြီးကို။

သန္ဓာဝိသံ = ဆုံလည်သောနွား ရဟတ်ခြားသို့ မရပ်မနားပြေးသွား ကျင်လည်ခဲ့လှလေပြီ။

(၂) ဂဟကာရက = ဘဝဇာတ်အကြိမ်ကြိမ် ခန္ဓာအိမ်အဆောင်ဆောင် လူ့ဘောင်နတ်ဘောင် အပါယ်ဘောင်၌ အကောင်မျိုးစုံ မှုံမှုံမွှားမွှား အငယ်စားနှင့်တကွ အလတ်စားတသွယ် အရွယ်ကြီးမားကောင်းကင်သွားက ကုန်းသွားရေနေ အထွေထွေတို့ကို စေတလုံးပိုင် ဖန်ဆင်းနိုင်သော အဆောင်ကိုင်ယောကျ်ား ဟယ် လက်သမား။

ဒါနိ = မြင်ကောင်းသမျှ တစမကျန် မချွင်းချန်ဘဲ အမှန်မြင်ကြောင်း ဉာဏ်မှန်ပြောင်းကို ကောင်းစွာမိမိ လက်ဝယ်ရှိရာ ဤယခုအခါ၌။

တွံ = ဆောက်လုပ်ရေးကို အပြေးအလွှား လွန်ကြိုးစားသော တဏှာယောကျ်ား သင်လက်သမားကို။

ဒိဋ္ဌော အသိ = ခိုးထုပ်ခိုးထယ် လက်ဝယ်ကိုင်ရှိ ခိုးသူမိသကဲ့သို့ လက်ပူးလက်ကြပ် အတပ်ထင်ထင် တွေ့မြင်ရပေပြီ။

တွံ = လူကောင်နတ်ကောင် အပါယ်ကောင်ကို ဦးဆောင်အုပ်ချုပ် ဆောက်လုပ်ပြုပြင် စီရင်ဖန်ဆင်းနေသော အသင်ယောကျ်ား ဆောက်လုပ်ရေးသမားသည်။

ပုန ဂေဟံ

န ကာဟသိ = ငါ၏တွက်တာ ငါ့နေရာဟု နှောင်ခါတကြိမ် ခန္ဓာ အိမ်ဘုံဆောင်သစ်ကို စင်စစ်တဖန် စီမံဆောက်လုပ်နိုင်တော့မည်မဟုတ် မစီမံ မဆောက်လုပ်နိုင်တော့သည်သာတည်း။

ကသ္မာ = အဘယ့်ကြောင့်နည်းဟူမူကား။

မယာ = အရဟာတ္တမဂ် ဉာဏ်သန်လျက်ဟု လက်နက် သခင် စကြာရှင် ဖြစ်တော်မူသော ငါဘုရားသည်။

တေ ဖာသုကာ = နင့်အပေါင်းပါ ကိလေသာဟု ဘယ်ညာ နှစ်ပြန် မိုးကာရံသည့် တောင်ပံသဖွယ် အိမ်ရနယ်တို့ကို။

ဘဂ္ဂါ = အကြွင်းမဲ့ဆုံး အကုန်လုံးကို ချေမှုန်း ဖျက်ဆီး အပ်ကုန်ပြီ။

ဂဟကူဋံ = မသိရအောင် မမြင်အောင်ဟု အမှောင်ယှက် သန်း လွှမ်း၍ပိတ်ကာ အဝိဇ္ဇာဟူသော ဂေဟာ တမွတ် အိမ့်ခေါင်ထွတ်ကို။

ဝိသင်္ခတံ = ဝရဇိန်စက်မျိုး မဂ်တန်ခိုးဖြင့် ဖျက်ချိုးလိုက် လေပြီ။

ဣဒါနိ = အိမ်သစ်ယာသစ် ခန္ဓာသစ်ကို မဖြစ်နိုင်ရာ မရှိရာသော မဟာအမတ ထာဝရစခမ်း ဟိုဘက်ကမ်းကို လှမ်းမိတက်ရာ ဤယခု အခါ၌။

စိတ္တံ = ဉာဏ်အဆင့်ဆင့် အောင်လံလွှင့်၍ အမြင့် ခေါင်ထိပ် ရန်မျိုးဆိတ်သော ဖိုလ်စိတ် အရ ဟတ် စိတ်ထွတ်မြတ်သည်။

ဝိသင်္ခါရဂတံ = မပြုရမပြင်ရ မစီမံရသော နိဗ္ဗာန ဓာတ်ဝရ သုခ ရိပ်မြုံ၌ ခိုလှုံခံစားလျက်ရှိလေပြီ။

တဏှာနံ ခယံ = ပြုရန်ပြင်ရန် ဆောက်လုပ်ရန်ဟု ဟန်တပြင်ပြင် ကြံဆင်ခြင်သော ယခင်လက်သမား တဏှာယောကျ်ားတို့၏ စွမ်းအားရှိန်စော် အာနုဘော်ကုန်ဆုံးသည့် အရဟတ္တဖိုလ် တည်းဟူသော ကြည်းကုန်းထက်သို့။

အဇ္ဈဂါ = ချမ်းမြေ့ကြည်ဖြူ ရောက်တော်မူလေပြီ။

တသ္မာ = ထို့ကြောင့်။

ပုန ဂေဟံ

န ကာဟာသိ = ငါ၏တွက်တာ ငါ့နေရာဟု နှောင်ခါတကြိမ် ခန္ဓာအိမ် ဘုံဆောင်သစ်ကို စင်စစ်တဖန် စီမံဆောက် လုပ်နိုင်တော့မည်မဟုတ် မစီမံ မဆောက်လုပ်နိုင်တော့သတည်း။

(ရတနသိဒ္ဓိ)

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေဠာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။

အထ ခေါ ဘဂဝါ ဗောဓိရုက္ခမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခပဋိသံဝေဒီ။

အထ ခေါ ဘဂဝါ တဿာ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမပဋိလောမံ သာဓုကံ မနသာကာသိ။

(ဝိ၊၃။၁။)

တေန သမယေန = သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးရာ ထိုအခါ၌။

ဘဂဝါ = ခြောက်ပါးသော ဘုန်းရှိတော်မူသော။

ဗုဒ္ဓေါ = မြတ်စွာဘုရားသည်။

နေရဉ္ဇရာယ = နေရဉ္ဇရာ အမည်ရှိသော။

နဇ္ဇာ = မြစ်၏။ တီရေ = ကမ်းနား၌။

ပဌမာဘိသမ္ဗုဒ္ဓေါ= အလုံးစုံသောပုဂ္ဂိုလ်တို့၏ ရှေဦးစွာ သစ္စာလေးအင် ထိုးထွင်း၍ သိမြင်တော်မူသော သဗ္ဗညုဘုရားရှင် အဖြစ်သို့ ရောက်ရှိတော်မူပြီးသည်။ (ဟုတွာ = ဖြစ်၍)။

ဗောဓိရုက္ခမူလေ = ဗောဓိပင်ရင်း၌။

ဝိဟာရတိ = သီတင်းသုံးနေတော်မူ၏။

အထ ခေါ = သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီး ရာ ထိုအခါ၌။

ဘဂဝါ = မြတ်စွာဘုရားရှင်သည်။

ဗောဓိရုက္ခမူလေ = ဗောဓိပင်ရင်း၌။ သတ္တာဟံ = ခုနစ်ရက်ပတ် လုံး။

ဝိမုတ္တိသုခ

ပဋိသံဝေဒီ = အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက်။

ဧကပလ္လင်္ကေန = တစ်ကြိမ်တည်း ထက်ဝယ်ဖွဲ့(တင်ပလ္လင်)ခွေ ထိုင်နေတော်မူခြင်းဖြင့်။

နိသီဒိ = သီတင်းသုံး ထိုင်နေတော်မူလေပြီ။

အထ ခေါ = မာရ်နတ်သားကို အောင်မြင်တော်မူ၍ ဘုရား ဖြစ်တော်မူပြီးရာ ထိုအခါ၌။

ဘဂဝါ = မြတ်စွာဘုရားသည်။

တဿာရတ္တိယာ = မဟာသက္ကရာဇ် ၁၀၃-ခု၊ ထိုကဆုန်လပြည့် နေ့ ညဥ့်၏။

ပဌမံယာမံ = ပဌမ( ညဥ့်ဦး )ယာမ် ကာလပတ်လုံး။

ပဋိစ္စသမုပ္ပါဒံ = ပဋိစ္စသမုပ္ပါဒ်(အကြောင်း၊အကျိုး နှစ်ရပ် ရှေ့နောက် ဆက်စပ်လျက် ဖြစ်ပေါ်နေသော) တရားတော်ကို။

အနုလောမ

ပဋိလောမံ = အနုလုံ၊ ပဋိလုံ (အစုန်အဆန်)။

သာဓုကံ = ကောင်းမွန်စွာ။

မနသာ ကာသိ = နှလုံးသွင်း ဆင်ခြင်တော်မူပြီ။

## ပဋိစ္စသမုပ္ပါဒ အနုလောမပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ
ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ
ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ
ဇာတိပစ္စယာ ဇရာ မရဏံ၊
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ။
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော
ဟောတိ။

(ဥဒါန၊၇၇။)

## ပဋိစ္စသမုပ္ပါဒ ပဋိလောမပါဠိ

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရ နိရော-
ဓော သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊
ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတန နိရောဓော
သဠာယတနနိရောဓာ ဖဿနိရောဓော
ဖဿနိရောဓာ ဝေဒနာနိရောဓော၊

ဝေဒနာနိရောဓာ တဏှာနိရောဓော၊
တဏှာနိရောဓာ ဥပါဒါနနိရောဓော
ဥပါဒါနနိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊
ဇာတိနိရောဓာ ဇရာ မရဏံ၊
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော
ဟောတိ။ (ဝိ၊၃။၁။ ဥဒါန၊၇၈။)

ပဋိစ္စသမုပ္ပါဒ အနုလောမ (အနက်-မြန်မာပြန် )

အဝိဇ္ဇာပစ္စယာ = အဝိဇ္ဇာဟူသောအကြောင်းကြောင့်။

အဝိဇ္ဇာပစ္စယာ = မသိသင့်ရာ သိသာတကြောင်း သိကောင်းစရာ မသိပါ၍ ပမာသူကန်း လမ်းသွားမမှန် အသိဉာဏ်ကင်းမှု အကြောင်းပြုသည် ဖြစ်၍။

အဝိဇ္ဇာပစ္စယာ = အမှန်လေးချက် သဘောနက်ကို ဖုံး၀ှက်ကွယ်ကာ အဝိဇ္ဇာဟု မဟာတမ မှောင်ကြီးကျလျက် ဘဝမြုံသိုက် ရှိန်ရှိန်ဆိုက်သား အမှိုက်မီးဇာ ဤခန္ဓာကို တွယ်တာသမှု အကြောင်းပြုသည်ဖြစ်၍။

သခ်ီရာ = ပစ္စုပ္ပန်မှု သံသရာမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သခ်ီရအမှုတို့သည်။

သခ်ီရာ = အကုသလ ဓမ္မညစ်ဆိုး အပြစ်မျိုးကို ကြိုးကြိုး ပမ်းပမ်း နေ့စဉ်ထမ်းလျှက် ပယ်လမ်း ဗီဇ အပုညနှင့် ဘဝနောင်ခါ သံသရာဝယ် လူ့ရွာ နတ်ငြိမ်း စည်းစိမ်သွမ်းကို ချမ်းသာ အတိ အထင်ငြိလျက် ဂတိနောင်ကို ကောင်းစေလိုဟု ကုသိုလ်အရိုး အမျိုးမျိုးကို ကြိုးကြိုးစားစား ပြုတုံငြားက ဆယ်ပါးပုည အာနေ့ဌှ ဟု ဘဝရင်းနှီး အသီးသီးတို့သည်။

သမ္ဘဝန္တိ = တစ်ပါးနှစ်ပါး တစ်ဆယ့်ငါးဟု အပြားသုံးသွယ် ကျေးဇူးကြွယ်၍ ပြန့်ကျယ်ဖြစ်ပွါးလေကုန်၏။

သခ်ီရပစ္စယာ = ပစ္စုပ္ပန်မှု သံသရာမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သခ်ီရတရား ထင်ရှားရှိနေခြင်းကြောင့်။

သခ်ီရပစ္စယာ = ဝဋ်ခြင်းဝဋ်နွယ် ရှည်ကြောင်းရွယ်၍ ဆယ်ဖြာပုည အပုညတို့ ဘဝရင်းနှီး ပွါးစည်းခြင်းဟူသော အကြောင်းကြောင့်။

ဝိညာဏံ = ဘဝသစ်တွင် ဝိညာဉ်အသစ် ဖြစ်ပေါ်မှုသည်။

ဝိညာဏံ = လေးပါးပါယ်ရှာ အဖြာဖြာနှင့် ဖြဟ္မာ,လူနတ် ဘုံသုံးရပ်ဝယ် ဓာတ်ပဓာန ပြဓာန်းလှသော ဒွါရသခင် ခြောက်ဝိညာဉ်သည်။

သမ္ဘဝတိ = အကြောင်းညီစွာ ဖြစ်ပေါ်လာ၏။

ဝိညာဏပစ္စယာ = ဝိညာဉ်အသစ် ဖြစ်လာပေါ်မှု အကြောင်းပြု၍။

နာမရူပံ = မီးတွင်ရှိန်ဝါ ထက်ကြပ်ပါသို့ မကွာတူကွ ဖြစ်ပေါ်ကြသား ဖဿ,ဝေဒနာ စေတနာနှင့် သညာ, ဝိတက် ရောင်စုံယှက်သည် အမျက်ကြောင်ဝယ် ကြိုးစုံချယ်သို့ ဆန်းကြယ်စွာလှ နာမ်ကာယနှင့် ဘူတဟူပေ မြေ,ရေ,လေ,မီး ဓာတ်ကြီးလေးတန် အမာခံနှင့် အရံရုပ်သေး နှစ်ဆယ့်လေးတို့ ပေါင်းထွေးညီမျှ ရုပ်ကာယဟု နာမရူပ ဓမ္မအပြား အစားစားသည်။

သမ္ဘဝတိ = ထင်ရှားစုံစွာ ဖြစ်ပေါ်လာ၏။

နာမရူပပစ္စယာ = နာမ်ရုပ်အစု ဖြစ်ပွါးမှုကြောင့်။ ဝါ= ထင်ရှားစေစုံ အဖုံဖုံလျှင် တည်တံ့နာမ်ရုပ် ကိုယ်သမုတ်သား အထုပ်အထယ် ကြီးငယ်ကာယ ပေါ်လာကြသည်ဖြစ်၍။

သင္ဍာယတနံ = ဖ-ပါးသော အာယတနသည်။

သင္ဍာယတနံ = ဒွါရတွင်မည် ဖိတ်ဖိတ်မည်လျက် အကြည်ခြောက်မျိုး အရိုးအစဥ် အမြင်စက္ခု ကြားမှု သောတ ဃာနအနံ့ လျက်ရန်ဇိဝှာ ကာယာ တွေ့ထိ အသိမနော မရောမယှက် တလက်လက်လျှင် အမျက်စိန်ရည် အကြည်ခြောက်ပါး ခြောက်တံခါးသည်။

သမ္ဘဝတိ = အကြောင်းဆုံသင့် အခွင့်ကြုံခါ ဖြစ်ပေါ်လာ၏။

သင္ဍာယတနပစ္စယာ = ဒွါရခြောက်မည် အကြည်ခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်။

ဖဿော = အာရုံဝတ္ထု ဝိညာဉ်စုတို့ ပေါင်းမှုတွေ့မှု ဆုံဆည်းမှုသည်။

ဖဿော = ခြောက်မည်အာရုံ အလုံးစုံတို့ ပုံသဏ္ဌာန်ရိပ်နိမိတ်အသွင် ကိုယ်လုံးထင်လျက် ဝိညာဉ်ခြောက်ဆင့် ဖွားဖွားပွင့်၍ နှိုင်းသင့်တူမျှ ပမာပြလျှင် သိကြားစက်ရှိန် လက်လက်ထိန်သား ဝရဇိန်အသွား ရှပ်ရှပ်ဝါးသို့ ခြောက်ပါးစေ့စေ့ အတွေ့ဖဿ တရှရှသည်။

သမ္ဘဝတိ = တခမ်းတခမ်း ကိုယ်လုံးလွှမ်း၍ တဖြန်းဖြန်း ဖြစ်ပေါ်လာ၏။

ဖဿပစ္စယာ = ဖဿခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်။

ဖဿပစ္စယာ = ဖဿခြောက်မည် သူ့စွမ်းရည်ဖြင့် ကြိတ်နည်သောအား စက်ရှိန်ဝါး၍ ခြောက်ပါးအာရုံ မြေ့မြေ့တုံလျက် ခြောက်စုံရသ အနိဋ္ဌနှင့် ဣဋ္ဌဟူသည် အရည်မီးမီး ယိုထွက်စီးခြင်းဟူသော အကြောင်းကြောင့်။

ဝေဒနာ = အာရုံဆိုင်ရာ ရသာအစ ပိုင်းခြားပြ၍ ခံမှုစံမှု ခံစားမှုသည်။

ဝေဒနာ = သုဘ,သုဘာသာ,မသာနှင့် ထွေလာများတောင်း ကောင်း, မကောင်းတို့ ထောင်းထောင်းငေါ်ငေါ် သိထင်ပေါ်က ကောင်းသော် စိတ်ဝမ်း ဖိတ်ဖိတ်လျှမ်း၍ ရွှင်လန်းနှလုံး စွင့်စွင့်ပြုံး၏ မုန်းဘွယ်တွေ့က ခြောက်သွေ့နွမ်းညှိုး နှလုံးဆိုး၍ အခိုးလူလူ ပွက်ပွက်ဆူမျှ ပူပူပင်ပင် မရွှင်မလန်း စိတ်ကုန်ခမ်းကြောင်း ခံစားမှုအပေါင်းသည်။

သမ္ဘဝတိ = အရည်းသူမြတ် ပရမတ်ကို ချန်လှန်ပယ်ထား အများလောက ဖြစ်ပေါ်ကြ၏။

ဝေဒနာပစ္စယာ = ဝေဒနာခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်။

တဏှာ = ဝတ္ထုအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ သာယာ တပ်မက်သော တဏှာခြောက်ခု ဆာလောင်မှု သဘောသည်။

တဏှာ = ကာမဝတ္ထု အစုအပုံ ခြောက်အာရုံ၌ ခုံတမင်မင် ခင်တများများ နေ့စဉ်ပွါးလျက် တရားမှတ်ချက် သဘောနက်ကို အိမ်မက်တွင်မျှ မမြင်ကြပဲ ကာမထောင်တွင်း နှောင်ကာသွင်းသော ခြောက်သင်းတဏှာ မှောင်ကြီးစွာသည်။

သမ္ဘဝတိ = အာရုံကာလ သန္တာနဖြင့် တရာ့ရှစ်လီ ပွါး၍စည်၏။

တဏှာပစ္စယာ = တဏှာဟူသောအကြောင်းကြောင့်။

ဥပါဒါနံ = ခန္ဓာကာယ အဇ္ဈတ္တနှင့် ကာမအာရုံ အလုံးစုံကို အကုန်နီးရင်း အစွဲပြင်းလျက် အသင်းပွါးများ သားမယားက စသည်ဖြာဖြာ မဆုံးရာသော ကာမဝတ္ထု စွဲလမ်းပြုသည့် ကာမုပါဒါန်-

တဖန်ထို့ပြင် မိစ္ဆာညာဉ်ဖြင့် အမြင်ယွင်း ဖောက် အယူမှောက်သည် ခြောက်ဆယ့် နှစ်ပါး ပြားသည်ဒိဋ္ဌိ၊ တစိထိုမှ ဂေါသီလ ကို ဝဋ်မှထုတ်တတ် စွဲထင်မှတ်သော သီလဗ္ဗတုပါဒါန် -

ခန္ဓာငါးပါး တရားအစု ဇာတ်အနုကို ကိုယ်ဟုစွဲကပ် အမြဲမှတ်သော အတ္တဝါဒု ပါဒါန် အထန်အပြင်း စွဲလမ်းခြင်းလေး မျိုးသည်။

သမ္ဘဝတိ = ဝဋ်ခင်းဝဋ်နယ် ဝဋ်ပင်လယ်မှ လွတ်ဖွယ် မအား ထင်ရှားဖြစ်ပေါ်လာ၏။

ဥပါဒါနပစ္စယာ = ဥပါဒါန်အစွဲမှား ထင်ရှားရှိနေခြင်းကြောင့်။

ဘဝေါ = လောကသံသရာ နှစ်ဖြာစီးပွါး ကံတရားနှင့် ဆင့်ပွါး အကျိုးဝိပါက်မျိုးသည်။

ဘဝေါ = ခန္ဓာဓမ္မ ကိုယ်ကာယဦ အတ္တအစွဲ မြဲကြီး မြဲ၍ ရဲရဲရက်ရက် ကိုယ်အတွက်ကြောင့် သက်သတ်ခိုးမှု စသည်ပြု၍ အကုသလ ကာမဆယ်တန် မကောင်းကံနှင့် တဖန် နောက်နှောင်း ငါလျှင်ကောင်းစိမ့် အကြောင်းရည်ရော် အရှည်မြော်လျက် သူတော်ဓလေ့ ရသေ့ရဟန်း လှူဒါန်းဝေ

ပဋ္ဌာန်နှင့် အဌအင်္ဂါ ဒသင်္ဂါမှ လေးလီ ဖြပ္ပ
ဝိပဟာရရှာန် ဆယ်တန်ကသိုဏ်း အလှိုင်း
များစွာ ဘာဝနာဟု ဆယ်ဖြာပုည လုံ့လ
ကြိုးစား ကောင်းကျိုးပွါး၏ နှစ်ပါးကုသိုလ်
အကုသိုလ်ဟု ထိုထိုဘဝ ဖြစ်သမျှဒ္ဓ ဗီဇ
ပြည့်ဖြိုး အမျိုးမျိုးသည်။

သမ္ဘဝတိ = အစဉ်မပျက် ဆက်ကာဆက်ကာ ဖြစ်ပေါ်
လာ၏။

ဘဝပစ္စယာ = ပစ္စုပ်ဘ်သာ နှစ်ဖြာစီးပွါး ကံတရားတို့
ထင်ရှား ရှိနေခြင်းကြောင့်။

ဇာတိ = ပဋိသန္ဓေ တနေနေဖြင့် သဗ္ဗေသတ္တာ
သတ္တဝါတို့ ဖြစ်ရာဘဝ အဝဝဒ္ဓ ဇကေတု
ငါးခုခန္ဓာ အဖြာဖြာလျှင် ဓမ္မတာစစ်
ဟောင်းသစ်ထပ်လဲ ဖြစ်မြဲဇာတိ သန္ဓေငြိ
လျက် တြိဘုံပြင် နယ်တစ်ခွင်ဝယ် အစဉ်
ပြည့်ပွါး မာမားမတ်မတ် ဇာတ်အမျိုးစုံ
ဂုဏ်သိရ်နိမ့်မြင့် အကျင့်ဆိုးကောင်း
သောင်းပြောင်းထွေလာ နာနာကာယ ဘဝ
အသစ် အပြန်ပြန်ဖြစ်ရခြင်းသည်။

သမ္ဘဝတိ = ကံအားလျော်စွာ ပေါ်ပေါက်လာ၏။

ဓာတိပစ္စယာ = ပဋိသန္ဓေ နေမှုတရား ထင်ရှားရှိနေခြင်းကြောင့်။

ဇရာမရဏံ = အိုမှု၊ ရင့်မှု သေဆုံးမှုသည်လည်းကောင်း။

ဇရာမရဏံ = သန္ဓေစချိ ချိန်နာရီမှ အလီစဉ်သင့် အဆင့်ဆင့်လျှင် ရင့်မြဲရော်မြဲ တသဲသဲက မစဲနေ့ည တရွရွလျှင် ခဏသန္တတိ အင်္ဂဇရာ နှစ်ဖြာလောင်မီး ရှိန်ရှိန်ငြီး၍ ဖိစီးနှိပ်နယ် အရွယ်ခြားနား အစားစားလျှင် ဆိုးရွားအိုမင်း ဆွေးရိခြင်းနှင့် သေခြင်းလေးသွယ် အန္တရာယ်တို့ နှီးနွယ်စည်းရုံး တလုံးတည်းဖြင့် ကြီးကြီးငယ်ငယ် အရွယ်မထောက် အချိန်ရောက်က ချုပ်ပျောက်ပျက်ကြွေ သေရခြင်းသည်လည်းကောင်း။

သမ္ဘဝန္တိ = ကြုံရဆုံရ ဘုံဘဝ၌ စုံလှလေကုန်၏။

ဇဝံ = သို့စဉ်သို့စဉ် အကြောင်းငင်၍ အစဉ်မပျက် ကျေးဇူးဆက်သောကြောင့်။

တေသံ ကေဝလသံ

ဒုက္ခက္ခန္ဓသ = သူငါကစ ဖြစ်သမျှကား သတ္တမဟုတ် ဓါတ်မှန်ထုတ်သော် နာမ်ရုပ်နှစ်သင်း ပေါင်းစုခြင်း၏ မူရင်းအဝိဇ္ဇာ ခက်ကိုင်းဖြာ၍ ဇရာမရဏ အဆုံးကျသော ဓမ္မအပြား ဆယ့်နှစ်ပါးကို ဤကားလူပင် ဤပင်နတ်ဘဲ အထင်လွဲလျက် တဝဲလည်လည် ဝဋ်နွယ်စည်၍ ရှည်လေသမျှ အနန္တဒွိ သုခဟူသည် မြူမျှမကွက် အခံခက်သော သက်သက်ဒုက္ခ ဆင်းရဲခြင်းအစုမျှ၏။

သမုဒယော = ဘဝလက်ကိုင် ပိုင်နေသမျှ မိုဃ်းပေါ်ကျသို့ တကွတိုက်ဆိုက် ကြုံကြိုက်လာရခြင်းသည်။

ဟောတိ = လောကမျက်မြင် ထုံးအစဉ်ဖြင့် ပေါ်လွင်ထင်ရှားတော့ သည်သာတည်း။

(ရတနသိဒ္ဓိ)

## ပဋိစ္စသမုပ္ပါဒ ပဋိလောမ( အနက်–မြန်မာပြန် )

| | |
|---|---|
| အဝိဇ္ဇာယတွေဝ | = အဝိဇ္ဇာ၏သာလျှင်။ |
| အဝိဇ္ဇာယတွေဝ | = မသိသင့်ရာ သိသာတကြောင်း သိကောင်းစရာ မသိပါ၍ ပမာသူကန်း လမ်းသွားမမှန် အသိဉာဏ်ကင်းမှု မှောင်အထု၏သာလျှင်။ |
| အဝိဇ္ဇာယတွေဝ | = အမှန်လေးချက် သစ္စာနက်ကို ဖုံးဝှက်ကွယ်ကာ မဟာတမ မှောင်ကြီးကျလျက် ဘဝမြုံသိုက် ရှိန်ရှိန်ဆိုက်သား အမိုက်မီးဇာ ဤခန္ဓာကို တွယ်တာစေကြောင်း မသိမှုအပေါင်း၏သာလျှင်။ |

အသေသ ဝိရာဂ

| | |
|---|---|
| နိရောဓာ | = ဝိရာဂအမည်ခံ ဝိဇ္ဇာဉာဏ်အလင်းပေါက်၍ အကြွင်းမဲ့ ချုပ်ပျောက်ခြင်းဟူသော အကြောင်းကြောင့်။ |
| သင်္ခါရနိရောဓော | = အကုသိုလ်ကံ ကုသိုလ်ကံဟု အမှန်ဆိုရ သင်္ခါရတို့၏ ဘဝအသစ် ဖြစ်စေအံ့ငှါ အရာရာ၌ သမ္မာမရှိ သတ္တိမကိန်း အကြွင်းမဲ့ ကုန်ငြိမ်းခြင်းသည်။ |

ဟောတိ = စင်စစ်မသွေ ဖြစ်လေတော့၏။

သခ်ီါရုန္နိရောဓာ = ပုညာပုည အာနေဉ္စဟု သင်္ခါရမျိုး တန်ခိုး မရှိ သတ္တိမရောက် အကြွင်းမဲ့ချုပ် ပျောက်ခြင်းဟူသော အကြောင်းကြောင့်။

ဝိညာဏနိရောဓာ= လေးပါးပါယ်ရွာ အဖြာဖြာနှင့် ဗြဟ္မာ,လူ, နတ် ဘုံသုံးရပ်ဝယ် ဓာတ်ပဓာန ပြဓာန်းလှသော ဒွါရသခင် ခြောက်ဝိညာဉ်၏ အစဉ်ကင်းပျောက် မပေါ်ပေါက်ခြင်းသည်။

ဟောတိ = စင်စစ်မသွေ ထင်ရှားလေ၏။

ဝိညာဏနိရောဓာ = ခြောက်ပါးဝိညာဉ် အစဉ်ကင်းပျောက် မပေါ်ပေါက်ခြင်းဟူသော အကြောင်းကြောင့်။

နာမရူပနိရောဓော = မီးတွင်ရှိန်ဝါ ထပ်ကြပ်ပါသို့ မဂ္ဂါတူကွ ဖြစ်ပေါ်ကြသား ဖဿဝေဒနာ စေတနာနှင့် သညာဝိတက် ရောင်စုံယှက်သည် အမျက်ကြောင်ဝယ် ကြိုးစုံချယ်သို့ ဆန်းကြယ် စွာလှ နာမ်ကာယနှင့် ဘူတဟူပေ ရေ, မြေ, လေ,မီး ဓာတ်ကြီးလေးတန် အမာခံနှင့် အရံရုပ်သေး နှစ်ဆယ့်လေးတို့ ပေါင်းထွေးညီမျှ ရုပ်ကာယဟု နာမရူပ ဓမ္မ အပြား အစားစားတို့ မပွါးမပေါက် ကင်းပျောက်ချုပ်ငြိမ်းခြင်းသည်။

ဟောတိ = ဉာဏ်ရှေ့မှောက်တွင် ပေါ်လွင်ထင်ရှား လာလေ၏။

နာမရူပနိရောဓော = နာမ်တရား ရုပ်တရား အစားစားတို့ မပွါးမပေါက် ကင်းပျောက်ချုပ်ငြိမ်းခြင်းကြောင့်။

သဠာယတန

နိရောဓော = စက္ခု သောတ၊ ဃာန ဇိဝှာ၊ ကာယ မနော၊ ဝဋ္ဋရှည်မြောအောင် ကျယ်ပြန့်အောင်လျှင် ဆောင်ပေတတ်စွာ ရတနာအနဂ် အမျက်စိန်ရည် အကြည်ခြောက်ပါး ခြောက်တံခါး၏ မပွါးမပေါက် ကင်းပျောက် ချုပ်ငြိမ်းခြင်းသည်။

ဟောတိ = ဉာဏ်ဖြင့်မြော်မြင် ပေါ်လွင်ထင်ရှားလာလေ၏။

သဠာယတနနိရောဓာ= စက်, သော, ဃာ, ဇိ တလည်ကာယ မနတဖြာ အာယတနခြောက်ပါး ခြောက်တံခါတို့ ပျောက်သွားချုပ်ငြိမ်းလေခြင်းကြောင့်။

ဖဿနိရောဓော = အာရုံဝတ္ထု ဝိညာဉ်စုတို့ ပေါင်းမှုဆုံမှု အကြောင်းပြု၍ ခြောက်ခုဖဿ ရိုးရှုရှတို့၏ တစမကြွင်း ချုပ်ငြိမ်းခြင်းသည်။

| | |
|---|---|
| ဟောတိ | = စင်စစ်မသွေ ဖြစ်ရလေ၏။ |
| ဖဿနိရောဓာ | = အာရုံဝတ္ထု ဝိညာဉ်စုတို့ ပေါင်းမှုဆုံမှု အကြောင်းပြု၍ ခြောက်ခုဖဿ ရိုးရှင်ရှင်တို့၏ တစမကြွင်း ချုပ်ငြိမ်းခြင်းကြောင့်။ |
| ဝေဒနာနိရောဓော | = ရူပ,သဒ္ဒ စသည်ခြောက်ဖြာ ရသာအစု မြိန်ရှက်မှုနှင့် စိတ်ခုမျက်မာန် တဖန်လစ် လျူ အဆူဆူလျှင် ခံယူမပျက် ခံစားချက် အားလုံးတို့၏ ကုန်ဆုံးချုပ်ပျောက်ခြင်း သည်။ |
| ဟောတိ | = ဉာဏ်ရှေ့မျှောက်တွင် ပေါ်လွင်ထင်ရှားလာ လေ၏။ |
| ဝေဒနာနိရောဓာ | = "စက္ခုသမ္ဖဿဇာ ဝေဒနာ"ဟု ဦးစွာအစ ဟောညွှန်ပြသည် ခြောက်ဝရေတွက် ခံစား ချက်အားလုံး ကုန်ဆုံးကင်းပျောက် လေ ခြင်းကြောင့်။ |
| တဏှာနိရောဓော | = ဝတ္ထုအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ လွန်သာယာသော တဏှာခြောက်သွယ် ပျောက်ကွယ်ချုပ် ငြိမ်းခြင်းသည်။ |
| ဟောတိ | = ဉာဏ်၏ရှေ့မှောက် ပေါ်ပေါက်ထင်ရှား လာလေ၏။ |

**တဏှာနိရောဓ** = ကာမဝတ္ထု အစုအပုံ ခြောက်အာရုံကို ခံ့တမင်မင် ခင်တများများ နေ့စဉ်ပွါးလျက် တရားမှတ်ချက် သဘောနက်ကို အိမ်မက်တွင်မျှ မမြင်ကြပဲ ကာမထောင်တွင်း နှောင်ကာသွင်းသော ခြောက်သင်းတဏှာ မှောင်ကြီးစွာတို့၏ ကင်းကွာပျောက်ငြိမ်းခြင်းဟူသော အကြောင်းကြောင့်။

**ဥပါဒါနနိရောဓော** = ခန္ဓာကာယ အဇ္ဈတ္တနှင့် ကာမအာရုံ အလုံးစုံကို အကုန်နှီးရင်း အစွဲပြင်းလျက် အသင်းပွါးများ သားမယားက စသည်ဖြာဖြာ မဆုံးရာသော ကာမဝတ္ထု စွဲလမ်းပြုသည့် ကာမုပါဒါန်-

တဖန်ထို့ပြင် မိစ္ဆာညာဉ်ဖြင့် အမြင်ယွင်းဖောက် အယူမှောက်သည် ခြောက်ဆယ့်နှစ်ပါး ပြားသည်ဒိဋ္ဌိ တစ်ထိုမှ ဂေါသီလကို ဝင့်မှုထုတ်တတ် စွဲထင်မှတ်သော သီလဗ္ဗတုပါဒါန်-

ခန္ဓာငါးပါး တရားအစု ဓာတ်အနုကို ကိုယ်ဟုစွဲကပ် အမြဲမှတ်သော အတ္တဝါဒုပါဒါန် အထန်အပြင်း စွဲလမ်းခြင်းလေးမျိုးတို့၏ တန်ခိုးမထက် ကျိုးပျက်ပျောက်ငြိမ်းခြင်းသည်။

ဟောတိ = ဉာဏ်၏ရှေ့မှောက် ပေါ်ပေါက်ထင်ရှားလာလေ၏။

ဥပါဒါနနိရောဓာ = ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် အထန်အပြင်း စွဲလမ်းခြင်းလေးမျိုးတို့၏ တန်ခိုးမထွက် အစွမ်းပျက်ခြင်းဟူသော အကြောင်းကြောင့်။

ဘဝနိရောဓော = ခန္ဓာဝမ္မ ကိုယ်ကာယ၌ အတ္တအစွဲ မြဲကြီးမြဲ၍ ရဲရဲရက်ရက် ကိုယ်အတွက်ကြောင့် သက်သတ်ခိုးမှု စသည်ပြု၍ အကုသလ ကာမဆယ်တန် မကောင်းကံနှင့် တဖန်နောက်နှောင်း ငါလျှင်ကောင်းစိမ့် အကြောင်းရည်ရော် အရှည်မြော်လျက် သူတော်ဝလေ့ ရသေ့ရဟန်း လှူဒါန်းဝေငှ ပဉ္စင်္ဂနှင့် အဋ္ဌင်္ဂီ ဒသင်္ဂီမှ လေးလီဗြဟ္မ ဝိဟာရစျာန် ဆယ်တန်ကသိုဏ်း အလှိုင်းများစွာ ဘာဝနာဟု ဆယ်ဖြာပုည လုံ့လကြိုးစား ကောင်းကျိုးပွါး၏ နှစ်ပါးကုသိုလ် အကုသိုလ်ဟု ထိုထိုဘဝ ဖြစ်သမျှ၌ ဘဝပြည့်ဖြိုး အမျိုးမျိုး၏ လွှမ်းမိုးမရောက် ချုပ်ပျောက်ပျက်စီးခြင်းသည်။

ဟောတိ = ဉာဏ်၌ထင်ထင် ပေါ်လွင်သိသာလှပေ၏။

ဘဝနိရောဓာ = ပစ္စုပ်ပ်သံသာ နှစ်ဖြာစီးပွါး ကံတရားတို့ ပျက်ပြား ချုပ်ကွယ်လေခြင်းကြောင့်။

ဇာတိနိရောဓော = ပဋိသန္ဓေ တနေနေဖြင့် သဗ္ဗေသတ္တာ သတ္တဝါတို့ ဖြစ်ရာဘဝ အဝဝ၌ ဇေစတု ငါးခုခန္ဓာ အဖြာဖြာလျှင် ဓမ္မတာစစ် ဟောင်းသစ်ထပ်လဲ ပေါ်မြဲဇာတိ သန္ဓေငြိနှင့် တြိဘုံပြင် နယ်တစ်ခွင်ဝယ် အစဉ် ပြည့်ပွါး မာမားမတ်မတ် ဇာတ်အဖုံဖုံ ဂုဏ်သိရ်နိမ့်မြင့် အကျင့်ဆိုးကောင်း သောင်း ပြောင်းထွေလာ နာနာကာယ ဘဝ လက်သစ် အဖြစ်ခပ်သိမ်း ချုပ်ငြိမ်းကွယ် ပျောက်ခြင်းသည်။

ဟောတိ = ဉာဏ်အစဉ်ဝယ် ပေါ်လွင်ထင်ရှား လာလေ၏။

ဇာတိနိရောဓာ = ဇာတ်အဖုံဖုံ အမျိုးစုံဖြင့် ဂုဏ်သိရ်နိမ့်မြင့် အကျင့်ဆိုးကောင်း သောင်းပြောင်းထွေလာ နာနာကာယ ဘဝအသစ် အဖြစ်ခပ်သိမ်း ချုပ် ငြိမ်းကွယ်ပျောက်ခြင်းဟူသော အကြောင်းကြောင့်။

ဇရာမရဏံ = သန္ဓေစချိ ချိန်နှာရီမှ အလီစဉ်သင့် အဆင့်ဆင့် လျှင် ရင့်မြဲရော်မြဲ တသဲသဲက မစဲနေ့ည တရွရွလျှင် ခဏသန္တတိ အဂ္ဂိဇရာ နှစ်ဖြာ လောင်မီး ရှိန်ရှိန်ငြီး၍ ဖိစီးနှိပ်နယ် အရွယ်ခြား နား အစားစားလျှင် ဆိုးရွားအိုမင်း ဆွေးရိခြင်း နှင့် သေခြင်းလေးသွယ် အန္တရာယ်တို့ နှီးနွယ် စည်းရုံး တလုံးတည်းဖြင့် ကြီးကြီးငယ်ငယ် အရွယ်မထောက် အချိန်ရောက်က ချုပ်ပျောက် ပျက်ကြွေ သေရခြင်းသည်လည်းကောင်း။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ =

ဉာတိဘောဂ စသည်သင်းပင်း ကွေကွင်းခြင်း နှင့် မကောင်းစသာ ကြုံကြိုက်လာ၍ ပူဆာသော က ယူတငိုကြွေး သက်မွေးဝန်ထမ်း ပူချမ်းဒုက္ခ အနိဋ္ဌကြောင့် စိတ်ကမကြည် မဆည်ငင်ရှိုက် အလှိုက်အလှဲ ဆင်းရဲငါးပါး အကျဉ်းထား၍ ကျယ်ပွါးသမျှ ဆင်းရဲခြင်း အနန္တတို့သည် လည်းကောင်း။

နိရုဇ္ဈန္တိ = အကြောင်းရင်းစစ် ဝဋ္ဋမြစ်အဝိဇ္ဇာ ကွာသည် ခဏ ချိန်ခါမှလျှင် တစမကြွင်း ကျူတောရှင်း သို့ ပျောက်ကင်းကွယ်ချုပ်လေကုန်၏။

ဧဝံ = သို့စဉ်သို့စဉ် အကြောင်းငင်၍ အစဉ်မပျက် ကျေးဇူးဆက်သောကြောင့်။

တေသ ကေဝလဿ ဒုက္ခက္ခန္ဓဿ =

သူငါကစ ဖြစ်သမျှကား သတ္တမဟုတ် ခတ်မှန်ထုတ်သော် နာမ်ရုပ်နှစ်သင်း ပေါင်းစုခြင်း၏ မူရင်းအဝိဇ္ဇာ ခက်ကိုင်းဖြာ၍ ဇရာမရဏ အဆုံးကျသော ဓမ္မအပြား ဆယ့်နှစ်ပါးကို ဤကားလူပင် ဤပင်နတ်ဘဲ အထင်လွဲလျက် တဝဲလည်လည် ဝဋ်နွယ်စည်၍ ရှည်လေသမျှ အနန္တဒ္ဓ သုခဟူသည် မြူမျှမကွက် အခံခက်သော သက်သက်ဒုက္ခ ဆင်းရဲခြင်း အစုမျှ၏။

နိရောဓော = နောင်ခါတဖန် တရုံတဆစ် အသစ်ပေါ်မှု ဖြစ်မှုအားလုံး ကုန်ဆုံးချုပ်ငြိမ်း ရုပ်သိမ်းကွယ်ပျောက်ခြင်းသည်။

ဟောတိ = ဉာဏ်ပစ္စဝက် ဇာကွန်ယက်၌ ကွက်ကွက်ကွင်းကွင်း ထင်လင်းပေါ်ပေါက်လာလေသတည်း။

(ရတနသိဒ္ဓိ)

အထ ခေါ ဘဂဝါ ဝေမတ္တံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ။

(ဝိ၊၃။၂။)

အထ ခေါ = ပဋိစ္စသမုပ္ပါဒ အနုလောမ ပဋိလောမကို နှလုံးသို့တင် ဆင်ခြင်တော်မူပြီးရာ ထိုအခါ၌။

ဘဂဝါ = မြတ်စွာဘုရားသည်။

ဝေမတ္တံ = အနုလောမ, ပဋိလောမ ဤပဋိစ္စသမုပ္ပါဒနှင့် စပ်သော အနက်အဓိပ္ပါယ်ကို။

ဝိဒိတွာ = အကုန်အစင် သိမြင်တော်မူပြီးသည်ဖြစ်၍။

တာယံ ဝေလာယံ= အနုလောမ, ပဋိလောမ ပဋိစ္စသမုပ္ပါဒကို သိတော်မူပြီးရာ ထိုအခါ၌။

ဣမံ ဥဒါနံ = ပိတ်၍မလှုံ မြုံ၍မရ ဗလဝပီတိကြောင့် ဖြစ်ပေါ်လာသော ဤဥဒါန်းစကားကို။

ဥဒါနေသိ = ရွှင်ရွှင်မြူးမြူး ကျူးရင့်တော်မူပြီ။

## ဝစသာဥဒါန်း(ပထမ)ဂါထာ ပါဠိတော်

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။ (ဥဒါန၊၇၈။)

## ဝစသာဥဒါန်း(ပထမ)ဂါထာ အနက်-မြန်မာပြန်

အာတာပိနော = တထောင်ငါးရာ ကိလေသာတို့ကို လွန်စွာ နှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန်လုံ့လ ဝီရိယလည်း ရှိပေထသော။

ဈာယတော = အာနာပါန စသည့်ဖုံဖုံ သမထအာရုံနှင့် အစုံသော ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ,ဒုက္ခ, အနတ္တ ခြင်းရာလက္ခဏာကို အပွနာခိုက် ဈာန်,မဂ် ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ပေထသော။ (ဝါ) ရှုအားသန် သောကြောင့်။

ဗြာဟ္မဏဿ = မကောင်းမှုဟူသမျှကို အပပြုပြီးသော ရဟန္တာ သခင် အရှင်မြတ်၏သန္တာန်၌။

ယဒါ = အကြင်အခါ၌။

မမ္မာ = ဗောဓိပက္ခိယတရား သုံးဆယ့်ခုနှစ်ပါးတို့သည်။

ဟဝေ = စင်စစ်။

ပါတုဘဝန္တိ = ဥပါဒ်ထင်ရှား ဖြစ်ပွားကုန်၏။

ယတော = ယင်းသို့ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနှစ် ပါးတို့ ထင်းရှားဖြစ်ပေါ်ခြင်းကြောင့်။

သဟေတုမမ္မံ = အဝိဇ္ဇာအစရှိသော အကြောင်းတရားနှင့်တကွ သင်္ခါရ အစရှိသောအကျိုးတရားထု ဒုက္ခအစုကို။

ပဇာနာတိ = ပိုင်းခြားထင်ထင် သိမြင်လေ၏။

အထ = ထိုသို့ပဋိစ္စခာတ် သမုပ္ပါဒ်ကို အတပ်ထင်ထင် လင်းလင်းမြင်သောအခါ၌။

သဗ္ဗာ = တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။

ကင်္ခါ = ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်း၊ ထိုပဋိစ္စ သမုပ္ပါဒ် တရားတို့ကို မသိမြင်ခြင်းကြောင့် ကာလသုံးပါးဝယ် ဖြစ်ပွါးသည့် ရုပ်နာမ် တရားတို့၌ ယုံမှားခြင်းတရား တဆယ့်ခြောက်ပါး တို့သည်။

ဝပယန္တိ-

ဝိအပယန္တိ = နေလျှံရှိန်ကျောက် ဆီးနှင်းပေါက်သို့ကင်းပျောက် ချုပ်ငြိမ်းကြကုန်၏။

(မဟာဗုဒ္ဓဝင်၊၂။၃၅၇-၈။)

## ဝစသာဥဒါန်း(ပထမ)ဂါထာ (အနက်-မြန်မာပြန်)

ယဒါ = ထိုထိုဤဤ ချိန်နာရီကို လီ၍ပိုင်းဖြတ်၊ အမှတ်မထား အကြင်တပါးပါးသော အချိန်အခါ၌။

အာတာပိနော = အရိုးအရေ ကြွင်းပစေဟု နှစ်တွေသွေးသား ခန်း ချောက်ငြားလည်း တရားဓမ္မ ကိုယ့်ကိစ္စဟု၊ မုရနှစ်သွယ် ကျင့်စဖွယ်ကို ရှောင်ဖယ် သိမ်းယုတ် နောက်မဆုတ်ဘဲ ကြိုးကုတ်ခိုင်မြဲ အံကိုခဲလျက် လွန်ကဲထက်သန် သမ်ပဓာန်ဟု ပြင်းထန်သောလုံ့လ မချသောတာဝန် ဣန္ဒြေ မကျုံးလွန်မှု၍ အားသွန်ကြိုးပမ်း ထမ်းဆောင် တော်မူပါပေထသော။

ဈာယတော = ကသိုဏ်းအာရုံ အဖုံဖုံကို သိမ်းခြုံမပြတ် ဒလစပ်ဖြင့် ရှုမှတ်သမ္ဘု အနိစ္စနှင့် ဒုက္ခ လက္ခဏာ တဖြာအနတ္တ သင်္ခါရသဘော စောကျောစစ်ဆေး ကြံတွေးဆုံးဖြတ် သုံးသပ် ဆင်ခြင် မြင်အောင်ရှုတော်မူပါပေထသော။

ဗြာဟ္မဏဿ = မကောင်းသမှု အကြောင်းစုတို့ ပေါင်းစု ရောနှော ရေယာဉ်ကြော၌ မြှောသည့်ပမာ ကိလေသာစစ် အညစ်အကြေး အပြစ်ဘေးတို့ ကို လေးမဂ်ရေစင်ဖြင့် စင်ကြယ်အောင်

ဆေးအပ်လျှော်အပ် မြှော်ချအပ်ပြီးသည်ဖြစ်၍ ညစ်ကြေးမတင် စင်ကြယ်သန့်ရှင်းတော်မူပါပေထသော။

ခီဏာသဝသ = ဘဝများစွာ အစဉ်ပါသော ဝါသနာသတ္တိ အစွန်းအငြိနှင့်တကွ ဒိဋ္ဌိအဝိဇ္ဇာ တဏှာသဘော အာသဝေါတို့ ကွာလျှောပျက်စီး အကြွင်းမဲ့ကုန်ငြိမ်းပြီးသော အရည်းမြတ်စွာ အရှင်ရဟန္တာပုဂ္ဂိုလ်အား။

ဓမ္မာ = ဗုဒ္ဓုတ္တိတိ ဗောဓိ ဗျူပွတ္တိဖြင့် အရိယာမဂ် ဓမ္မစက်၏ မိတ်ဖက်နှီးရင်း အတွင်းဝင်လာ အပေါင်းပါဖြစ်သော လေးဖြာသတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် နှစ်ရပ်လေးထွေ ဣန္ဒြေငါးခု ဗိုလ်ထုပဉ္စ သတ်ဗောဇ္ဈင်နှင့် မဂ္ဂင်ရှစ်သွယ် ပေါင်း၍ချယ်က သုံးဆယ်ကျော်လစ် ခုနစ်တိုးပွား ဗောဓိပက္ခိယတရားတို့သည်။

ဓမ္မာ = ဒု,သ,နိ,မဂ် အချက်လေးတန် အမှန်လေးပါး အမြတ်တရားတော်တို့သည်။

ဟာဝေ ပါတု

ဘဝန္တိ = စင်စစ်ကေန် ဉာဏ်ဒွိထင်ရှား ဖြစ်ပွားပေါ်ပေါက်လာကုန်၏။

အထ တဒါ = ယင်းသို့ဖြစ်ပွား ထင်ရှားပေါ်ပေါက်လာရာ ထိုအချိန် ထိုအခါ၌။

အသ

ဒီဏာသဝဿ = အာတာပိနော ဈာယတောဟု ထပ်လောဖြာပွ ဏာ ဂုဏ်ပေါင်းခပေသော အာသဝလေးဖြာ ဝေးကွာကုန်ခမ်းသည့် ထိုရဟန္တာပုဂ္ဂိုလ်ကျော် ၏။

သဗ္ဗာ ကင်္ခါ = ခုတိတ်နောင်လာ ချိန်ခါကာလ ကြိမ်လာရ သော ဘဝသုံးပါး ယာဉ်ရထား၌ ကျင်လား လည်လား ကျင်လည်လားဟု ယုံမှားတတ်ရိုး ဆယ့်ခြောက်မျိုးနှင့်တကွ ထပ်တိုးရှစ်သွယ် ယုံမှားဘွယ် အားလုံးတို့သည်။

ဝပယန္တိ

ဝိအပယန္တိ = ကထံကထီ လောလောလီ၍ ထိုဉ်သို့နှယ် ဝေ့မလယ်ဘဲ အကယ်တည့်မတ် ယတိဖြတ် ၍ ကင်းပြတ်ပျောက်ငြိမ်းလေကုန်၏။

ကသ္မာ = အကြောင်းဘယ်သို့ မနှစ်မျိုး၍ အချို့လူ့ရှင် စောဒနာဝင်သည်ရှိသော် စောဒနာဝင်လာ ကြ ပါမူကား။

သဟေတု ဓမ္မံ = အဝိဇ္ဇာသင်္ခါရ စသည်စုပေါင်း အကြောင်း ဖြစ်မှ အကျိုးရသည်ဟု နိယာမမျိုး အရိုးစဉ်လာ ဓမ္မတာသဘော စဉ်းလုံးချောသည် မနောဇိဝ ပုဂ္ဂလနှင့် သုခမဘက် သက်သက်ဆင်းရဲ ဒုက္ခခဲ ဒုက္ခတုံးကြီးကို။

ယတော ပဇာနာတိ = မချွတ်မယွင်း မှောင်ကိုထွင်း၍ ယင်းသို့ ကွဲပြား အထူးအားဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူခြင်းဟူသော အကြောင်းပါပေတည်း၊ ယင်းသို့ သိခြင်း အကြောင်းရင်းကို ဖြေရှင်းညွှန်ပြရာသတည်း။

(ရတနသိဒ္ဓိ)

-----  -----

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေဠာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။

အထ ခေါ ဘဂဝါ ဗောဓိရုက္ခမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခပဋိသံဝေဒီ။

အထ ခေါ ဘဂဝါ တဿာ ရတ္တိယာ မဇ္ဈိမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမပဋိလောမံ သာဓုကံ မနသာကာသိ။

(ဝိ၊၃။၂။)

တေန သမယေန= သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးရာ ထိုအခါ၌။

ဘဂဝါ = ခြောက်ပါးသော ဘုန်းရှိတော်မူသော။

ဗုဒ္ဓေါ = မြတ်စွာဘုရားသည်။

နေရဥ္ဇရာယ = နေရဥ္ဇရာ အမည်ရှိသော။

နဇ္ဇာ = မြစ်၏။ **တီရေ** = ကမ်းနား၌။

ပဌမာဘိသမ္ဗုဒ္ဓေါ= အလုံးစုံသောပုဂ္ဂိုလ်တို့၏ ရှေးဦးစွာ သစ္စာလေးအင် ထိုးထွင်း၍ သိမြင်တော်မူသော သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူပြီးသည်။ (ဟုတွာ = ဖြစ်၍)။

ဗောဓိရုက္ခမူလေ = ဗောဓိပင်ရင်း၌။

ဝိဟရတိ = သီတင်းသုံးနေတော်မူ၏။

အထ ခေါ = သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးရာ ထိုအခါ၌။

ဘဂဝါ = မြတ်စွာဘုရားရှင်သည်။

ဗောဓိရုက္ခမူလေ = ဗောဓိပင်ရင်း၌။ သတ္တာဟံ = ခုနစ်ရက်ပတ်လုံး။

ဝိမုတ္တိသုခ

ပဋိသံဝေဒီ = အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက်။

ဧကပလ္လင်္ကေန = တစ်ကြိမ်တည်း ထက်ဝယ်ဖွဲ့(တင်ပလ္လင်)ခွေ ထိုင်နေတော်မူခြင်းဖြင့်။

နိသီဒိ = သီတင်းသုံး ထိုင်နေတော်မူလေပြီ။

အထ ခေါ = မာရ်နတ်သားကို အောင်မြင်တော်မူပြီးရာ ထိုအခါ၌။

ဘဂဝါ = မြတ်စွာဘုရားသည်။

တဿာရတ္တိယာ = မဟာသက္ကရာဇ် ၁၀၃-ခု၊ ထိုကဆုန်လပြည့် နေ့ညဥ့်၏။

မၛ္ဈိမံ ယာမံ = မဇ္ဈိမ(သန်းခေါင်)ယာမ် ကာလပတ်လုံး။

ပဋိစ္စသမုပ္ပါဒံ = ပဋိစ္စသမုပ္ပါဒ်(အကြောင်း,အကျိုး နှစ်ရပ် ရှေ့နောက် ဆက်စပ်လျက် ဖြစ်ပေါ်နေသော) တရားတော်ကို။

အနုလောမပဋိလောမံ = အနုလုံ, ပဋိလုံ (အစုန်အဆန်)။

သာဓုကံ = ကောင်းမွန်စွာ။

မနသာ ကာသိ = နှလုံးသွင်း ဆင်ခြင်တော်မူပြီ။

## ပဋိစ္စသမုပ္ပါဒ အနုလောမပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ (လ) ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

---ooo---

## ပဋိစ္စသမုပ္ပါဒ ပဋိလောမပါဠိ

အဝိဇ္ဇာယတွေဝ (လ) ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

(အနက်-မြန်မာပြန်)တူ၏

အထ ခေါ ဘဂဝါ တေမတ္တံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ။

အထ ခေါ = ပဌမဥဒါန်းကို ကျူးရင့်မြွက်ဆိုတော်မူပြီးရာ ထိုအခါ၌။

ဘဂဝါ = မြတ်စွာဘုရားသည်။

တေမတ္တံ = အနုလောမ, ပဋိလောမ ဤပဋိစ္စသမုပ္ပါဒနှင့်စပ်သော အနက်အဓိပ္ပါယ်ကို။

ဝိဒိတွာ = အကုန်အစင် သိမြင်တော်မူပြီးသည်ဖြစ်၍။

တာယံ ဝေလာယံ= အနုလောမ၊ပဋိလောမ ပဋိစ္စသမုပ္ပါဒကို သိတော်မူပြီးရာ ထိုအခါ၌။

ဣမံ ဥဒါနံ = ပိတ်၍မလုံ မြုံ၍မရ ဗလဝပီတိကြောင့် ဖြစ်ပေါ်လာသော ဤဥဒါန်းစကားကို။

ဥဒါနေသိ = ရွှင်ရွှင်မြူးမြူး ကျူးရင့်တော်မူပြီ။

## ဝစသာဥဒါန်း(ဒုတိယ)ဂါထာ ပါဠိတော်

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

(ဥဒါန၊၇၈။)

## ဝစသာဥဒါန်း(ဒုတိယ)ဂါထာ (အနက်-မြန်မာပြန်)

| | | |
|---|---|---|
| အာတာပိနော | = | တဖထောင်ငါးရာ ကိလေသာတို့ကို လွန်စွာ နှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန်လုံ့လ ဝီရိယလည်း ရှိပေထသော။ |
| ဈာယတော | = | အာနာပါန စသည်ဖုံဖုံ သမထအာရုံနှင့် အစုံသော ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခြင်းရာ လက္ခဏာကို အပွန်အခိုက် ဈာန်၊မဂ် ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြဲ ရှုအားသန်ပေထသော။ (ဝါ) ရှုအားသန်သော ကြောင့်။ |
| ဗြာဟ္မဏဿ | = | မကောင်းမှုဟူသမျှကို အပပြုပြီးသော ရဟန္တာ သခင် အရှင်မြတ်၏ သန္တာန်၌။ |
| ယဒါ | = | အကြင်အခါ၌။ |
| ဓမ္မာ | = | ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ သည်။ |
| ဟဝေ | = | စင်စစ်။ |
| ပါတုဘဝန္တိ | = | ဥပါဒ်ထင်ရှား ဖြစ်ပွားကုန်၏။ |
| ယတော | = | ယင်းသို့ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ် ပါးတို့ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ |

ပစ္စယာနံ = အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။

ခယံ = ကုန်ခမ်းရာမှန် အသင်္ခတနိဗ္ဗာန်ကို။

အဝေဒိ = ထိုးထွင်းထင်ထင် သိမြင်တော်မူလေပြီ။

အထ = ထိုသို့ ပစ္စယက္ခယ အမည်ရသည့် အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို အတပ်ထင်ထင် လင်းလင်း မြင်သောအခါ၌။

အဿ = ထိုရဟန္တာသခင် အရှင်မြတ်၏သန္တာန်၌။

သဗ္ဗာ = တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။

ကင်္ခါ = နိဗ္ဗာန်ကိုထိုးထွင်း မသိခြင်းကြောင့် ကိုယ်တွင်း၌မှာ ဖြစ်ပေါ်လာမည့် ကင်္ခါယုံမှားတရားအစုတို့သည်။

ဝပယန္တိ-

ဝိအပယန္တိ = နေလျှံရှိန်ကျောက် ဆီးနှင်းပေါက်သို့ ကင်းပျောက် ချုပ်ငြိမ်းကြကုန်၏။

(မဟာဗုဒ္ဓဝင်)

===❖❖❖===

## ဝစသာဥဒါန်း(ဒုတိယ)ဂါထာ (အနက်-မြန်မာပြန်)

ယဒါ = ထိုထိုဤဤ ချိန်နှာရီကို လီ၍ပိုင်းဖြတ် အမှတ်မထား အကြင်တပါးပါးသော အချိန်အခါ၌။

အာတာပိနော = အရိုးအရေ ကြွင်းပစေဟု နှစ်တွေသွေးသား ခန်းချောက်ငြားလည်း တရားဓမ္မ ကိုယ့်ကိစ္စဟု၊ ခုရနှစ်သွယ် ကျင့်စဖွယ်ကို ရှောင်ဖယ်သိမ်းယုတ် နောက်မဆုတ်ဘဲ ကြိုးကုတ်ခိုင်မြဲ အံကိုခဲလျက် လွန်ကဲထက်သန် သမ်ပဓာန်ဟု ပြင်းထန်သောလုံ့လ မချသောတာဝန် ဣန္ဒြေမကျူးလွန်မှု၍ အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူပါပေထသော။

ဈာယတော = ကသိုဏ်းအာရုံ အဖုံဖုံကို သိမ်းခြုံမပြတ် ဒလစပ်ဖြင့် ရှုမှတ်သမျှ အနိစ္စနှင့် ဒုက္ခလက္ခဏာ တဖြာအနတ္တ သင်္ခါရသဘော စောကျောစစ်ဆေး ကြံတွေးဆုံးဖြတ် သုံးသပ်ဆင်ခြင်မြင်အောင်ရှုတော် မူပါပေထသော။

ဗြာဟ္မဏဿ = မကောင်းသမှု အကြောင်းစုတို့ ပေါင်းစုရှောနှော ရေယာဉ်ကြော၌ မြှောသည့်ပမာ ကိလေသာစစ် အညစ်အကြေး အပြစ်ဘေးတို့ကို လေးမဂ်ရေစင်ဖြင့် စင်ကြယ်အောင်ဆေးအပ်လျှော်အပ်

မြှော်ချအပ် ပြီးသည်ဖြစ်၍ ညစ်ကြေးမတင် စင်ကြယ်သန့်ရှင်းတော် မူပါပေထသော။

**ခီဏာသဝဿ** = ဘဝများစွာ အစဉ်ပါသော ဝါသနာသတ္တိ အစွန်းအငြိနှင့်တကွ ဒိဋ္ဌိအဝိဇ္ဇာ တဏှာသဘော အာသဝေါတို့ ကွာလျှော့ပျက်စီး အကြွင်းမဲ့ကုန်ငြိမ်းပြီးသော အရည်းမြတ်စွာ အရှင်ရဟန္တာ ပုဂ္ဂိုလ်အား။

**ဓမ္မာ** = ဗုဒ္ဓါတီတိ ဗောဓိ ဗျူပွတ္တိဖြင့် အရိယာမဂ် ဓမ္မစက်၏ မိတ်ဖက်နီးရင်း အတွင်းဝင်လာ အပေါင်းပါဖြစ်သော လေးဖြာသတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် နှစ်ရပ်လေးထွေ ဣန္ဒြေငါးခု ဗိုလ်ထုပဉ္စင် သတ်ဗောဇ္ဈင်နှင့် မဂ္ဂင်ရှစ်သွယ် ပေါင်း၍ချယ်က သုံးဆယ်ကျော်လစ် ခုနစ်တိုးပွား ဗောဓိပက္ခိယတရားတို့သည်။

**ဓမ္မာ** = ဒု,သ,နိ,မင် အချက်လေးတန် အမှန်လေးပါး အမြတ် တရားတော်တို့သည်။

ဟာဝေ ပါတု

**ဘဝန္တိ** = စင်စစ်ကေန် ဉာဏ်ဒ္ဓထင်ရှား ဖြစ်ပွားပေါ်ပေါက်လာကုန်၏။

**အထ တဒါ** = ယင်းသို့ဖြစ်ပွား ထင်းရှားပေါ်ပေါက်လာရာ ထိုအချိန် ထိုအခါ၌။

အဆ

ဒီဏာသဝဿ = အာတာပိနော ဈာယတောဟု ထပ်လော ဗြာဟ္မဏာ ဂုဏ်ပေါင်းခပေသော အာသဝ လေးဖြာ ဝေးကွာကုန်ခမ်းသည့် ထိုရဟန္တာ ပုဂ္ဂိုလ်ကျော်၏။

သဗ္ဗာ ကင်္ခါ = ခုတိတ်နှောင်လာ ချိန်ခါကာလ ကြိမ်လာ ရသော ဘဝသုံးပါး ယာဉ်ရထား၌ ကျင်လား လည်လား ကျင်လည်လားဟု ယုံမှားတတ်ရိုး ဆယ့်ခြောက်မျိုးနှင့်တကွ ထပ်တိုးရှစ်သွယ် ယုံမှားဘွယ် အားလုံးတို့သည်။

ဝပယန္တိ ဝိအပယန္တိ= ကထံကထီ လောလောလီ၍ ထိုဤသို့ နှယ် ဝေ့မလယ်ဘဲ အကယ်တည့်မတ် ယတိ ဖြတ်၍ ကင်းပြတ်ပျောက်ငြိမ်းလေကုန်၏။

ကသ္မာ = အကြောင်းဘယ်သို့ မနှစ်မျို့၍ အချို့လူရှင် စောဒနာဝင်သည်ရှိသော် စောဒနာဝင်လာ ကြပါမူကား။

ပဇာနာနံ ခယံ = ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂတစ်ဖြာ သစ္စာ လေးနက် ဆယ့်ခြောက်ချက်ကို ဖုံးဝှက် ကွယ် ကာ အဝိဇ္ဇာဟု သံသာမူလ ပဘာဝလျှင် အစ ရင်းစစ် အခြေခံဖြစ်သော ခေါင်မြစ်နိုင်ပြီး အကြောင်းကြီးကို အပြီးအပြတ် လက်စသတ်

အောင် မင်္ဂမြတ်စိန်သွား ပုဆိန်ဓားဖြင့် ထွားထွားညက်ညက် ခုတ်ဖျက်ပယ်ရှင်း အကြွင်းမဲ့ ကုန်ငြိမ်းခြင်းကို။

**ယတော အဝေဒီ=** နိဗ္ဗာန်-နိဗ္ဗာန် အမတံကား အခြားမဟုတ် အနုပ္ပါဒ နိရောဓဟု ကျနထိမိ ယင်းသို့သိတော်မူခြင်းပါပေတည်း။ ယင်းသို့ထိမိ သိတော်မူခြင်း အကြောင်းရင်းကို ဖြေရှင်းညွှန်ပြရာသတည်း။

(ရတနသိဒ္ဓိ)

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေဠာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။

အထ ခေါ ဘဂဝါ ဗောဓိရုက္ခမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခပဋိသံဝေဒီ။

အထ ခေါ ဘဂဝါ တဿာ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမပဋိလောမံ သာဓုကံ မနသာကာသိ။

| | | |
|---|---|---|
| တေန သမယေန | = | သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးရာ ထိုအခါ၌။ |
| ဘဂဝါ | = | ခြောက်ပါးသော ဘုန်းရှိတော်မူသော။ |
| ဗုဒ္ဓေါ | = | မြတ်စွာဘုရားသည်။ |
| နေရဉ္ဇရာယ | = | နေရဉ္ဇရာ အမည်ရှိသော။ |
| နဇ္ဇာ | = | မြစ်၏။ တီရေ = ကမ်းနား၌။ |
| ပဌမာဘိသမ္ဗုဒ္ဓေါ | = | အလုံးစုံသောပုဂ္ဂိုလ်တို့၏ ရှေဦးစွာ သစ္စာလေးအင် ထိုးထွင်း၍ သိမြင်တော်မူသော သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူပြီးသည်။ (ဟုတွာ = ဖြစ်၍)။ |
| ဗောဓိရုက္ခမူလေ | = | ဗောဓိပင်ရင်း၌။ |

| | | |
|---|---|---|
| ဝိဟရတိ | = | သီတင်းသုံးနေတော်မူ၏။ |
| အထ ခေါ | = | သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးရာ ထိုအခါ၌။ |
| ဘဂဝါ | = | မြတ်စွာဘုရားရှင်သည်။ |
| ဗောဓိရုက္ခမူလေ | = | ဗောဓိပင်ရင်း၌။ သတ္တာဟံ = ခုနစ်ရက်ပတ်လုံး။ |
| ဝိမုတ္တိသုပဋိသံဝေဒီ= | | အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက်။ |
| ဧကပလ္လင်္ကေန | = | တစ်ကြိမ်တည်း ထက်ဝယ်ဖွဲ့(တင်ပလ္လင်)ခွေ ထိုင်နေတော်မူခြင်းဖြင့်။ |
| နိသီဒိ | = | သီတင်းသုံး ထိုင်နေတော်မူလေပြီ။ |
| အထ ခေါ | = | မာရ်နတ်သားကို အောင်မြင်တော်မူပြီးရာ ထိုအခါ၌။ |
| ဘဂဝါ | = | မြတ်စွာဘုရားသည်။ |
| တဿာရတ္တိယာ | = | မဟာသက္ကရာဇ်၁၀၃-ခု၊ ထိုကဆုန်လပြည့်နေ့ ညဉ့်၏။ |
| ပဌမံ ယာမံ | = | ပဌမ(မိုးသောက်)ယာမ် ကာလပတ်လုံး။ |
| ပဋိစ္စသမုပ္ပါဒံ | = | ပဋိစ္စသမုပ္ပါဒ်(အကြောင်း၊ အကျိုးနှစ်ရပ်ရှေ့နောက် ဆက်စပ်လျက် ဖြစ်ပေါ်နေသော) တရားတော်ကို။ |

အနုလောမပဋိလောမံ =အနုလုံ၊ ပဋိလုံ (အစုန်အဆန်)။
သာဓုကံ = ကောင်းမွန်စွာ။
မနသာ ကာသိ = နှလုံးသွင်း ဆင်ခြင်တော်မူပြီ။

===❖❖❖===

## ပဋိစ္စသမုပ္ပါဒ အနုလောမပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ (လ) ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ ပဋိလောမပါဠိ

အဝိဇ္ဇာယတွေဝ (လ) ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

(အနက်-မြန်မာပြန်)တူ၏

အထ ခေါ ဘဂဝါ ဓေတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ။

(ဝိ၊၃။၂။)

| | | |
|---|---|---|
| အထ ခေါ | = | ဒုတိယဥဒါန်းကို ကျူးရင့်မြွက်ဆိုတော်မူပြီးရာ ထိုအခါ၌။ |
| ဘဂဝါ | = | မြတ်စွာဘုရားသည်။ |
| ဓေတမတ္ထံ | = | အနုလောမ, ပဋိလောမ ဤပဋိစ္စသမုပ္ပါဒနှင့်စပ်သော အနက်အဓိပ္ပါယ်ကို။ |
| ဝိဒိတွာ | = | အကုန်အစင် သိမြင်တော်မူပြီးသည်ဖြစ်၍။ |
| တာယံ ဝေလာယံ | = | အနုလောမ, ပဋိလောမ ပဋိစ္စသမုပ္ပါဒကို သိတော်မူပြီးရာ ထိုအခါ၌။ |
| ဣမံ ဥဒါနံ | = | ပိတ်၍မလုံ မြုံ၍မရ ဗလဝပီတိကြောင့် ဖြစ်ပေါ်လာသော ဤဥဒါန်းစကားကို။ |
| ဥဒါနေသိ | = | ရွှင်ရွှင်မြူးမြူး ကျူးရင့်တော်မူပြီ။ |

## ဝစသာဥဒါန်း(တတိယ)ဂါထာ ပါဠိတော်

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။ (ဥဒါန၊၇၉။)

အာတာပိနော = တထောင်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန်လုံ့လဝီရိယလည်း ရှိပေထသော။

ဈာယတော = အာနာပါန စသည်ဖွံ့ဖွံ့ သမထအာရုံနှင့် အစုံသော ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တခြင်းရာ လက္ခဏာကို အပွနာခိုက် ဈာန်၊မဂ်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြဲ ရှုအားသန်ပေထသော။(ဝါ) ရှုအားသန်သောကြောင့်။

ဗြာဟ္မဏဿ = မကောင်းမှုဟူသမျှကို အပပြုပြီးသော ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ ယဒါ= အကြင်အခါ၌။

ဓမ္မာ = ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည်။

ဟာဝေ = စင်စစ်။

ပါတုဘဝန္တိ = ဥပါဒ်ထင်ရှား ဖြစ်ပွားကုန်၏။ တဒါ = ထို
အခါ၌။

သူရိယော = ယုဂန်မိုရ်တောင်စွန်းမှ ပေါ်ထွန်းထွက်ပြူ
ဥဒည်မူသော နေမင်းသည်။

အန္တလိက္ခံ = အဇဋ္ဌာပြင် မိုးကောင်းကင်ကို။

ဩဘာသယံ-

ဩဘာသယန္တော = မိမိအရောင် ခြည်တစ်ထောင်ဖြင့် မိုက်မှောင်
ပယ်ရှင်း ထွန်းလင်းတောက်ပလျက်။

တိဋ္ဌတိ ဣဝ = တည်သကဲ့သို့။

(သော ဗြာဟ္မဏော= ထိုရဟန္တာသခင် အရှင်သူမြတ်သည်။ တေဟိ
ဓမ္မေဟိ= ထိုဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်
ပါးတို့ဖြင့်။)

မာရသေနံ = ကာမရာဂ စသည်ဆယ်ထပ် မာရ်စစ်တပ်ကို။

ဝိဓူပယံ-

ဝိဓူပယန္တော = မှုန့်မှုန့်ညက်ညက် တိုက်ဖျက်ပယ် ဖျောက်
လျက်။

တိဋ္ဌတိ = ပညာတန်ဆောင် ဉာဏ်တော်ရောင်ဖြင့် ထွန်းပြောင်ထိန်လက် ပြိုးပြိုးပြက်လျှင် နေစက်နှုန်းတူတည်တော်မူ၏။

(မဟာဗုဒ္ဓဝင်၊၂။၃၆၀-၁။)

===❖❖❖===

## ဝစသာဥဒါန်း(တတိယ)ဂါထာ (အနက်-မြန်မာပြန်)

ယဒါ = ထိုထိုဤဤ ချိန်နာရီကို လီ၍ပိုင်းဖြတ်၊ အမှတ်မထား အကြင်တပါးပါးသော အချိန်အခါ၌။

အာတာပိနော = အရိုးအရေ ကြွင်းပစေဟု နှစ်တွေသွေးသား ခန်းချောက်ငြားလည်း တရားမမွှ ကိုယ့်ကိစ္စဟု၊ စုရနှစ်သွယ် ကျင့်စဖွယ်ကို ရောင်ဖယ်သိမ်းယုတ် နောက်မဆုတ်ဘဲ ကြိုးကုတ်ခိုင်မြဲ အံကိုခဲလျက် လွန်ကဲထက်သန် သမ်ပဓာန်ဟု ပြင်းထန်သောလုံ့လ မချသောတာဝန် ဣန္ဒြေမကျူးလွန်မူ၍ အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူပါပေထသော။

ဈာယတော = ကသိုဏ်းအာရုံ အဖုံဖုံကို သိမ်းခြုံမပြတ် ဒလစပ်ဖြင့် ရှုမှတ်သမျှ အနိစ္စနှင့် ဒုက္ခ လက္ခဏာ တဖြာအနတ္တ သင်္ခါရသဘော စောကျောစစ်ဆေး ကြံတွေးဆုံးဖြတ် သုံးသပ် ဆင်ခြင်မြင်အောင်ရှုတော်မူပါပေထသော။

ဗြာဟ္မဏာသ = မကောင်းသမှု အကြောင်းစုတို့ ပေါင်းစု ရောနှော ရေယာဉ်ကြော၌ မြော၊သည့်ပမာ ကိလေသာစစ် အညစ်အကြေး အပြစ်ဘေးတို့ ကို လေးမဂ်ရေစင်ဖြင့် စင်ကြယ်အောင် ဆေးအပ်လျှော်အပ် မြှော၊ချအပ်ပြီးသည်ဖြစ်၍ ညစ်ကြေးမတင် စင်ကြယ်သန့်ရှင်းတော် မူ ပါပေထသော။

ခီဏာသဝသ = ဘဝများစွာ အစဉ်ပါသော ဝါသနာသတ္တိ အစွန်းအငြိနှင့်တကွ ဒိဋ္ဌိအဝိဇ္ဇာ တဏှာသ ဘော အာသဝေါတို့ ကွာလျှော၊ပျက်စီး အကြွင်းမဲ့ကုန်ငြိမ်းပြီးသော အရည်းမြတ်စွာ အရှင်ရဟန္တာပုဂ္ဂိုလ်အား။

ဓမ္မာ = ဗုဒ္ဓုတိတိ ဗောဓိ ဗျူပ္ပတ္တိဖြင့် အရိယာမဂ် ဓမ္မစက်၏ မိတ်ဖက်နှီးရင်း အတွင်းဝင်လာ အပေါင်းပါဖြစ်သော လေးဖြာသတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် နှစ်ရပ်လေးထွေ ဣန္ဒြေ ငါးခု ဗိုလ်ထုပဥ္စင် သတ်ဗောဇ္ဈင်နှင့် မဂ္ဂင်ရှစ်

သွယ် ပေါင်း၍ချယ်က သုံးဆယ်ကျော်လစ် ခုနစ်တိုးပွား ဗောဓိပက္ခိယတရားတို့သည်။

မဂ္ဂါ = ဒု,သ,နိ,မဂ် အချက်လေးတန် အမှန်လေးပါး အမြတ် တရားတော်တို့သည်။

ဟာဝေ ပါတု ဘဝန္တိ = စင်စစ်ကေန် ဉာဏ်၌ထင်ရှား ဖြစ်ပွား ပေါ်ပေါက် လာကုန်၏။

အထ တဒါ = ယင်းသို့ဖြစ်ပွား ထင်းရှားပေါ်ပေါက်လာရာ ထိုအချိန် ထိုအခါ၌။

သူရိယော = အရှေ့ဥဒည် မြင့်မိုရ်လည်မှ ရောင်ခြည်ကွန် ယက် လွှမ်းဖြန့်ကျက်၍ ပြူထွက်ပေါ်လာ ဒေါင်းဖလ်ဝါဟု ကမ္ဘာစက်တွင်း အမှောင်ခွင်း သော နေမင်းဗိမာန် သူရကန်သည်။

အန္တလိက္ခံ = လောကတန်ဆာ စုံလင်စွာကို ကမ္ဘာလူသား လူအများတို့ ပိုင်းခြားခွဲဝေ မြင်စေတတ် ကြောင်း ကောင်းကင်ခရီး လဟာပြင်ကြီး၌။

ဩဘာသယံ-

ဩဘာသယန္တော = အမိုက်ဖျောက်ခွင်း ထိန်ထိန်ဝင်းအောင် လင်းစေတောက်စေ ထွန်းပစေ၍။

တိဏ္ဏတိ ဣဝ = မြတ်ရွှေမြင့်မိုရ် ခါးဗဟိုရ်ရှာ ယုဂန်မိုရ်လောက် အစောက်မြင့်မား အာကာဖျားဝယ် နေသွား လမ်းကြောင်း ခရီးကောင်း၌ ပြောင်းကာ ရွှေ့ကာ လက်ယာရစ်လည် ထောင်ရောင် ခြည်ဖြင့် လှည့်လည်တည်နေဘိသကဲ့သို့ လှည့်လည်တည်နေသည်နှင့်မခြား အလား တူစွာ။

သော ခီဏာသဝေါ= ဘဝများစွာ အစဉ်ပါသော ဝါသနာသတ္တိ အစွန်း အငြိနှင့်တကွ ဒိဋ္ဌိအဝိဇ္ဇာ တဏှာ သဘော ကွာလျှော့ပျက်စီး အကြွင်းမဲ့ ကုန်ငြိမ်း ပြီးသော အရည်းမြတ်စွာ ထိုရဟန္တာသည်။

မာရသေနံ = ဝတ္ထု၊ကိလေ နှစ်ထွေကာမ ပဌမဟု ဒု၊ကား အရတိ ခုပ္ပိပါသာ တတိယာနှင့် စ၊မှာတန္ဟိ ထိန၊မိဒ္ဓါ ပဥ္စမာတို့ ဆဋ္ဌဘီရု သတ်၊မူဒွိဟ စိကိစ္ဆနှင့် အဋ္ဌမက္ခော မာကျောကျောတည့် လာဘောသက္ကာ သိလောကာနှင့် မိစ္ဆာလဒ္ဓ ယသပေါင်းစု ဤငါးခုကို ခေါ်မှုနဝမ သေနင်္ဂ တည့် အတ္တုဥက္ကံ့ ပရဝမ်တို့ ဆယ်ပြန်တိုင် ရောက် ကြောက်ဖွယ်လိလိ ပါပိမဇာတ် မင်း မာရ်နတ်၏ ဆယ်တပ်စစ်သည် အလီလီကို။

ဝိရူပယံ-ဝိရူပယန္တော =မဂ်အပေါင်းပါ ဆိုင်ရာသင်းပင်း သုံးဆယ့်ခုနစ်မင်းနှင့်တကွ သစ္စာလေးနက် ဆယ့်ခြောက်ချက်ကို တပြိုင်နက်ခြင်း ခဏတွင်း၌ ထိုးထွင်းမျက်မှောက် အလင်းရောက်သော အမြောက်လက်နက် အာသဝက်ဖြင့် ဖျောက်ဖျက်ချေမှုန်း ရှုံးစေတော်မူလျက်။

တိဋ္ဌတိ = ဓာတိ,အာဏာ ဝိသယာဟု သုံးဖြာခေတ်တွင်း ပြိုင်ဘက်ကင်းလျက် တစင်းတည်းနေ တစ်မြေတည်းမျှ ရောမဝတ္တု ဟူသည်စု၍ နှစ်ခုမပြား နှစ်ပါးမရ လောကတံထွာ ဓမ္မတာဖြင့် ငါးဝါလေးဆယ် ကြွယ်သည့် နှစ်ပေါင်း သောင်းလောကဓာတ် ပဲ့တင်ထပ်အောင် အမြတ်ဒေသနာ မြိုက်ရသာကို စိပ်ဖြာခွဲခြမ်း ပေးကမ်းလှည့်လည် တည်တော်မူပါပေသတည်း။

(ရတနသိဒ္ဓိ)

## ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တ-ပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော ဟောတိ။

## ပဋ္ဌာန်းပစ္စယုဒ္ဒေသ (အနက်-မြန်မာပြန်)

ဟေတုပစ္စယော = မြေရောက်ရေရောက် ပေါက်တုံစင်စစ် သစ်ပင်မြစ်သည် သစ်သစ်ညွန့်ရှင် ချင်းအပင်ကို ရှင်စေသမှု ကျေးဇူးပြုသို့ ခြောက်ခုအပြားဟိတ်တရားသည် ချင်းအားမိတ်ဖွဲ့ရာဖြစ်သောသဟိတ်စိတ်နှင့် စေတသိက်ဟူ မောဟမူမှမောဟကြဉ်သော ဒွေပညာသ ရုပ်မှတွက်ရေသန္ဓေကမ္မဇ စိတ္တဇဟု ဤမျှခန္ဓာ ငါးဖြာဘော်သောင်း နာမ်ရုပ်အပေါင်းကို အကြောင်းမူလအမြစ်မ၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

အာရမ္မဏပစ္စယော= တောင်ဝှေးလက်စွဲ ကြိုးဆွဲကြိမ်တန်း မကျန်း တန်း၍ နွမ်းနယ်ရိပျင်း ထိုင်ခြင်းရပ်ခြင်း သွားခြင်းအမှု မပြုနိုင်မှု အားနည်းသူကို ဆွဲယူကိုင်လှမ်း စွမ်းစေခြင်းငှါ မှီရာသမှု ကျေးဇူးပြုသို့ ခြောက်ခုအာရုံ သတ္တိဂုဏ်သည် အလုံးစုံစိတ် စေတသိက်ခန္ဓာ ပေါင်းလေးဖြာ ကို အာရုံအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အဓိပတိပစ္စယော = လေးကျွန်းသနင်း စကြာမင်းသည် ရှင်းလင်း ရန်စစ် ငြိမ်းအောင်မြစ်၍ အုပ်သစ်ထွားထွား ထိုသူများကို ပိုင်သားတန်ခိုး အစိုးရခြင်းဖြင့် မကင်းမျှော်ရှု ကျေးဇူးပြုသို့ ဂရုကတ ပြုအပ် စွတုံ အာရုံခြောက်ဝ ဆန္ဒ,ဝီရိယာ၊ စိတ္တာ, ဝီမံသ မည်ရရာဇာ မင်းလေးဖြာလျှင် ဆိုင်ရာ မဆုတ် နာမ်နှင့်ရုပ်ကို အုပ်ချုပ်တန်ခိုး မနွမ်း ညှိုးရအောင် အစိုးရခြင်းဖြင့် ကျေးဇူးပြုတတ် သောတရားလည်းကောင်း။

အနန္တရပစ္စယော = ရေမြေသခင် စကြာရှင်၏ မျက်မြင်ခန္ဓာ စွန့်ခွါ တုန်လျှင်း ဖောက်လဲခြင်းသည် ရင်တွင်းသည်း ချာ ဥပရာအား မင်္ဂလာအောင်ဆု ကျေးဇူးပြုသို့ ဖြစ်မှုအလျဉ် ရှေးဝိညာဉ်၏ အစဉ်မယွင်း ချုပ်လေခြင်းသည် မကင်းဖြစ်ငြား နောက်စိတ်

အားလျှင် အခြားမရှိ ချင်းသတ္တိဖြင့် ကျေးဇူးပြု တတ်သောတရားလည်းကောင်း။

**သမန္တရပစ္စယော=** စတုရန္တ ပိုင်သစိုးခြင်း လေးကျွန်းမင်း၏ သီတင်းဖြူဆွတ် ကျင့်အားညွတ်၍ ဖန်ဆွတ်သင်္ကန်း ဝတ်ကိုလှမ်း၍ ရဟန်း ပြုခြင်းသည် သားရင်းအိမ်ရှေ့ အရိပ်ငွေ့ကို လွေ့လွေ့ နှစ်သိမ့် မင်းပြုစိမ့်ငှါ မှန်စွာသမှု ကျေးဇူးပြုသို့ စက္ခုသောတ စသည်ဝိထိ ဖြစ်ဘိရှေ့တည် ချုပ်ခြင်းသည်သာလျှင် နောက်တွင် ဖြစ်လတ် စိတ်ဥပါဒ်အား ကောင်းမြတ်စွာငဲ့ အခြားမဲ့ သတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

**သဟဇာတပစ္စယော=** ဆင်မြင်းဥသဘ စသည်မကွေ လူမိုလ်ခြေသည် ခြွေရံပေါင်းဘက် တကွနက်အဖြစ်ဖြင့် မဆုတ်နစ်မှု ကျေးဇူးပြုသို့ အစုစုစိတ် စေတသိက် ရုပ်,နာမ် ဆက်ဆံသဟာယ ညီအမျှလျှင် တကွအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**အညမညပစ္စယော=** လေးခုအခြေ တခုကြွေသော် အနေလွဲလျက် အသွားခက်သို့ မပျက်စေကောင်း ခြေလေးချောင်းလျှင် တိမ်းစောင်းမယွင်း အချင်းချင်းအား တင်းတင်းခိုင်ခန့် ထောက်ပံ့သမှု

ကျေးဇူးပြုသို့ တခုတရား တခုအားလျှင်
ထောက်ထားမကင်း အချင်းချင်းအဖြစ်ဖြင့်
ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**နိဿယပစ္စယော** = မဟာပထဝီ အဆီနှံ့ပြီး ဤမြေကြီးလျှင်
သီးသီးခြားခြား သစ်ဝါးမြက်ပင် မြင်းဆင်
လူမိုလ် ထိုထိုများစွာ သတ္တဝါက စသည်
ထူးလည် အပြည်ပြည်ကို တည်မှီရာအဖြစ်
ဖြင့် အသင့်မျှော်ရှု ကျေးဇူးပြုသို့ စက္ခု
သောတ စသည်အပြား ရုပ်တရားလျှင် ချင်း
အားမှီယှဉ် ရုပ်ဝိညာဉ်အား အစဉ်မကွာ
အသင့်သာလျှင် တည်ရာမှီရာအဖြစ်ဖြင့်
ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

**ဥပနိဿယပစ္စယော**=ခါဝသန္တ မိုးကာလဌ် ချမ်းမြသွန်းဖြိုး
ရွာသောမိုးသည် ကောက်မျိုးသစ်ပင် လန်းရွှင်
ဩဇာ သတ္တဝါအများ အားအင်မြင့်ရောင်း
အကြောင်း၏အဖြစ်ဖြင့် သစ်သစ်လုလု
ကျေးဇူးပြုသို့ တခုတရား အစွမ်းအားဖြင့်
များစွာဖြိုးနက် စီးပွါးတက်၍ သက်သက်
ရှည်လျား အကျိုးအားလျှင် များစေတုန်ရောင်း
အရင်းကောင်းလျက် အကြောင်း၏အဖြစ်ဖြင့်
ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

**ပုရေဇာတပစ္စယော**= ကမ္ဘာတည်စ ရေးမဆွက စန္ဒသူရိ ရဲရဲငြိလျက် မိမိရောက်ကြိုက် ထွန်းစဉ်ခိုက်တွင် မှောင်မိုက် ပယ်ထွင်း ရောင်ခြည်ဝင်းသို့ အလင်းမှီရာ သတ္တဝါအား ရှေ့သွား၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ဝတ္ထုအာရုံ တရားဂုဏ်သည် ကြိုက်ဆုံတော်ငြား နောက်နောက်အားလျှင် ရှေ့သွား၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

**ပစ္ဆာဇာတပစ္စယော**= တောင်ရောက်နုနယ် လင်းတငယ်လျှင် ခုဝယ် အစာ မရသာလည်း နောက်ခါကြွံကြွံ ငါစားအံ့ဟု ငံ့လင့်နေ့ည အာဟာရဋ္ဌ တောင့်တခါခါ စေတနာသည် နောက်သာဖြစ်ဘိ ထင်ရှားရှိသော မိမိတို့အား ကြီးပွါးစေမှု ကျေးဇူးပြုသို့ စတုဇကာယ စသည်အပြား ရုပ်တရားသည် နောက်သွားအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

**အာသေဝနပစ္စယော**= ရေး၌ထုံပျံ့ ပန်းရနံ့သည် သန့်သန့်သင်းတတ် နောက်ထုံအပ်သား ပန်းနံ့အားလျှင် ထပ်ပွါး မွှေးလှိုင် ကြိုင်စေသမှု ကျေးဇူးပြုသို့ တခုပုံစံ ရေးသင်အံလျက် ကြံကြံကြည့်ရှု ပြည့်မှု လေ့ကျက် အာဂုံစွတ်လျှင် နောက်ထပ်သင် ကြား ကျန်းဂန်များ၌ အားရှိဆောင်ရွက်

မခက်စေမှု ကျေးဇူးပြုသို့ ဖြစ်မှုလျှင်စော ရှေးရှေးဇောသည် သဘောအလျောက် နောက် နောက်ဖြစ်ငြား ဇောတို့အားလျှင် ထပ်ပွါး ဖန်လဲ မှီဝဲဆည်းကပ် ထုံအပ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

ကမ္မပစ္စယော = ခါး,ဖန်,စပ်,ချို ထိုထိုတူလေ့ မျိုးစေ့သည် လျှင် အုန်းစဉ် ဖူးညှောက် ညွန့်ပေါက်ခြင်းတူ အမူအယာ လက္ခဏာလုံ့လ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ကုသလာကုသလ ဖြစ်ထ မှန်စွာ စေတနာသည် လျော်စွာမညှိုး အကျိုး ညွန့်ညှောက် ပေါက်စေလိုမှု ပြုတတ်သော အခြင်းအရာအထူးဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဝိပါကပစ္စယော = ချမ်းအေးသည်တွင် သုတ်လေဝင်သည့် ပြူတင်းဆောင်မ နန်းရိပ်ပြဲ နေရသောသူ မပူစေမှု ကျေးဇူးပြုသို့ လုလုမညှိုး စီးပွါး တိုးအောင် အကျိုး၏ အဖြစ်ဖြင့် ကျေးဇူးပြု တတ်သောတရားလည်းကောင်း။

အာဟာရပစ္စယော = ငါးပင်အိမ်ကောင်း ညိုးနွမ်းဟောင်းသော် ထပ် လောင်း ကြဲ့ခိုင် မယိုင်နိုင်အောင် သည်တိုင်ပံ့ ထောက် ထုပ်,လျောက်,အခြင် ပျဉ်စအသစ် ချည်ရစ်တွဲထ မြဲခိုင်ရသို့ ဖဿ,စေတနာ

ဝိညာဏာတည့် ကဗဠီကာရာ ဤလေးဖြာ ဆောင် မနှမ်းအောင်လျှင် ဆောင်တတ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားလည်း ကောင်း။

ဣန္ဒြိယပစ္စယော = နိုင်ငံခပင်း ပိုင်သည့်မင်းက ယင်းနှင်းထိုက်ရာ မြို့ရွာကံကျေး စုဝန်းပေး၍ အရေးခြားခြား ဝန်စုသားတို့ တစ်ပါးတစ်ဦး မကူးမယှက် အုပ်နက်ဆိုင်ရာ ကိုယ်စီသာလျှင် အာဏာ တန်ခိုး ဆောင်ရွက်မိုး၍ အစိုးရခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ စက္ခု၊သောတ ဃာန၊ဇိဝှါ ကာယာ၊မန စသည်အပြား ဝန်မင်းများလျှင် ခြားခြားသီးသီး မနီးမနှော ရောယှက်မပြု အုပ်မှုဆိုင်ရာ နာမ်၊ရုပ်မှာသာ အာရုံမညီး အစိုး ရခြင်းဖြင့် ကျေးဇူးပြုတတ်သောတရား လည်း ကောင်း။

ဈာနပစ္စယော = စွင့်စွင့်ထင်ထင် သစ်ပင်အဖျား မြင့်မား တောင်ထွတ် ဆွတ်ဆွတ်လွေးလွေး နီးဝေးထိုထို မြင်လိုသောငှါ လွန်စွာအားထုတ် ကြိုးကုတ် မပျက် ကပ်ယှဉ်ဆက်၍ အထက်ထိပ်ဖျား ရောက်သူအားမှာ လွယ်ကာလိုအပ် ဝေးရပ် ထင်ထင် မြင်စေခြင်းသတ္တိရှိသကဲ့သို့ မချို့ မတဲ့ မဖွဲ့နိဝရဏ ကာမလွတ်လွတ် ဈာန်

ကောင်းထွက်သည် မပြတ်လုံ့လ သမထ ကမ္မဋ္ဌာန်း စီးဖြန်းသောအား ကိုယ်ပေါ့ပါး လျက် ထင်ထားပညတ် အာရုံကပ်၍ ယှဉ်ကပ်ကြိုးစား အင်္ဂါပါးဖြင့် အဖျားထွင်ရှုသို့ ရောက်လတ်သောသူတို့အား ငါးပါးနီဝရဏ ရန်မှကင်းကွာ ခြင်းရာရှေးရှေး နီးဝေးလိုရပ်သို့ ကပ်၍ရှုခြင်းသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

မဂ္ဂပစ္စယော = တက်လက်ထိုးဝါး ဖွင့်ကာရွက်ထောင် လေဖြင့်ဆောင်သော လှေဘောင်သင်္ဘော မြစ်ကြောဖြတ်လမ်း တစ်ဘက်ကမ်းမှ ရွယ်လှမ်းလိုရပ် ကူးခတ်လိုသူ လွယ်ကူ လွတ်မြောက် ရောက်စေကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အဖို့တော်ရာ ပညာ, သမာဓိ အစရှိသော အကြောင်းတရားသည် ငါးပါးဂတိ ကပ်ငြိလွယ်လှန်း ကမ်းသို့လည်းကောင်း၊ အပေါင်းခန္ဓာ ၄င်းကွာဝဋ်စက် နိဗ္ဗာန်ဘက်သို့ ထွက်မြောက်တူရှု ကူးမှုလည်းကောင်း ရောက်စေကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ် သောတရားလည်းကောင်း။

**သမ္ဘယုတ္တပစ္စယော**= ခီရဖာဏိ သပ္ပိမရ ဤလေးခုကို စတုမဓု ဟူသားအလို ဆိမ့်ချိုအေးမြတ် ဘောဇဉ်ချက်သော် ပေါင်းယှက်မကင်း အချင်းချင်းလျှင် ယှဉ်ခြင်းသဘော နှီးနှောသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

**ဝိပ္ပယုတ္တပစ္စယော** = ချိုချဉ်စပ်ငံ အဖန်အခါး ခြောက်ပါးရသာ ကောင်းစွာရောယှက် တူပေါင်းဘက်လည်း လက္ခဏာဇာတိ မိမိသဘော မနှောတပါး အခြားခြားလျှင် ကွဲပြားသော သတ္တိဖြင့် ကျေးဇူး ပြုတတ်သောတရားလည်းကောင်း။

**အတ္ထိပစ္စယော** = ဟိမဝန္တာ သာယာသန့်ရှင်း ထိုတောင်မင်းသည် ပျံ့သင်းထုံမွှေး ဆေးမျိုးနံ့သာ များစွာထုံဘိ မိမိတွင်၌ ရောက်ချင်ပြည့်နှက် သစ်ပင်ခက်ကို ပွါးတက်စေငှါ ပြုခြင်းရာနှင့် မှန်စွာမပြား ထင်ရှားရှိသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ဥပါဒ်ဋ္ဌိတိ ရှိဘိနာမ်ရုပ် မချုပ်မီကြားပြန့်စီပွါးလျက် ထင်ရှားသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

**နတ္ထိပစ္စယော** = ဗဟိုရ်အညီ နာရီမကြွင်း ညဥ့်ကုန်ခြင်းသည် လျှံဝင်းသစ်သစ် နေ့ဖြစ်ခြင်းအား မမှားစေမူ ကျေးဇူးပြုသကဲ့သို့ တခုပုံကိန်း ဆိမ်းငြိမ်းသော် ခပ်သိမ်းမှောင်သစ် ဖြစ်ပြန်သောအား

မမှားစေဌါ တူစွာသတ္တိဖြင့် ကျေးဇူးပြုတတ်
သော တရားလည်းကောင်း။

ဝိဂတပစ္စယော = ဆယ့်နှစ်တိထိ အညီရက်စေ့ လပြည့်နေ့၌
ပြောင်း၍နေမင်း ဝင်လေခြင်းသည် လမင်း
ရောင်ဝန်း ထွန်းစေခြင်းအား မှန်ပြားသမှု
ကျေးဇူးပြုသို့. ဥပါဒ်ဌီဘင် ကုန်စင်ခွဲချုပ်
နာမ်နှင့်ရုပ်သည် စွဲဆုတ်အာရုံ ဖြစ်တုံမယွင်း
နောင်သင်းပင်းအား ကင်းသောသတ္တိဖြင့်
ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အဝိဂတပစ္စယော = အံ့ဘွယ်ရှစ်မည် ငြိမ်သက်တည်ရာ ပြောကျယ်
စွာသော သီတာနက်စုတ် ရေသမုဒ်သည်
အဟုတ်စရိုက် မိမိ၌လျှင် မှီထိုက်ရာရာ
သတ္တဝါထူးဆန်း မကန်း,လိပ် ငါးအပါးပါး
အား ပြန်.ပွါးပျော်စက် နှစ်သက်စေခြင်း
မကင်းသောသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့.
ဝတ္ထုဒွါရ စသည်များလတ် ရုပ်နာမ်ဓာတ်သည်
မှတ်ကြောင်းလက္ခဏာ ကိစ္စသတ္တိ မိမိသ
ဘော ရောနှောမရှင်း မကင်းသောသတ္တိဖြင့်
ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဣတိ ဣမေ

စတုဝီသတိပစ္စယာ = ဤ(၂၄)ပါးသော ပစ္စည်းတရားတို့သည်။

"မဟာပကရဏေ"=အတိုင်းမသိသောနည်းဖြင့် တန်ဆာဆင်ခြင်း၊ ထက်ဝန်းကျင်တင့်တယ် ကြည်ညိုဖွယ်ရှိခြင်းကြောင့် အနန္တနယ သမန္တပဋ္ဌာဒိက အမည်ရသော ပဋ္ဌာန်းကျမ်းကြီး၌။

ဋ္ဌိတာ = တည်ကုန်၏။

(ရတနသိဒ္ဓိ)

# အဘိဏှဝပဏှာဂါထာတော်များ

ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

သကျာနံ = မဟာသမ္မတ မင်းမှစ၍ သူရိယမိတ် အာဒိစ္စ ဂိုဏ်း တိုင်းပြုပြည်ပြု ဇမ္ဗူသင်းကျစ် နွယ်မြစ် သန့်ရှင်း သာကီဝင်မင်းတို့၏။

နန္ဒိဝမုနော = စိတ်နှလုံးကို ရွှင်ပြုံးကြည်ဖြူ နှစ်သက်ခြင်း ကို ပွားစေတော်မူတတ်သော လူသုံးဦးတို့ ကိုးကွယ်ရာ အစိန္တေယျ ဘုရားမြတ်စွာသည်။

ဗောဓိယာ = မဟာမဏ္ဍိုမ သောဠသခရိုင် မြေမဏ္ဍိုင်ဝယ် အပြိုင်ဖွားဘက် ပွားတက်သံတောင် တစ်ရာ ဆောင်သော ရွှေညောင်တော် ဗုဒ္ဓဟေ၏။

မူလေ = တံကဲပြင်နှင့် ပလ္လင်တင့်သကဲ့သို့ ဆင်သင့် အနီး အကြီးအပြန့် ချီးအံ့မဆုံး ရွှေဘုန်းတော် လျှောက် ဆယ့်လေးတောင် မြင့်မောက်လျက် ခြောက်ထွေလျှံထိန် ရသ္မီတို့ဖြင့် နှိုင်းချိန်ဘွယ် ပမာမရှိရသော အပရာဇိတ ရွှေပလ္လင်၌။

ဇယန္တောယထာ =လှံထားမဆင် မာရ်ငါးအင်ကို သုတ်သင်လွယ် ကူ အောင်တော်မူသကဲ့သို့။

ဧဝမေဝ = ဤအတူသာလျှင်။

တေ = သင့်အား။

ဇယော = ရန်အပေါင်းကို အောင်ကြောင်းအစဉ် အောင်ပွဲယင်သော အောင်မင်္ဂလာ အောင် သြဘာသည်။

ဟောတု = ဖြစ်စေသတည်း။

ဇယမင်္ဂလေ = ရန်အပေါင်းကို အောင်းကြောင်းအစဉ် အောင်ပွဲယင်သော အောင်မင်္ဂလာ အောင်သြဘာ ကြောင့်။

တွံ = သင်သည်။

ဇယဿု = အောင်ပွဲသဘင် အောင်ပွဲယင်လျှက် အောင်မင်္ဂလာကြီး အောင်မောင်းတီး၍ အောင်ကြီးအောင်မြင်နိုင်စေသောဝ်။

သဗ္ဗဗုဒ္ဓါနံ = သံသရာကိန်း ခန္ဓာတော်ငြိမ်းကြသော ခပ်သိမ်းသောဘုရားရှင်တို့၏။

အဘိသေကေ = ဗုဒ္ဓါဘိသေက ဝိသေသမင်္ဂလာ မဟာသဘင်ဆင်ယင်ကျင်းပတော်မူရာခေတ် အဘိသိက်ခံတော် မူရာဖြစ်ထသော။

ပုထုဝိပုက္ခလေ= မဟာမေဒနီ ဘေရီတလာ စည်မျက်နှာကဲ့သို့ ညီစွာပျံ့ပျံ့ ချီးအံ့မခန်း ပန်းလကျာ်ရစ် ထူးမြတ်တင့်တယ်သော မြေလည်းဖြစ်ထသော။

သီသေ = ထက်ဝန်းကျင်သော အပြင်နေရာ မြေတကာ တို့ထက် တေဇာလျှံဖိတ် မြေဦးထိပ်လည်း ဖြစ်ထသော။

အပရာဇိတ ပလ္လင်္ကေ=ရန်သူတို့သည် ကြံစည်လက်မှိုင် မအောင်နိုင် သော မဏ္ဍိုင်ဇေယျ ဘုသသင်္ဂါ အပရာဇိတ ဝိဇယရန်နှင် ရွှေပလ္လင်၌။

(အပရာဇိတပလ္လင်္ကေ = မာရ်ငါးဆင့်တို့ တိုက်လှွင့်ဖြိုလှည်းရာ အပ္ပရာဇိတ် ရောင်ဖိတ်မျိုးစုံ စိန်ခုံရတနာ ဝဇိရာပြိုးပြက် ပလ္လင်ထက်၌။)

အဂ္ဂပ္ပတ္တော = ဇာတိအာဏာ မဟာဝိသယ တိုင္ခြာနလုံး မနှုံး စအပ် အဆုံးသတ်လျှက် မြတ်သော ဘုရား အဖြစ်သို့ ရောက်တော်မူသည်ဖြစ်၍။

ဘဂဝါ = နေနှုန်းတသိမ် ရွှေဘုန်းတော်ရှိန်လှသော အစိန္တေယျ မြတ်စွာဘုရားသည်။

ပမောဒတိ ယထာ = ငါမွေ့ရာဇ် မင်းဆုံးဖြစ်ပြီဟု နှစ်သက် ကြည်ဖြူ ဝမ်းမြောက်တော်မူသကဲ့သို့။

ဧဝမေဝ = ဤအတူသာလျှင်။

အဂ္ဂပ္ပတ္တော = တရားမြတ်တို့ ပွားထပ်မျက်မှောက် လိုရာသို့ ရောက်သည်ဖြစ်၍။

တွံ = သင်သည်

ပမောဒတိ = မြတ်တရားကို ထပ်ပွားမျက်မှောက် ငါလိုရာ ရောက်ပေသည်ဟု ဝမ်းမြောက် နှစ်သက် နိုင်စေသော်။

ပမောဒတိ = အနေကဇာ ရွှေဖျာဥဒါန်း ရင့်ကျူးသန်းလျက် ရွှင်လန်းဝမ်းမြောက်တော် မူနိုင်စေသော်။

(ရတနသိဒ္ဓိ)

---ooo---

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။

သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

(အံ၊၁။၂၉၉။)

သုနက္ခတ္တံ = ကဿာရုံကို တွေ့ကြုံစေတတ် ပွားစေတတ်သော ကောင်းမြတ်သော ဂြိုဟ်နက္ခတ် တာရာသည် လည်းကောင်း။

သုမင်္ဂလံ = မကောင်းမှုကို ပေါင်းစုရိတ်ဖြတ် အောင်မြင် တတ်သော ကောင်းမြတ်သော မင်္ဂလာသည် လည်းကောင်း။

သုပ္ပဘာတံ = ကိုယ်စိတ်နှစ်ဖြာ မပူဆာသဖြင့် သမ္မာဆန္ဒ ကြံဆ နှလုံးသွင်းကောင်း မြတ်သော မိုးသောက် ခြင်းသည်လည်းကောင်း။

သုဟုင္ဒိတံ = ကိုယ်တလွန့်လွန့် တွန့်တွန့်လိမ်လိမ် မဖျင်းသိမ်ဘဲ ပျင်းရှိန်လွတ်ကင်း ကောင်းမြတ်သော ထကြွခြင်းသည်လည်းကောင်း။

သုခဏောစ = လက်ဆယ်ပစ်ကို ခဏာဆိုရကား ထိုအခါမျှကောင်းမြတ်သော ခဏသည်လည်းကောင်း။

သုမုဟုတ္တောစ= ခဏာဆယ်ခု လယပြု၍ ဆယ်ခုလယ မုဟုတ္တဟုကျမ်းမှဖေါ်ထုတ် ကောင်းမြတ်သော မုဟုတ်သည်လည်းကောင်း။

ဗြဟ္မစာရီသု = မြတ်သိက္ခာကို ဝိဇ္ဇာရောင်ဖြင့် မိစ္ဆာမှောင် လွှင့်အံ့ဟု ကျင့်လေ့ရှိကုန်သော ပုဂ္ဂိုလ်တို့အား။

သုယိဋ္ဌံ = သူတော်သူကောင်း သူမြတ်လောင်းပေဟု ကောင်းစွာ ပူဇော်ခြင်းသည်လည်းကောင်း။

ဟောတု = ဖြစ်ပါစေသတည်း။

ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏာ။
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

တေ = သင်အား။

ပဒက္ခိဏံ = ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး တိုးပွားစေတတ်သောကြောင့်မြတ်သော။

ကာယကမ္မံ = ကာယကံသည်လည်းကောင်း။

ပဒက္ခိဏံ = မြတ်သော။

ဝါစာကမ္မံ = ဝစီကံသည်လည်းကောင်း။

ပဒက္ခိဏံ = မြတ်သော။

မနောကမ္မံ = မနောကံသည်လည်းကောင်း။

ပဒက္ခိဏာ = ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး တိုးပွား တတ်စွာ မြတ်လှစွာသော ကာယကံ, ဝစီကံ, မနောကံဟူသော ကံသုံးပါး၌။

ပဏိဓိ = ဆောက်တည်ခြင်းသည်။

| | | |
|---|---|---|
| ယောတု | = | ဖြစ်စေသတည်း။ |
| ယေ ဇနာ | = | အကြင်သူတို့သည်။ |
| ပဒက္ခိဏာနိ | = | ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး တိုးပွားစေတတ် ဂုဏ်သကတ်ကြောင့် မြတ်သည်ဟု ဆိုအပ်သော ကံသုံးပါးတို့ကို။ |
| ကတွာန | = | မှုခွင့်အကြုံ ပြုကျင့်ကုန်သောကြောင့်။ |
| ပဒက္ခိဏေ | = | လောကုတ်လောကီ နှစ်လီအစုံ ကောင်းမြတ်ကုန်သော။ |
| အတ္ထေ | = | အကျိုးတို့ကို။ |
| လဘန္တိ | = | ရကြကုန်၏။ |
| တေ ဇနာ | = | ထိုသူတို့သည်။ |
| သဗ္ဗေဟိ | = | ကြွင်းမဲ့ဥဿုံ ခပ်သိမ်းကုန်သော။ |
| ဉာတိဘိ | = | အောက်နှင့်အထက် မိ,ဘဘက်ဟူသော ခုနှစ်ဆက်သော အဆွေအမျိုးတို့နှင့်။ |
| သဟ | = | တကွ။ |
| အတ္ထလဒ္ဓါ | = | လောကုတ်လောကီ နှစ်လီကောင်းကျိုး တိုးကုန်ပွားကုန် ရကြကုန်သည်ဖြစ်၍။ |

| | |
|---|---|
| **အရောဂါ** | = စက္ခုသောတ စသည်အမျိုးမျိုး ဇဝ-ဖြာ အနာကင်း ကုန်သည်ဖြစ်၍။ |
| **သုခိတာ** | = ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ |
| **ဟောထ** | = ဖြစ်စေကုန်သတည်း။ |
| **ဗုဒ္ဓသာသနေ** | = ပရိယတ်တန်ခိုး ကန်ရိုးဆည်ပိုင် ခိုင်လုံစွာဘိ ကျိုးပေါက်ခြင်းမရှိရကား ပဋိပတ်ရေ အမြဲနေ၍ ရွှေကြာမုံရင့် နေအရဏ်သင့်သကဲ့သို့ မဂ်ပွင့် ဖိုလ်သီး ဝိမုတ္တိရသာကို ပြီးစေတတ်သော ကြီးမြတ်သော ပဋိဝေဓ မြတ်ဘုရား သာသနာတော်၌။ |
| **ဝိရူဠှာ** | = တိုးတက်စည်ကား ကြီးပွားကုန်သည်။ |
| **ဟောထ** | = ဖြစ်ပါစေကုန်သတည်း။ |

(ရတနသိဒ္ဓိ)

(ဂုဏ်တော်ဖြင့် ပူဇော်မည် သံဃာတော်များနှင့်အတူ ပရိသတ်များက လိုက်ပါရွတ်ဖတ်၍ ပူဇော်နိုင်ကြပါသည်။ လိုက်ပါ ရွတ်ဖတ်၍ ပူဇော်ကြပါ)

**တံ ခေါ ပန ဘဂဝန္တံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။**

| | | |
|---|---|---|
| **တံ ခေါ ပန ဘဂဝန္တံ** | = | ဂေါတမခေါ် အနွယ်တော်ဖြင့် ထင်ပေါ်ကျော်ကြား ထိုရှင်တော်မြတ်ဘုရား၏။ |
| **ဧဝံ** | = | ဤသို့။ဝါ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ |
| **ကလျာဏော** | = | ကောင်းခြင်းဥသျှံ ဂုဏ်နှင့်ပြည့်စုံတော်မူသော။ |
| **ကိတ္တိသဒ္ဒေါ** | = | ခြီးမွမ်းအံ့သြ ကျော်စောသော အသံတော်သည်။ |
| | = | [အံ့သြခြီးကျူး သံထွက်ထူးသည့် ကျေးဇူးဂုဏ် သတင်းသည်။] |
| | = | [စကြာဝဠာလောကဓာတ် ပွဲတင်ထပ်အောင် ခြီးမွမ်းအပ်သော အသံတော်သည်။] |
| **အဗ္ဘုဂ္ဂတော** | = | ဘဝဂ်မဆံ့ လုံးစုံဖြန့်လျှက် လွှမ်းမိုးပျံ့နှံ့၍ တက်ခဲ့ပါပေ၏။ |

“ဣတိပိ သော ဘဂဝါ အရဟံ ...... ဘဂဝါတိ။”
[သုံးခေါက်(သို့မဟုတ်) ကိုးခေါက်ရွတ်ဆိုပူဇော်နိုင်ပါသည်။]

---ooo---

## နတ်နဂါးအပေါင်း ညွတ်ပြောင်းကော်ရော် ပူဇော်သမှုပြုသည့် ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော်

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃေါသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂဂဏာ မဟေသိနော။ (၁)

(အပ၊ဋ္ဌ၊၁။၈၉။ ဇာ၊ဋ္ဌ၊၁။၈၇။)

# နတ်နဂါးအပေါင်း ညွှတ်ပြောင်းကော်ရော်

## ပူဇော်သမှုပြုသည့်

## ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် အနက်-မြန်မာပြန်

အယံ = အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤမြေပြင်နှင့် ကောင်းကင်ရိုက်ကျူး ဤ အောင်မြင်မှု အထူးသည်ကား။

သိရီမတော = စက္ကဝါဠ ဤလောကဝယ် ရှိသမျှဥဿုံ ကောင်းသိရ်ဂုဏ်တို့ နှိုင်းပုံယှဉ်စေ မတူပေသား ကြက်သရေတော်အပေါင်း စုအောင်း ကိန်းပျော်ရာ ဖြစ်တော်မူထသော။

ဗုဒ္ဓဿ ဟိ = သစ္စာဉေယျ ဟူသမျှကို မြူစမကျန် သဗ္ဗဉ် ဉာဏ်ဖြင့် အမှန်သိမြင် ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏သာလျှင်။

ဇယော = လူမင်းနတ်မင်း ဗြဟ္မာမင်းတို့ ကောင်းတင်း ခြိမ့်ညံ အောင်ပွဲတော် ခံယူခြင်းပေတည်း။

ပါပိမတော = ယုတ်မာညစ်ညမ်း ပညာကာဏ်း၍ အန္ဓ စင်စစ် ဧကန်ဖြစ်သော။

မာရသေန = ဗောဓိမကိုင်ငြ ပလ္လင်မြိုက်ကို သိမ်းပိုက်ယူမည် စစ်ကြီးချီ၍ ရှစ်ဒိဋ္ဌိမ့်ညှောင်း မြေပြင်စောင်းမျှ ခြိမ်းမောင်း တိုက်ခိုက်လာသော မာရ်နတ်သား၏ကား။

ပရာဇယော = ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်၍ နောက်သို့ပြန်ကျုံ့ ရန်စမြုံ့ကို မတုံ့နိုင်ပဲ ဖုံးဖုံးလဲ၍ စစ်ပွဲရှုံးနိမ့်ခြင်းပေတည်း။

ဉာတိ = ဤသို့။

တဒါ = ထိုမဟာသက္ကရာဇ် ရာ့သုံးနှစ်ကြုံ ကဆုန်လပြည့် မာရ်အောင်သည့်နေ့၌။

ဗောဓိမဏ္ဍေ = သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတဌာနအောင်ခန်း ပလ္လင်နန်း၌။

ပမောဒိတာ = နှစ်သက်အားရမ်း ရွှင်လန်းဝမ်းမြောက်ကြကုန်သော။

နာဂဂဏာ = နတ်နဂါးအပေါင်းတို့သည်။

မဟေသိနော = သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှားမှီး လေ့ကျက်တော်မူပြီးသော မြတ်စွာဘုရား၏။

ဇယံ = ကောင်းတင်းခြိမ့်ညံ အောင်ပွဲသံကို။

ဥဋ္ဋေါသယံ = စက္ကဝါတိုက် သောင်းလုံးခိုက်အောင် ကျူး
ရိုက်ထွေငေါ် ကြွေးကြော်ကြလေကုန်ပြီ။

\-\-\-\-\-\-\-\-\-\-

ဂဠုန်မင်းအပေါင်း ညွတ်ပြောင်းကော်ရော်
ပူဇော်သမှုပြုသည့်
ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော်

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ သုပဏ္ဏသံဃာပိ မဟေသိနော။ (၂)

# ဂဠုန်မင်းအပေါင်း ညွှတ်ပြောင်းကော်ရော် ပူဇော်သမှုပြုသည့်

## ထုတိ၀ဏ္ဏနာ မင်္ဂလာဂါထာတော် (အနက်-မြန်မာပြန်)

အယံ = အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤမြေပြင်နှင့် ကောင်းကင်ရိုက်ကျိုး ဤအောင်မြင်မှု အထူးသည်ကား။

သိရိမတော = စက္က၀ါဠ ဤလောက၀ယ် ရှိသမျှဥဿုံ ကောင်းသိရ်ဂုဏ်တို့ နှိုင်းပုံယှဥ်စေ မတူပေသား ကြက်သရေတော်အပေါင်း စုအောင်းကိန်းပျော်ရာ ဖြစ်တော်မူထသော။

ဗုဒ္ဓဿ ဟိ = သစ္စာဥေယျ ဟူသမျှကို မြူစမကျန် သဗ္ဗဥ်ဉာဏ်ဖြင့် အမှန်သိမြင် ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏သာလျှင်။

ဇယော = လူမင်းနတ်မင်း ဗြဟ္မာမင်းတို့ ကောင်းတင်းခြိမ့်ညံ အောင်ပွဲတော် ခံယူခြင်းပေတည်း။

ပါပိမတော = ယုတ်မာညစ်ညမ်း ပညာကာဏ်း၍ အန္ဓစင်စစ် ဇကန်ဖြစ်သော။

မာရဿ စ = ဗောဓိမကိုင်၌ ပလ္လင်မြိုက်ကို သိမ်းပိုက်ယူမည် စစ်ကြီးချီ၍ ရှစ်ဒီငြိမ့်ညောင်း မြေပြင်စောင်းမျှ ခြိမ်းမောင်း တိုက်ခိုက်လာသော မာရ်နတ်သား၏ကား။

| | | |
|---|---|---|
| ပရာဇယော | = | ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်၍ နောက်သို့ပြန်ကျူး ရန်စမြူကို မတုံ့နိုင်ပဲ ဖုံးဖုံးလဲ၍ စစ်ပွဲရှုံးနိမ့်ခြင်းပေတည်း။ |
| ဣတိ | = | ဤသို့။ |
| တဒါ | = | ထိုမဟာသက္ကရာဇ် ရာ့သုံးနှစ်ကြုံ ကဆုန်လပြည့် မာရ်အောင်သည့်နေ့၌။ |
| ဗောဓိမဏ္ဍေ | = | သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတဌာနအောင်ခန်း ပလ္လင်နန်း၌။ |
| ပမောဒိတာ | = | နှစ်သက်အားရမ်း ရွှင်လန်းဝမ်းမြောက် ကြကုန်သော။ |
| သုပဏ္ဏသံဃာပိ | = | ဂဠုန်မင်းအပေါင်းတို့သည်လည်း။ |
| မဟေသိနော | = | သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကိုဆည်းပူးရှားမှီး လေ့ကျက်တော်မူပြီးသောမြတ်စွာဘုရား၏။ |
| ဇယံ | = | ကောင်းတင်းခြိမ့်ညံ အောင်ပွဲသံကို။ |
| ဥဃ္ဃောသယုံ | = | စက္ကဝါတိုက် သောင်းလုံးခိုက်အောင် ကျူးရိုက်ထွေငေါ် ကြွေးကြော်ကြလေကုန်ပြီ။ |

## နတ်မင်းအပေါင်း ညွှတ်ပြောင်းကော်ရော် ပူဇော်သမှုပြုသည့်

## ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော်

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။ (၃)

## နတ်မင်းအပေါင်း ညွှတ်ပြောင်းကော်ရော် ပူဇော်သမှုပြုသည့်

## ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော်(အနက်-မြန်မာပြန်)

| | | |
|---|---|---|
| အယံ | = | အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤ မြေပြင်နှင့် ကောင်းကင်ရိက်ကျူး ဤ အောင်မြင်မှု အထူးသည်ကား။ |
| သိရီမတော | = | စက္ကဝါဠ ဤလောကဝယ် ရှိသမျှဥဿုံ ကောင်းသိရီဂုဏ်တို့ နှိုင်းပုံယှဉ်စေ မတူပေသား ကြက်သရေတော်အပေါင်း စုအောင်း ကိန်းပျော်ရာ ဖြစ်တော်မူထသော။ |

ဗုဒ္ဓသ ဟိ = သစ္စာဥဒေယျ ဟူသမျှကို မြူစမကျန် သဗ္ဗညု ဉာဏ်ဖြင့် အမှန်သိမြင် ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏သာလျှင်။

ဇယော = လူမင်းနတ်မင်း ဗြဟ္မာမင်းတို့ ကောင်းတင်း ခြိမ့်ညံ အောင်ပွဲတော် ခံယူခြင်းပေတည်း။

ပါပိမတော = ယုတ်မာညစ်ညမ်း ပညာကာဏ်း၍ အနွစ်စင် စစ် ကေန်ဖြစ်သော။

မာရသ စ = ဗောဓိမကိုင်ွ ပလ္လင်မြိုက်ကို သိမ်းပိုက်ယူမည် စစ်ကြီးချီ၍ ရှစ်ဒီငြိမ့်ညောင်း မြေပြင်စောင်းမျှ ခြိမ်းမောင်း တိုက်ခိုက်လာသော မာရ်နတ် သား၏ကား။

ပရာဇယော = ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်၍ နောက် သို့ပြန်ကျူ ရန်စမြူကို မတုံ့နိုင်ပဲ ဖုံးဖုံးလဲ၍ စစ်ပွဲရှုံးနိမ့်ခြင်းပေတည်း။

ဣတိ = ဤသို့။

တဒါ = ထိုမဟာသက္ကရာဇ် ရှာသုံးနှစ်ကြုံ ကဆုန်လ ပြည့် မာရ်အောင်သည့်နေ့၌။

ဗောဓိမဏ္ဍေ = သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတ ဌာနအောင်ခန်း ပလ္လင်နန်း၌။

ပမောဒိတာ = နှစ်သက်အားရမ်း ရွှင်လန်းဝမ်းမြောက်ကြ ကုန်သော။

ဒေဝဂဏာ = ထက်ခွင်မိုးရပ် နတ်မင်းအပေါင်းတို့သည်။

မဟေသိနော = သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှားမှီး လေ့ကျက်တော်မူပြီးသော မြတ်စွာဘုရား၏။

ဇယံ = ကောင်းတင်းခြိမ့်ညံ့ အောင်ပွဲသံကို။

ဥဌ္ဌေါသယုံ = စက္ကဝါဠတိုက် သောင်းလုံးခိုက်အောင် ကျူးရိုက်ဖွေငေါ် ကြွေးကြော်ကြလေကုန်ပြီ။

## ဖြဟ္မာမင်းအပေါင်း ညွှတ်ပြောင်းကော်ရော် ပူဇော်သမှုပြုသည့်

### ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော်

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဗြဟ္မဂဏာပိ မဟေသိနော။ (၄)

## ဗြဟ္မာမင်းအပေါင်း ညွှတ်ပြောင်းကော်ရော် ပူဇော်သမှုပြုသည့်

### ထုတိဝဏ္ဏနာ မင်္ဂလာဂါထာတော် (အနက်-မြန်မာပြန်)

အယံ = အသက်မရှိ ကယ်မှန်ဘိလျက် သက်ရှိကဲ့သွင် ဤမြေပြင်နှင့် ကောင်းကင်ရိုက်ကျူး ဤ အောင်မြင်မှု အထူးသည်ကား။

သိရီမတော = စက္ကဝါဠ ဤလောကဝယ် ရှိသမျှဥဿုံ ကောင်းသိရိဂုဏ်တို့ နိုင်းပုံယှဉ်စေ မတူပေ သား ကြက်သရေတော်အပေါင်း စုအောင်း ကိန်းပျော်ရာ ဖြစ်တော်မူထသော။

ဗုဒ္ဓသ ဟိ = သစ္စာဥေယျ ဟူသမျှကို မြူစမကျန် သဗ္ဗညု ဉာဏ်ဖြင့် အမှန်သိမြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏သာလျှင်။

ဇယော = လူမင်း,နတ်မင်း ဗြဟ္မာမင်းတို့ ကောင်းတင်း ခြိမ့်ညံ အောင်ပွဲတော် ခံယူခြင်းပေတည်း။

ပါပိမတော = ယုတ်မာညစ်ညမ်း ပညာကာဏ်း၍ အန္ဓစင်စစ် ကေန် ဖြစ်သော။

မာရဿ စ = ဗောဓိမကိုင်၌ ပလ္လင်မြိုက်ကို သိမ်းပိုက်ယူမည် စစ်ကြီးချီ၍ ရှစ်ဒိုင်ခြိမ့်ညောင်း မြေပြင်စောင်းမျှ ခြိမ်းမောင်း တိုက်ခိုက်လာသော မာရ်နတ်သား၏ကား။

ပရာဇယော = ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်၍ နောက်သို့ပြန်ကျူ ရန်စမှုကို မတုံ့နိုင်ပဲ ဖုံးဖုံးလဲ၍ စစ်ပွဲရှုံးနိမ့်ခြင်းပေတည်း။

ဣတိ = ဤသို့။

တဒါ = ထိုမဟာသက္ကရာဇ် ရှာသုံးနှစ်ကြုံ ကဆုန်လပြည့် မာရ်အောင်သည့်နေ့၌။

ဗောဓိမဏ္ဍေ = သဗ္ဗညုဉာဏ် ရင့်သန်ကြည်ရာ အပရာဇိတဌာနအောင်ခန်း ပလ္လင်နန်း၌။

ပမောဒိတာ = နှစ်သက်အားရမ်း ရွှင်လန်းဝမ်းမြောက်ကြကုန်သော။

ဗြဟ္မဂဏာပိ = ထက်ခွင်ရပ်ရွာ ဗြဟ္မာမင်းအပေါင်းတို့သည်လည်း။

မဟာသိနော = သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှားမှီး လေ့ကျက်တော်မူပြီးသော မြတ်စွာဘုရား၏။

ဇယံ = ကောင်းတင်းခြိမ့်ညံ အောင်ပွဲသံကို။

ဥဒ္ဓေါသယုံ = စက္ကဝါတိုက် သောင်းလုံးခိုက်အောင် ကျူးရိုက်ထွေငေါ် ကြွေးကြော်ကြလေကုန်ပြီ။

ဤ စကြဝဠာမှ ကြွင်းသည့် စကြဝဠာတိုက်တစ်သောင်း၌ နေကြသော နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း ပန်း၊ နံ့သာ၊ နံ့သာပျောင်းတို့ဖြင့် ညွတ်ညောင်းကော်ရော် ပူဇော်ကြကုန်လျက်လည်းကောင်း၊ အထူးထူး အပြားပြားသော ထုတိဝဏ္ဏနာ မင်္ဂလာစကားမြွက်ကြား ကျူးသီကြကုန်လျက်လည်းကောင်း အလောင်းတော်သူမြတ်ထံသို့ လာရောက်စည်းဝေး ညီမူကြလေကုန်၏။

(မဟာဗုဒ္ဓဝင်၊၂။၁၀၈-၁၁၂။)

## လက်နက်ကြီးများအောင်ဂါထာ ဘုရားရှိခိုး

ဝါတံ ဝဿဥ္စ ပါသာဏံ၊ အာဝုဓံ ဝါဠုကံ တထာ။
ကုက္ကုဠံ ကလလင်္ဂါရံ၊ အန္ဓကာရဉ္စိမေ နဝ။
သတ္တေ မာရေန ဝိဿဋ္ဌေ၊ ဝိဇယန္တံ ဇိနံ နမေ။
မယမ္ပိ တေန ပုညေန၊ ဝိဇေယျံ သဗ္ဗမာယုဓေ။
(မဟာဗုဒ္ဓဝင်၊၂။၂၉၁-၃။)

ဝါတံ = လောကထွတ်ထား ဒို့ဘုရားလျှင် ငါးပါးမာရ်ချွေ ပလ္လင်ဗွေ၌ စံနေခိုက်ခါ မာရ်နတ်လာလျက် စက္ကဝါတိုက် တောင်ဖြင့်ရိုက်၍ ပန်းမှိုက်မြူစုဏ် သေးဖွဲ့နုံ့သို့ မှုန့်မှုန့်ညက်ကြေ ပျက်ပစေဟု စေတနာဆိုး ပြုဖန်ပျိုးသား မိုးရပ်သိမ့်ဟီး မြေကြီးပဲ့တင် သစ်ပင်ကျောက်တုံး အိမ်အလုံးကို ချေမှုန်းဖြတ်ပိုင်း ရှစ်ရပ်တိုင်းမှ အုံ့မှိုင်းလေဆိုး မုန်တိုင်းလက်နက်မျိုးကိုလည်းကောင်း။

ဝဿဥ္စ = အဟုန်မီးခိုး စီးကျသွယ်သွယ် ရေပြင်ကျယ်၌ မှီဖွယ်ကင်းဖည် သေစိမ့်ရည်၍ တမည်ပြုစား ထန်းလုံးဖျားနှင့် တောင်ဖျားမျှခေါင် အမြင့်ဆောင်သား ရှစ်ဘောင်ရပ်ခန်း ပြည့်မောက်လျှမ်းသည့် မိုးကြမ်းရေဆိုး လက်နက်မျိုးကိုလည်းကောင်း။

ပါသာဏံ = ကျောက်ဖြင့်ကြိတ်ဖျက် မုန့်မုန့်ညက်လျှင် နှိပ်စက်စေရန် တမည်ဖန်၍ နဘန်မိုးလုံး ထစ်ချုံးခြိမ့်ညံ တိုက်ခတ်သံနှင့် အလျှံဖြိုးဖြိုး ကျောက်ခဲ ကျောက်စိုင်မိုးကိုလည်းကောင်း။

အာဝုမံ = အသွေးတခြား အသားတစ်ထွေ အရေတစ်မျိုး အရိုးတဂိုဏ်း ထိုးခုတ်ပိုင်း၍ မဆိုင်းသေရန် ပြုစီမံသား အလျှံပြိုးပြက် မိုးလုံးလက်အောင် တစ်ဖက်အသွား နှစ်ဖက်သွားဟု လှံ,ဓား စသည်အမည်မည်လျှင် စုံစီဖန်ပျိုးလက်နက်မိုး ကိုလည်းကောင်း။

ဝါဠုကံ တထာ = ထွက်လေ,ဝင်လေ နှစ်ထွေမရှိ သဲဖြင့်ပိ၍ မချိသေအောင် ပြုဆောင်ဖန်ပျိုး သဲထုမိုးကို လည်းကောင်း။

ကုက္ကုဠံ = တစိမ့်စိမ့်ပူ သေအောင်ဟူ၍ သူအကြံပျိုး ပြာပူမိုးကို လည်းကောင်း။

ကလလံ = ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး ရွှံ့ညွန်မိုး ကိုလည်းကောင်း။

အင်္ဂါရံ = တခဏချင်း အပြင်းပူလောင် သေအောင်ဖန် ပျိုး မီးကျီးမိုးကိုလည်းကောင်း။

အန္ဓကာရံ = ကြည့်သော်မစွမ်း စမ်းသော်မထင် ကြောက် စိတ်ဝင်၍ အလျင်သေရန် တတန်ပြုဆောင် အမိုက်မှောင်ကို လည်းကောင်း။

ဣတိဧဝံ = ဤသို့။

မာရေန ဝိသဒ္ဒေ = မာရ်နတ်မိစ္ဆာ အယုတ်တမာလျှင် ကြိမ်းကာ ဆင့်ဆင့် ပစ်လွှင့်အပ်ကုန်သော။

ဣမေ နဝ သတ္တေ = လေ, မိုး, ကျောက်, သဲ,ညွန်, မီးခဲနှင့် ပြာမွဲ, မိုက်မှောင် ပြောင်ပြောင်လက်လက် ရောင်ပြိုးပြက်ဟု ကိုးချက်ရန်စွယ် လက်နက်မျိုးအန္တရာယ်တို့ကို။

ဝိဇယန္တ် = မိုလ်ပါအပေါင်း သောင်းကုဋေအား ဆောင်နိုင်ငြားလည်း ရိုက်လားပုတ်လား အဖအပါး ဝယ် ဆိုးဝါးမာန်မူ သားငယ်တူသို့ သီတဂုနှုန်း ကြည်နှလုံးဖြင့် မြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်ခြင်းကြီး အောင်တော်မူထသော။ ဝါ၊ အောင်တော်မူသောကြောင့်။

ဖိနံ = ဖိနဟူသည် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခပ်နိုပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို။

မယံ = စတုသမုဋ္ဌာန် ပြုလုပ်ဖန်သည့် ရုပ်နာမ် ပေါင်းချုပ် အကျွန်ုပ်တို့သည်။

နမေ-နမာမ = ကိုယ်နှုတ်,နှလုံး သုံးပါးပြောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျှက် ရှိခိုးဦးချ ကန်တော့ကြပါကုန်၏ မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

မယမှိ = စတုသမုဋ္ဌာန် ပြုလုပ်ဖန်သည့် ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့သည်လည်း။
တေန ပုညေန= လက်နက်အမျိုးမျိုး ဖျက်ချိုးနှိမ်ချူး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးဝန္ဒနာ စေတနာပဏာမထို မြတ်ပုညကြောင့်။
သဗ္ဗမာယုဓေ = သေနတ်၊ လေး၊မြား၊ လှံ၊ဓား၊မီးပေါက်၊ အမြောက်စိန်ပုံး ချေမှုန်းခွင်းဖြတ် အကျဉ်းမှတ်သော် လွတ်အပ်မလွတ်အပ် နှစ်ရပ်ကျုံးချုံ အလုံးစုံသော လက်နက်မျိုးစုံတို့ကို။
ဝိဓေယျုံ = ယနေ့ကစ နိဗ္ဗာန်ရသည့် ကာလတစ်ခွင် သံသရာပြင်ဝယ် မမြင်ရမကြားရ အဝေးကပင် အောင်ရ၊ နိုင်ရ အောင်နိုင်ရပါလိုပါကုန်၏ မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

---၀၀၀---

ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနဉ္စ ဗျာမပ္ပဘာယဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ တထာ နော ဟောတု။

ဗုဒ္ဓါနံ = ဘုရားရှင်တို့၏။

ဇီဝိတဿ = အသက်တော်၏လည်းကောင်း။

သဗ္ဗညုတညာဏဿ = သဗ္ဗညုတဉာဏ်တော်မြတ်၏လည်း ကောင်း။

အဘိဟဋ္ဌာနံ = လျှုမြည်ဟု ရည်ရွယ်၍ ရှေးရှုဆောင်ယူ လာအပ်ကုန်သော။

စတုန္နံ ပစ္စယာနံ = ပစ္စည်းလေးပါးတို့၏လည်းကောင်း။

အသီတိယာ-

အနုဗျဉ္ဇနာနဉ္စ = လက္ခဏာတော်ငယ် ရှစ်ဆယ်တို့၏ လည်းကောင်း။

ဗျာမပ္ပဘာယဝါ = တစ်လံမျှ ထွန်းလင်းတောက်ပနေသော ရောင်ခြည်တော်ဝန်း၏ လည်းကောင်း။

ကေနစိ = တစ်စုံတစ်ယောက်သော လူ,နတ်, ဗြဟ္မာ သတ္တဝါသည်။

အန္တရာယော = အန္တရာယ်ကို။

ကာတုံ = ပျက်စီးအောင် ပြုလုပ်ခြင်းငှာ။

န သက္ကာ = မတတ်နိုင်ပါပေ။

နော = အကျွန်ုပ်တို့အား။

တထာ = ထိုဘုရားရှင်အတူ အန္တရာယ် ကင်းသူ သည်။

ဟောတု = ယခုဆိုအပ်သော သစ္စာစကားကြောင့် စင်စစ်မသွေ ဖြစ်ပါစေသတည်း။

မာရာရိဗလဝိဿဋ္ဌာ၊ ကုဏ္ဍာ နာနာဝိဓာယုဓာ
လဒ္ဓမာနညဝေသေန၊ ဖိန ပါဒနတာ တဝ။
ဇတေန သစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု သာဓဝေါ။

မာရာရိဗလဝိဿဋ္ဌာ = မာရ်မင်း, မာရ်မင်း၏ စစ်သည်ရဲမက် ဗိုလ်ပါအပေါင်းတို့သည် ဘုရားအလောင်းတော်၏ အထံမှောက်သို့ မရောက် ရောက်အောင် စွန့်လွှတ်ပစ် ခတ်အပ်ကုန်သော။

နာနာဝိဓာ = အထူးထူး အထွေထွေအားဖြင့် အမျိုးမျိုး အဖုံဖုံ ဆန်းကြယ်စွာ စီရင်၍ ထားအပ်ကုန်သော။

အာယုဓာ = လေ, မိုး, ကျောက်, သဲ, ညွန်မီးခဲနှင့် ပြာမွဲ မိုက်မှောင် ပြောင်ပြောင်လက်လက် ရောင်ပြိုးပြက်လျှင် ကိုးချက်ရန်စွယ် လက်နက်မျိုး အန္တရာယ်တို့သည်။

ကုဏ္ဍာ = မထက်လုံးလုံး အစွမ်းသတ္တိ တုံးကုန်သည် ဖြစ်၍။

လဒ္ဓမာနာ = လက်နက်တည်းဟူသော ကြမ်းတမ်းသော အသွင်သဏ္ဍာန်ဖြင့် ဘုရားအလောင်းတော်၏ ခြေတော်ရင်းသို့ ဝင်ရောက်ခိုလှုံ ဖူးမြော်ဦးခိုက်ရမည်ကို ရက်ကြောက်ကြကုန်သောကြောင့်။

**အညဝေသေန** = လက်နက်တည်းဟူသော ကြမ်းတမ်းသော အသွင်သဏ္ဌာန်ကို ပယ်ဖျောက်လျက် ပန်းပေါက်ပေါက် အမွှေးနံ့သာဟူသော အသွင်သဏ္ဌာန်ဖြင့်။

**ဇိနံ** = အောင်တော်မူ ရှင်တော်မြတ်ဘုရား။

**တဝ** = ရှင်တော်မြတ်ဘုရား၏။

**ပါဒနတာ** = ခြေတော်အစုံ ကြာပဒုံတို့ကို ခိုလှုံဦးတိုက် ဖူးမြော်လိုက်ကြရပါကုန်၏ အရှင်ဘုရား။

**ဇေတေန သစ္စဝစ္ဆေန** = ဤသို့ မာရ်မင်း, မာရ်မင်း၏ စစ်သည် ရဲမက် ဗိုလ်ပါအပေါင်းတို့သည် ရှိသမျှ အားခွန်ဗလတို့ဖြင့် ဘုရားအလောင်းတော်၏ အထံမှောက်သို့ မရောက်ရောက်အောင် စွန့်လွှတ်ပစ်ခတ်အပ်ကုန်သော လေ, မိုး, ကျောက်, သဲ, ညွှန်မီးခဲနှင့် ပြာမွဲ မိုက်မှောင် ပြောင်ပြောင်လက်လက် ရောင်ပြိုးပြက်လျှင် ကိုးချက်ရန်စွယ် လက်နက်မျိုး အန္တရာယ်တို့၏ လက်နက်တည်းဟူသော ကြမ်းတမ်းသော အသွင် သဏ္ဌာန်ကို ပယ်ဖျောက်လျက် ပန်းပေါက် ပေါက် အမွှေးနံ့သာတည်းဟူသော အသွင် သဏ္ဌာန်ဖြင့် ဘုရားအလောင်းတော်၏ ခြေတော်ရင်းသို့ ဝင်ရောက်ခိုလှုံ ဖူးမြော်ဦး ခိုက်ရခြင်းဟူသော ဤသစ္စာ စကားကို

ဤယနေ့ ဤ (စေတီတော်ယင်ပြင်) ၌ မြွက်ဆိုရခြင်းကြောင့်။

သာမဝေါ = (စေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခြင်း စိန်ဖူးတော် ငှက်မြတ်နားတော်မြတ်နှင့် ရွှေထီးတော်အတွက် တင်လှူခြင်း) ဘုရားရှင်၏ ကိုယ်တော်စား ရုပ်ပွား ဆင်းတုအပေါင်း စေတီတော်မြတ်အပေါင်း ပုံတော်မြတ်အပေါင်းကို အနေကဓာတင် ဗုဒ္ဓါဘိသေက ဗုဒ္ဓပူဇနိယမင်္ဂလာ သဘင် ဆင်ယင်ကျင်းပခြင်း အစရှိသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြကုန်သော ဘုရားသားတော် သမီးတော်အပေါင်း ဆွေတော်မျိုးတော်အပေါင်း သူတော်ကောင်းတို့သည်။

သုခိတာ = ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကင်းကွာ၍ ကျန်းမာချမ်းသာခြင်း ရှိကြကုန်သည် ဝမ်းသာ လန်းဖြာခြင်းရှိကြကုန်သည်။

ဟောန္တု = ယခုဆိုအပ်တဲ့ သစ္စာစကားနဲ့ သံဃာတော်အရှင်မြတ်တို့၏ ပို့လွှတ်အပ်သော မေတ္တာဓာတ်အရှိန်အဝါကြောင့် အချိန်မကြာ ကိုယ်စီကိုယ်ငှ ပြီးပြည့်စုံကြစေကုန်သတည်း။

———— ———— ————

ဣမေဟိ အင်္ဂေဟိ တမဂ္ဂပုဂ္ဂလံ၊

ဒေဝါတိဒေဝံ နရဒမ္မသာရထိံ။

သမန္တစက္ခုံ သတပုညလက္ခဏံ၊

ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ။

(မိလိန္ဒ။၁၁၆။မ္မေ၊ဋ္ဌ၊၁။၉၅။ ဓာ၊ဋ္ဌ၊၄။၁၆၁။)

| | | |
|---|---|---|
| အဟံ | = | သေချိန်နီးကပ် အကျွန်ုပ်ဒေဝဒတ်သည်။ |
| ဣမေဟိ အင်္ဂေဟိ | = | ဤအရိုးတို့ဖြင့်၄င်း။ |
| ဣမေဟိ ပါဏေဟိ | = | ဤကျန်ရှိနေသေးသော အသက်တို့ဖြင့်လည်းကောင်း။ |
| အဂ္ဂပုဂ္ဂလံ | = | လောကဓာတ်ဝယ် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူထသော။ |
| ဒေဝါတိဒေဝံ | = | သမ္မုတိနတ် ဥပပတ္တိနတ်တို့ထက် မြင့်မြတ်ထွန်းပြောင် အခေါင်ဥက္ကဌ် ဝိသုဒ္ဓိနတ်ဖြစ်တော်မူထသော။ |
| နရဒမ္မသာရထိံ | = | ဆုံးမသင့်သူ နတ်လူပြဟ္မာ သတ္တဝါကို ဒေသနာမြိုက်ဆေး တိုက်ဖျော်ကျွေး၍ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ထသော။ |

သမန္တစက္ခုံ = သမန္တစက္ခု သဗ္ဗညုတာ ဉာဏ်မဟာနှင့် ကောင်းစွာ လောက်လုံ ပြည့်စုံတော်မူထသော။

သတပုညလက္ခဏံ = အရာမက များလှဘိတောင်း ကုသိုလ်ပေါင်း ကြောင့် မပြောင်းရှုဖွယ် လွန်တင့်တယ်သည့် ကြီးငယ်နှစ်ဖြာ မဟာပုရိသ လက္ခဏာတို့ နှင့် ပြည့်စုံတော်မူထသော။

တံ ဗုဒ္ဓံ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် သုံးလောက ထွတ်ထား ထိုမြတ်စွာဘုရားကို။

သရဏံ = ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခို ရာဟူ၍။

ဉပေမိ = မဟာကုသလ ဉာဏသမ္ပယုတ် ဥက္ကဋ္ဌ် တိဟိတ် မြတ်သောစိတ်ဖြင့် ဖိတ်ဖိတ် ကြည်ရွှင် သက်ဝင်ဆည်းကပ် သိမှတ်ပါ ၏။

(မဟာဗုဒ္ဓဝင်၊၄။၆၅၈-၉။)

-----✽-----

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(ခုဒ္ဒက၊၅။ သုတ္တနိ၊၃၁၂။)

| | |
|---|---|
| ဣဓ ဝါ | =ဤလူ့ပြည်၌ာန လူ့လောက၌သော်လည်း ကောင်း။ |
| ဟုရံ ဝါ | = နဂါးပြည် ဂဠုန်ပြည်၌သော်လည်းကောင်း။ |
| သဂ္ဂေသု ဝါ | = ထက်ရပ်၌ာနေ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ သော်လည်းကောင်း။ |
| ဝိတ္တံ | = နှစ်သက်ဖွယ်တောင်း ကောင်းမြတ်လှစွာ သော။ |
| ပဏီတံ | = အားမရ တင်းမတိမ်နိုင်ကြသဖြင့် မွန်မြတ် လှစွာသော။ |
| ယံ ကိဉ္စိ | = ကြွင်းမဲ့ဥဿုံ အလုံးစုံသော။ |
| ယံ ရတနံ | = ရတနာဟုခေါ်ဆိုသတ်မှတ် အကြင်မြင့် မြတ်သော ဥစ္စာသည်။ |

| | |
|---|---|
| အတ္ထိ | = စင်စစ်မသွေ ထင်ရှားရှိပါပေ၏။ |
| တထာဂတေန | = မြတ်စွာဘုရားရှင်နှင့်။ |
| သမံ | = တူပြိုင်ညီမျှသော ဥစ္စာရတနာသည်။ |
| န ေနာ အတ္ထိ | = တစိုးတစိ မရှိပေသည်သာ။ |
| ဗုဒ္ဓေ | = သစ္စာလေးပါး တရားသိမြင် ဘုရားရှင် ဟူသော။ |
| ဣဒမ္ပိ ရတနံ | = ရတနာဟု သိသာရတုံ ဤဂုဏ်တော်အပေါင်းသည်လည်း။ |
| ပဏီတံ | = အတိဣဋ္ဌ သောဘဏီ လောကီရတနာတို့ထက် အလွန်မွန်မြတ်လှပေသည်သာ။ |
| ဧတေန သစ္စေန | = ဤသို့ဟုတ်မှန် ဖော်ထုတ်ပြန်သည့် အမှန်ဆိုငြား သစ္စာစကားကြောင့်။ |
| သုဝတ္ထိ ဟောတု | = သတ္တဝါတွေ ချမ်းသာကြပါစေ။ |

ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ခုဒ္ဒက၊၇။သုတ္တနိ၊၃၁၄။

ဂိမှာန မာသေ = ဆောင်းကိုလွန်မြောက် နွေဦးရောက်ရာဖြစ်သော။

ပဌမသ္မိံ ဂိမှေ = ပွင့်ကြဖူးကြ တန်ခူးလ၌။

ဖုဿိတဂ္ဂေ = ဖူးပွင့်ငုံစီ ညှာတံစီရရီတို့ဖြင့် တင့်တယ် လှပသော အခက်ဖျားရှိသော။

ဝနပ္ပဂုမ္ဗေ = ခြုံနွယ်ပိတ်ပေါင်း အုပ်ဆောင်းပွေ့ရှုပ် တောအုပ်သည်။

သဿိရိကော

ယထာ = ရှုမြင်သူမမေ့နိုင်အောင် အလွန်အသရေနှင့် ပြည့်စုံသကဲ့သို့။

| | | |
|---|---|---|
| ဗုဒ္ဓေါ | = | သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်။ |
| တထူပမံ | = | တင့်တယ်သာမော ရှုမောဖွယ်စုံ ထိုရဂုံလျှင် နှိုင်းခိုင်းဖွယ်ရာ ဥပမာရှိသော။ |
| နိဗ္ဗာနဂါမိံ | = | ကိလေသာအပူမီးတောက်တို့ အပြီးတိုင် ငြိမ်းပျောက်ရာမှန် နိဗ္ဗာန်သို့ ရောက်စေနိုင်သော။ |
| ဓမ္မဝရံ | = | သီလ သမာဓိ ပညာပြည့်ဝ ပရိယတ္တိဓမ္မကို။ |
| ပရမံ ဟိတာယ | = | နိဗ္ဗာနဓာတ် ကပ်ရောက်တိုးပွါး အကျိုးများစေခြင်းငှါ။ |
| အဒေသယိ | = | မဟာကရုဏာရှေ့ထား ဟောကြားတော်မူပြီ။ |
| ဗုဒ္ဓေ | = | သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ဟူသော။ |
| ဣဒမ္ပိ ရတနံ | = | ရတနာဟု သိသာရတုံ ဤဂုဏ်တော်အပေါင်းသည်လည်း။ |
| ပဏီတံ | = | အတိက္ကန္တ သောဘဏီ လောကီရတနာတို့ထက် အလွန် မွန်မြတ်လှပေသည်သာ။ |
| ဧတေန သစ္စေန | = | ဤသို့ဟုတ်မှန် ဖော်ထုတ်ပြန်သည့် အမှန်ဆိုငြား သစ္စာစကားကြောင့်။ |
| သုဝတ္ထိ ဟောတု | = | သတ္တဝါတွေ ချမ်းသာကြပါစေ။ |

ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(ခုဒ္ဒက၊၇။သုတ္တနိ၊၃၁၄။)

ဝရော = မြင့်မြတ်သော စိတ်ထားရှိသူတို့သည် နှစ်လိုတောင့်တ မြင့်မြတ်တော်မူထသော။

ဝရညူ = ကိလေသာ အငြိမ်းဓာတ် နိဗ္ဗာန်အရပ်ကို သိမြင်တော်မူပြီးသော။

ဝရဒေါ = ဆည်းကပ်လာသူ သတ္တဝါဗိုလ်လူ ဟိန္ဒူတို့အား ကောင်းမြတ်သော မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကို ပေးတော်မူတတ်သော။

ဝရာဟရော = နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်းကြောင်းသို့ မရောက် ရောက်အောင် ပို့ဆောင်ပေးတော်မူတတ်သော။

အနုတ္တရော = သီလ သမာ ပညာဝိမုတ် ဉာဏ်အချုပ်ကြောင့် ဂုဏ်ပုဒ်ကဲသူ ဂုဏ်ရည်တူ ရှိတော်မမူသော မြတ်စွာဘုရားရှင်သည်။

| | | |
|---|---|---|
| ဓမ္မဝရံ | = | သွက္ခာတတာ အစဖြာသည့် အင်္ဂါခြောက်တန် လောကင်ပြည့်လတ် တရားတော်မြတ်ကို။ |
| အဒေသယိ | = | မဟာကရုဏာရှေ့ထား ဟောကြားတော်မူပြီ။ |
| ဗုဒ္ဓေ | = | သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ဟူသော။ |
| ဣဒမ္ပိ ရတနံ | = | ရတနာဟု သိသာရတုံ ဤဂုဏ်တော်အပေါင်းသည်လည်း။ |
| ပဏီတံ | = | အတိဣဋ္ဌ သောဘဏီ လောကီရတနာတို့ထက် အလွန် မွန်မြတ်လှပေသည်သာ။ |
| ဧတေန သစ္စေန = | | ဤသို့ဟုတ်မှန် ဖော်ထုတ်ပြန်သည့် အမှန်ဆိုငြား သစ္စာစကားကြောင့်။ |
| သုဝတ္ထိ ဟောတု= | | သတ္တဝါတွေ ချမ်းသာကြပါစေ။ |

ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

(ခုဒ္ဒက၊၇။ သုတ္တနိ၊၃၁၂။)

ဣဓ = ရတနသုတ် ပရိတ်တော်မြတ် ရွတ်ဖတ်ပူဇော်ရာ ဤအရပ်သို့။

သမာဂတာနိ = ညီညာဖျဖျ စည်းဝေးရောက်ရှိလာကြ ကုန်သော။

ဘုမ္မာနိ = မြေ၌မှီတွယ်နေကြကုန်သော။

ယာနိ ဘူတာနိ ဝါ= ဘုမ္မဇိုဝ်း, ရုက္ခဇိုဝ်း အကြင်အမျိုးမျိုးသော နတ်တို့သည်လည်းကောင်း။

အန္တလိက္ခေ = အဇ္ဈာဝဟောင် ကောင်းကင်၌ တည်နေကုန်သော။

ယာနိ ဘူတာနိ = အကြင်အာကာသစိုး နတ်တို့သည်လည်းကောင်း။

ဒေဝမနုဿပူဇိတံ = နတ်လူပြဟ္မာတို့သည် လေးမြတ်ကော်ရော် ပူဇော်အပ်သော။

တထာဂတံ = ပါရမီသုံးဆယ် သုံးသွယ်စရိယ စာဂငါးခု ကောင်းမှု တို့ကို ဖြည့်ကျင့်တော်မူခြင်းကြောင့် ရှေးဘုရားရှင်တို့အတူ ကောင်းသော ကြွလာခြင်းရှိတော်မူသော။

ဗုဒ္ဓံ = သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကို။

နမဿာမ = ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကို လျှော့လျက် တပည့်တော်တို့ ရှိခိုးဦးချကြပါကုန်၏။

ဧတေန သစ္စေန = ဤသို့ဟုတ်မှန် ဖော်ထုတ်ပြန်သည့် အမှန်ဆိုငြား သစ္စာစကားကြောင့်။

သုဝတ္ထိ ဟောတု = သတ္တဝါတွေ ချမ်းသာကြပါစေ။

မဟာကာရုဏိကော နာထော၊

ဟိတာယ သဗ္ဗပါဏိနံ။

ပူရေတွာ ပါရမီ သဗ္ဗာ၊

ပတ္တော သမ္ဗောဓိ’မုတ္တမံ။

ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

မဟာကာရု

ဏိကော = သတ္တဝါဗိုလ်လူ ဟိန္ဒူဂူကို နိဗ္ဗူအောင်မြို့ ဆောင်ပို့ ပေတတ် ကြီးမြတ်သော အသာဓာရဏ မဟာကရုဏာ ရှိတော်မူထသော။

နာထော = သတ္တလောက၏ အားထားကိုးစားရာ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည်။

သဗ္ဗပါဏိနံ = သုံးလောကဘုံသား သတ္တဝါအားလုံးတို့၏။

ဟိတာယ = ပစ္စုပ္ပန် တမလွန် နှစ်တန်ပွါးတိုး အကျိုးများစေခြင်းငှါ။

သဗ္ဗာ ပါရမီ = အမျှသုံးဆယ် များကျယ်အညီ ပါရမီကောင်းမှုတို့ကို။

ပူရေတွာ = သစ်သစ်အားဆင့် ဖြည့်ကျင့်တော်မူပြီး၍။

ဥတ္တမံ = ကိလေသာမကပ် မြင့်မြတ်လှစွာသော။

| | | |
|---|---|---|
| သမ္မောဓိံ | = | အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်သို့။ |
| ပတ္တော | = | ဆိုက်ရောက်တော်မူလေပြီ။ |
| ဧတေန သစ္စေန | = | ဤသို့ဟုတ်မှန် ဖော်ထုတ်ပြန်သည့် အမှန်ဆိုငြား သစ္စာစကားကြောင့်။ |
| မေ | = | အကျွန်ုပ်အား။ |
| သဗ္ဗဒါ | = | နေ့ညမပြတ် အခါခပ်သိမ်း။ |
| သောတ္ထိ | = | ဘေးရန်ကင်းကွာ ချမ်းသာခြင်းသည်။ |
| ဟောတု | = | စင်စစ်မသွေ ဖြစ်ပါစေသတည်း။ |

ဗုဒ္ဓါနုဿတိဘာဝနာဖြင့်

ကိလေသာစိတ်ယုတ်မာများကို

ပယ်ဖျောက်လိုသောသူတော်စင်များ

ဗုဒ္ဓါနုဿတိဘာဝနာပွားများ နိုင်ရန်ရည်ရွယ်၍

စီစဉ်ရေးသားအပ်သော

# ဗုဒ္ဓဂုဏ ဝန္ဒနာ ပူဇာဝလိကထာ

(ဘုရားရှင်၏ ဂုဏ်တော်တို့ကို ရှိခိုးပူဇော်ခြင်းများ)


**အရှင်ကုမာရ**

အဂ္ဂမဟာပဏ္ဍိတ

ဒုတိယပါမောက္ခချုပ်ဆရာတော်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)



၁၃၇၄-ခု၊ တပို့တွဲလဆန်း (၈)ရက်

၁၈-၂-၂၀၁၃ (တနင်္လာနေ့)


= =✦=✦=✦= =

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ယော တတော အာရကာနာမ၊
ယဿ ယေနာသမင်္ဂိတာ။
အသမင်္ဂိစ ဒေါသေဟိ၊
နာထော တေနာရဟံ မတော။

ဝိသုဒ္ဓိ၊၁။၁၉၂။ သာရတ္ထ၊၂။၂၁၇။

ယဿ နာထဿ = အကြင်မြတ်စွာဘုရားအား။
ယေန = အကြင် သုံးထောင်ဝက် ကိလေသာ အပေါင်းနှင့်တကွ။
အသမင်္ဂိတာ = မပြည့်စုံခြင်းသည်။ ဝါ၊ မဖြစ်ခြင်းသည်။
ဒေါသေဟိ = ကိလေသာညစ်ဆိုး အပြစ်အမျိုးမျိုးတို့နှင့် တကွ။
အသမင်္ဂိ စ = ပြည့်စုံမှု၏ မဖြစ်ခြင်းသည်လည်း။
ဟောတိ = စင်စစ်မသွေ ဖြစ်ပါပေ၏။
တတော = ထိုကိလေသာညစ်ဆိုး အပြစ်အမျိုးမျိုးမှ။
အာရကာ = ဝါသနာ အငွေ့အသက်နှင့်တကွ အဝေး ကြီး ဝေးကွာတော်မူပါပေ၏။
တေန = ဝါသနာ အငွေ့အသက်နှင့်တကွ ကိလေ သာညစ်ဆိုး ထိုအပြစ်အမျိုးမျိုးတို့မှ အဝေးကြီးဝေးကွာတော်မူပြီးခြင်းကြောင့် လည်း။

| | |
|---|---|
| သော နာထော | = လောကသုံးပါး၏ အားထားကိုးကွယ်ရာ အစစ် အဖြစ်ကြီးဖြစ်တော်မူပြီးသော ထိုမြတ်စွာဘုရားကို။ |
| အရဟံ နာမ | = အရဟံ မည်တော်မူပါပေ၏ဟူ၍။ |
| မတော | = ယုံမှားမရှိ သိအပ်ပါပေ၏။ |

= =✦=✦=✦= =

ယသ္မာ ရာဂါဒိသင်္ခါတာ၊ သဗ္ဗေပိ အရယော ဟတာ။
ပညာသတ္ထေန နာထေန၊ တသ္မာပိ အရ-ဟံ မတော။
ဝိသုဒ္ဓိ၊၁။၁၉၂။ သာရတ္ထ၊၂။၂၁၇။

| | |
|---|---|
| နာထေန | = လောကသုံးပါး၏ အားထားကိုးကွယ်ရာ အစစ် အဖြစ်ကြီးဖြစ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသည်။ |
| ယသ္မာ | = အကြင်ကြောင့်။ |
| ရာဂါဒိ သင်္ခါတာ | = ရာဂ အစရှိသည်ဟု ဆိုအပ်ကုန်သော။ |
| သဗ္ဗေပိ | = တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ |
| အရယော | = အကျယ်ကိလေ သိန်းကုဋေနှင့် တွက်ရေ ခြုံးထား မာရ်ငါးပါးတည်းဟူသော ရန်သူ တို့ကို။ |

ပညာသတ္ထေန = အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့်။

ဟတာ = မုန့်မုန့်ညက်ညက် အကုန်ပျက်အောင် အကြွင်းမဲ့ သတ်ဖြတ်ဖျက်ဆီးတော်မူအပ် ကုန်ပြီ။

တသ္မာပိ = အကျယ်ကိလေ သိန်းကုဋေနှင့်တွက်ရေ ခြုံးထား မာရ်ငါးပါးတည်းဟူသော ရန်သူ တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ သတ်ဖြတ်ဖျက်ဆီးတော်မူ တတ်သည်၏ အဖြစ်ကြောင့်လည်း။

အရ-ဟံ = အရ-ဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပါပေ၏ဟူ၍။

မတော = ဉာဏ်ဖြင့်ထင်ထင် သိမြင်အပ်ပါပေ၏။

= =✦=✦=✦= =

အရာ သံသာရစက္ကသ၊
ဟတာ ဉာဏာသိနာ ယတော။
လောကနာထေန တေနေသ၊
အရ-ဟတ္တိ ပဝုစ္စတိ။

ဝိသုဒ္ဓိ၊၁။၁၉၄။ သာရတ္ထ၊၂။၂၂၄။

| | |
|---|---|
| ယတော | = အကြင်ကြောင့်။ |
| လောကနာထေန | = သုံးလောကဘုံသူ ဟိန္ဒဂူတို့၏ အားထား ကိုးကွယ်ရာအစစ် အဖြစ်ကြီးဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်သည်။ |
| သံသာရစက္ကဿ | = ခန္ဓာ,အာယတန,ဓာတ်တို့ ဥပါဒ်,ဌီ,ဘင် အစဉ်မပြတ် လှည့်လည်ဖြစ်နေရာ သံသရာစက်ဘီး၏။ |
| အရာ | = သခ်ါရအစရှိသော ဆယ်ပါးသောအကန့် ဒေါက်ဆံတို့ကို။ |
| ဉာဏာသိနာ | = ဗောဓိမဏ္ဍိုင် မြေဦးကိုင်ဝယ် သီလတည်းဟူသောအောင်မြေ၌ သမ္မပ္ပဓာန်လုံ့လ ဝီရိယတည်းဟူသော ခြေတော်အစုံဖြင့် မတ်မတ်နိုင်ကြည် ရပ်တော်မူလျက် သဒ္ဓါတည်းဟူသော လက်တော်ဖြင့် မြဲမြံစွာ ဆုပ်ကိုင်ထားအပ်သော သမာဓိတည်းဟူသော ကျောက်တောင်၌ မြမြထက် |

အောင် သွေးအပ်သော ကံဟူသမျှကို ကုန်ဆုံးစေနိုင်သော အရဟတ္တမဂ်ဉာဏ် သန်လျက်ဖြင့်။

| | |
|---|---|
| ဟတာ | = မုန့်မုန့်ညက်ညက် အကုန်ပျက်အောင် အကြွင်းမဲ့ခုတ်ဖြတ် ဖျက်ဆီးတော်မူ အပ်ကုန်ပြီ။ |
| တေန | = ဘဝသုံးပါး ဟုန်းဟုန်းသွားသည့် ရထားယဉ်သာ သံသရာစက်ဘီး၏ အကန့်ဒေါက်တို့ကို အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့် မုန့်မုန့်ညက်ညက် အကုန်ပျက်အောင် ကြွင်းမဲ့ခုတ်ဖြတ် ဖျက်ဆီးတော်မူတတ်သည်အဖြစ်ကြောင့်။ |

ဧသ-ဧသော

| | |
|---|---|
| လောကနာထော | = သုံးလောကထွဋ်ထား ဤသဗ္ဗညု မြတ်စွာဘုရားကို |
| အရ-ဟန္တိ | = အရ-ဟံ မည်တော်မူပါပေ၏ဟူ၍။ |
| ပဝုစ္စတိ | = ဉာဏ်ဖြင့် သိမှတ် ဆိုအပ်ပါပေ၏။ |

= =✦=✦=✦= =

ပူဇာဝိသေသံ သဟ ပစ္စယေဟိ၊
ယသ္မာ အယံ အရဟတိ လောကနာထော
အတ္ထာနုရူပံ အရဟန္တိ လောကေ၊
တသ္မာ ဇိနော အရဟတိ နာမမေတံ။

ဝိသုဒ္ဓိ၊၁။၁၉၅။ သာရတ္ထ၊၂။၂၂၅။

| | | |
|---|---|---|
| ယသ္မာ | = | အကြင်ကြောင့်။ |
| အယံ | | |
| လောကနာထော | = | ဤသဗ္ဗညုဘုရားရှင်သည်။ |
| ပစ္စယေဟိ | = | ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ပစ္စည်းလေးပါးတို့နှင့်။ |
| သဟ | = | အတူတကွ။ |
| ပူဇာဝိသေသံ | = | မွန်မွန်မြတ်မြတ် စီရင်အပ်သော ဗြဟ္မာ,လူ,နတ်လေးမြတ်ကော်ရော် ပူဇော်အပ်သော ပစ္စယပူဇာ ထူးကဲစွာကို။ |
| အရဟတိ | = | ပေးလှူသူများ အကျိုးများစွာ ရရှိပါသဖြင့် ခံယူတော်မူထိုက်ပါပေ၏။ |
| တသ္မာ | = | ဗြဟ္မာ,လူ,နတ် လေးမြတ်ကော်ရော် ပူဇော်အပ်သော ပစ္စယပူဇာ ထူးကဲစွာကို ခံယူသိမ်း ပိုက်တော်မူထိုက်ခြင်းကြောင့်။ |
| ဇိနော | = | ငါးမာရ်အောင်မြင် သဗ္ဗညုဘုရားရှင်သည်။ |
| လောကေ | = | လောကသုံးခွင် ဘုံအပြင်၌။ |

| | | |
|---|---|---|
| အတ္တာနုရူပံ | = | အကျိုးကြီးမြတ် ခံစားအပ်သဖြင့် အပူဇော်မှန် အလှူတော်ကို ခံယူတော်မူထိုက်ခြင်းဟူသော အကြောင်းဗျူပွတ် အားလျော်ညီစွာ။ |
| ဇတံ အရဟန္တိနာမံ | = | အရဟံတံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခပ်နိုပ်ကော်ရော် ဤအမည်တော်ကို။။ |
| အရဟတိ | = | ခံယူသိမ်းပိုက် ထိုက်တော်မူပါပေ၏။ |

= =✦=✦=✦= =

ယသ္မာ နတ္ထိ ရဟော နာမ၊
ပါပကမ္မေသု တာဒိနော။
ရဟာဘာဝေန တေနေသ၊
အရဟံ ဣတိ ဝိဿုတော။

ဝိသုဒ္ဓိ၊၁။၁၉၅။ သာရတ္ထ၊၂။၂၂၅။

| | |
|---|---|
| ယသ္မာ | = အကြင်ကြောင့်။ |
| တာဒိနော | = လာဘာလာဘ စသည့်ရှစ်တန် လောကဓမ် ကြောင့် ဖောက်ပြန်မရှိ သည်းခံချိသည့် တာဒိမြတ်ဂုဏ် ပြည့်လွှမ်းခြုံတော်မူသော။ |
| သေ သော ဘဂဝါ | = ဤသဗ္ဗညုမြတ်စွာဘုရားသည်။ |
| ပါပကမ္မေသု | = ယုတ်မာညစ်ကျူ မကောင်းမှုကို ပြုလုပ်ခြင်းတို့၌။ |
| ရဟော နာမ | = ဆိတ်ကွယ်(သိသူမရှိ)ရာ အရပ်မည်သည်။ |
| နတ္ထိ | = ဘယ်နေရာမှာမှ မရှိပါချေ။ |
| တေန | |
| ရဟာဘာဝေန | = မကောင်းမှုပြုဖို့ရာ ဆိတ်ကွယ်(ပုန်းစ)ရာ အရပ် ရှိတော်မမူသည်၏ အဖြစ်ကြောင့်။ |
| အ-ရဟံ ဣတိ | = အ-ရဟံ မည်တော်မူပါပေ၏ဟူ၍။ |
| ဝိဿုတော | = အကနိဋ္ဌ ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |

= =✦=✦=✦= =

သမ္မာ န ပဋိပဇ္ဇန္တိ၊
ယေ နိဟီနာသယာ နရာ။
အာရကာ တေဟိ ဘဂဝါ၊
ဒူရေ တေနာရဟံ မတော။

ဝိသုဒ္ဓိ၊၁။၂၂၅။ သာရတ္ထ၊၂။၂၂၆။

| | | |
|---|---|---|
| နိဟီနာသယာ | = | ပါရမီသမ္ဘာရ ပုညဆည်းပူး အကြောင်းထူး မရှိကြသဖြင့် ကိလေသာ အာသဝတို့ ကြောင့် ယုတ်ညံ့သော အလိုဆန္ဒရှိကြကုန်သော။ |
| ယေ နရာ | = | လူရော နတ်ပါ အကြင်သတ္တဝါတို့သည်။ |
| သမ္မာ န ပဋိပဇ္ဇန္တိ | = | သမ္မာပဋိပတ် အကျင့်မြတ်ကို မပြုမကျင့်ကြကုန်။ |
| တေဟိ | = | စိတ်ထားသေးနုပ် ထိုလူယုတ်မာတို့မှ။ |
| ဘဂဝါ | = | သဗ္ဗညုဘုရားရှင်သည်။ |
| အာရကာ | = | အနီး၌ရှိသော်လည်း အဝေးကြီးဝေးကွာတော်မူ၏။ |
| ဘဂဝါ | = | သဗ္ဗညုဘုရားရှင်သည်။ |
| တေဟိ | = | စိတ်ထားသေးနုပ် ထိုလူယုတ်မာတို့မှ။ |
| ဒူရေ | = | အနီး၌ရှိသော်လည်း ဝေးကွာသော အရပ်၌ တည်ရှိတော်မူ၏။ |

| | |
|---|---|
| တေန | = စိတ်ထားသေးနုပ် ထိုလူယုတ်မာတို့မှ အဝေးကြီး ဝေးကွာတော်မူခြင်းကြောင့်။ |
| ဘဂဝါ | = မြတ်စွာဘုရားကို။ |
| အရဟံ | = အရဟံမည်တော်မူ၏ဟူ၍။ |
| မတော | = ဉာဏ်ဖြင့်ထင်ထင် သိမြင်အပ်ပါပေ၏။ |

= =✦=✦=✦= =

ယေ သမ္မာ ပဋိပဇ္ဇန္တိ၊
သုပ္ပဏီတာမိမုတ္တိကာ။
အာရကာ တေဟိ အာသန္နေ၊
တေနာပိ အရဟံ ဇိနော။

သာရတ္ထ၊၂။၂၂၆။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၂၆။

| | |
|---|---|
| သုပ္ပဏီတာ မိမုတ္တိကာ | = ပါရမီသမ္ဘာရ ပုညပုံထောက် ကြောင်းရပ်ရပ်ကြောင့် အလွန်မြင့်မြတ်သော နှလုံးသွင်း အလိုဆန္ဒရှိကြကုန်သော။ |
| ယေ ဇနာ | = အကြင် လူရောနတ်ပါ သတ္တဝါတို့သည်။ |

သမ္မာပဋိပန္နာ = သမ္မာပဋိပတ် အကျင့်မြတ်ကို လေးမြတ်ကဲ
ပို ရှိသေစွာ ကျင့်သုံးကြကုန်၏။

တေဟိ = သမ္မာပဋိပတ် အကျင့်မြတ်ကို ကျင့်နေကြ
တောင်း ထိုသူတော်ကောင်းတို့သည်။

အာရကာ = ဘုရားရှင်နှင့် ဝေးကွာတုံလတ် အရပ်ဒေသ
တစ်ပါး၌ နေကြကုန်သော်လည်း။

အာသန္နေ = ဘုရားရှင်၏အနီး၌ တည်ရှိနေသူတို့မည်
ကုန်၏။

တေနာပိ = သမ္မာပဋိပတ် အကျင့်မြတ်ကို လေးမြတ်ပိုမို
ရှိသေစွာ ကျင့်သုံးနေကြသဖြင့် ဘုရားရှင်
၏အနီးထံပါး၌ နေသူတို့ဖြစ်ကုန်ခြင်း
ကြောင့်လည်း။

ဇိနော = ငါးမာရ်အောင်မြင် ဘုရားရှင်သည်။

အရဟံ = အရဟံမည်တော်မူပါပေ၏။
ဝါ၊ သူတော်ကောင်းပရိသတ် အနီးကပ်
ခြံရံတော်မူနေပါပေ၏။

= =✦=✦=✦= =

ပါပဓမ္မာ ရဟာ နာမ၊
သာဓူဟိ ရဟိတဗ္ဗတော။
တေသံ သုဋ္ဌု ပဟီနတ္တာ၊
ဘဂဝါ အရဟံ မတော။

သာရတ္ထ၊၂။၂၂၇။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၂၆။

| | |
|---|---|
| သာဓူဟိ | = အယူမစောင်း မှုမပြောင်းသည့် သူတော်ကောင်းတို့သည်။ |
| ရဟိတဗ္ဗတော | = စက်ဆုပ်ကြသဖြင့် လျှို့ဝှက်အပ်သည်၏ အဖြစ်ကြောင့်။ |
| ပါပဓမ္မာ | = ယုတ်မာညစ်ညမ်း ဆိုးသွမ်းသော အမှုတို့သည်။ |
| ရဟာနာမ | = (လျှို့ဝှက်ရာ၌ ပြုအပ်သောကြောင့်) ရဟာ-တို့ မည်ကုန်၏။ |
| တေသံ | = ယုတ်မာညစ်ညမ်း ဆိုးသွမ်းသော ထိုမကောင်းမှုတို့ကို။ |
| သုဋ္ဌု | = ကောင်းစွာ။ |
| ပဟီနတ္တာ | = ဝါသနာ အငွေ့အသက်နှင့်တကွ အရိယာမဂ်ဖြင့် အကုန်အစင် ပယ်တော်မူအပ်ပြီးသည်အဖြစ်ကြောင့်။ |

ဘဂဝါ = ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် အောင်သူ့ညွှတ်ရုံး အမြင့်မြတ်ဆုံး ဖြစ်တော်မူသော ဘုရားရှင်ကို။

အ ရဟံ = အ ရဟံမည်တော်မူပါပေ၏ဟူ၍။

မတော = ဉာဏ်ဖြင့်ထင်ထင် သိမြင်တော်မူ အပ်ပါပေ၏။

= =✦=✦=✦= =

ယေ သဣိကတသဒ္ဓမ္မာ၊

အရိယာ သုဒ္ဓဂေါစရာ။

န တေဟိ ရဟိတော ဟောတိ၊

နာထော တေနာရဟံ မတော။

သာရတ္ထ၊၂။၂၂၈။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၂၇။

ယေ သပ္ပုရိသာ = အကျင့်အသွယ်သွယ် အသင့်ခြယ်သည့် တင့်တယ်ဘိတောင်း အကျင့်ကောင်းကို ကျင့်သုံးနေကြကုန်သော အကြင်သူတော်ကောင်းတို့သည်။

| | | |
|---|---|---|
| သစ္ဆိကတသဒ္ဓမ္မာ | = | ကိုယ်ထိလက်ရောက် မျက်မှောက်ပြုအပ် ပြီးသော သစ္စာလေးပါး သူတော်ကောင်း တရား ရှိတော်မူကြကုန်၏။ |
| အရိယာ | = | ကိလေသာအညစ် မညစ်မလူး သန့်ရှင်း စင်ကြယ်တော်မူကြကုန်၏။ |
| သုဒ္ဓဂေါစရာ | = | ကိလေသာအညစ်အကြေးတို့မှ သန့်ရှင်း စင်ကြယ်သော မဂ်,ဖိုလ်,နိဗ္ဗာန်ဟူသော ကျက်စားရာ အာရုံရှိကြကုန်၏။ |
| တေဟိ | = | အယူမစောင်းမူမပြောင်းသည့် ထိုအရိယာ သူတော်ကောင်းတို့မှ။ ဝါ၊ တို့နှင့်။ |
| ရဟိတော | = | ကင်းကွာသည်။ |
| န ဟောတိ | = | အဘယ်အခါမှ ဖြစ်တော်မမူပါပေ။ |
| တေန | = | ထိုအရိယာ သူတော်ကောင်း မြင့်မြတ်သော ပရိသတ် အပေါင်းတို့(နှင့်)မှ ကင်းဆိတ် တော် မမူသည်၏ အဖြစ်ကြောင့်လည်း။ |
| နာထော | = | သဗ္ဗညုမြတ်စွာဘုရားကို။ |
| အ ရဟံ | = | အ ရဟံ မည်တော်မူပါပေ၏ဟူ၍။ |
| မတော | = | ဉာဏ်ဖြင့်ထင်ထင် သိမြင်အပ်ပါပေ၏။ |

= =✦=✦=✦= =

ရဟော ဝါ ဂမနံ ယဿ၊
သံသာရေ နတ္ထိ သဗ္ဗသော။
ပဟီနဇာတိမရဏော၊
အ–ရဟံ သုဂတော မတော။

သာရတ္ထ၊၂။၂၂၈။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၂၈။

ယဿ သုဂတဿ = စကားခြောက်ခွန်း လူ္ဒဲထွန်းလည်း ကျိုးရှိ၊ ဟုတ်မှန် သူနာခံလို မနာလိုအား နောက် နှစ်ပါးကိုသာ ကောက်ညွှန်းမပြတ် မိန့်ကြား တော်မူတတ်သော အကြင်မြတ်စွာဘုရား အား။

သဗ္ဗသော = အလုံးစုံသော အခြင်းအရာအားဖြင့်။ ဝါ၊ ဘယ်ခါမပြတ် အခါခပ်သိမ်း။

သံသာရေ = ခန္ဓာ၊အာယတန၊ဓာတ်ဟူသော ဖြဟ္မာ၊ လူ၊နတ် အပါယ်ဇာတ်ဟု လှည့်လည်ဖြစ် ရာ သံသရာ၌။

ရဟော ဝါ ဂမနံ = ပဋိသန္ဓေ အိုနာသေဟု လှည့်လည်ဖြစ်ခြင်း သည်။

နတ္ထိ = အမှန်တိတိ ရှိတော်မမူပါချေ။

ပဟီန
ဇာတိမရဏော = ပဋိသန္ဓေ အိုနာသေမှုကို ဖြစ်ပေါ်စေတတ် သောကာကိလေသာကို အရဟတ္တမဂ်ဉာဏ် ဖြင့် အမြစ်ပြတ်အောင် ပယ်ဖြတ်တော်မူ အပ်ပြီ။
တေန = ဇာတိ,မရဏ အမြစ်ပြတ်သဖြင့် စုံချည် ဆန်ချည် ဘုံဘဝအလီလီသို့ လှည့်လည် သွားလာဖြစ်ခြင်း အလျဉ်းပင် ရှိတော်မမူ ခြင်းကြောင့်။
သော သုဂတော = ထို စကားခြောက်ခွန်း လူ့ဌထွန်းလည်း ကျိုးရှိ, ဟုတ်မှန် သူနာခံလို မနာလိုအား နောက်နှစ်ပါးကိုသာ ကောက်ညွှန်းမပြတ် မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား ကို။
အ ရဟံ = အ ရဟံမည်တော်မူပါပေ၏ဟူ၍။
မတော = ဉာဏ်ဖြင့်ထင်ထင် သိမြင်တော်မူ အပ်ပါ ပေ၏။

= =✦=✦=✦= =

ဂုဏေဟိ သဒိသော နတ္ထိ၊
ယသ္မာ လောကေ သဒေဝကေ။
တသ္မာ ပါသံသိယတ္တာပိ၊
အရဟံ ဒွိပဒုတ္တမော။

သာရတ္ထ၊၂။၂၂၉။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၂၈။

| | | |
|---|---|---|
| ယသ္မာ | = | အကြင်ကြောင့် |
| သဒေဝကေ | = | နတ်ဗြဟ္မာအပေါင်းနှင့်တကွသော။ |
| လောကေ | = | လောကသုံးခွင် ဘုံအပြင်၌။ |
| ဂုဏေဟိ | = | သီလ, သမာ, ပညာ, ဝိမုတ်ဉာဏ်အချုပ် ဟူသော ဂုဏ်တော်တို့ဖြင့်။ |
| သဒိသော | = | တူမျှသော ပုဂ္ဂိုလ်သည်။ |
| နတ္ထိ | = | တယောက်ကမျှ ရှိတော်မမူပါပေ။ |
| တသ္မာ | | |
| ပါသံသိယတ္တာပိ | = | ဂုဏ်ပုဒ်ကဲသို့ ဂုဏ်ရည်တူတို့ ဘယ်သူ တစ်ယောက် မပေါ်ပေါက်သဖြင့် အထပ် ထပ် ချီးကျူးတော်မူအပ်သည်၏ အဖြစ် ကြောင့်လည်း။ |
| ဒွိပဒုတ္တမော | = | အခြေနှစ်ချောင်းရှိသူ သတ္တဝါဟိန္ဒူတို့ ထက် မြင့်မြတ်တော်မူသော မြတ်စွာဘုရား သည်။ |

| | |
|---|---|
| အရဟံ | = အရဟံဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး မကုန် ဖြပ်မှဘုံတိုင်အောင် ပျံ့လှိုင်ကြော် ကြား ထင်ရှားတော်မူပါပေ၏။ |

= =✦=✦=✦= =

အာရကာ မန္တပုဒ္ဓိနံ၊ အာရကာ စ ဝိဇာနတံ။
ရဟာနံ သုပ္ပဟီနတ္တာ၊ ဝိဒူန မရဟောယျတော။
ဘဝေသု စ ရဟာဘာဝါ၊ ပါသံသာ အ ရဟံ ဇိနော။

သာရတ္ထ၊၂။၂၂၉။ ဝိသုဒ္ဓိ၊ဋ္ဌ၊၁။၂၂၈။

| | |
|---|---|
| (၁) အာရကာ | = ကိလေသာညစ်ဆိုး အပြစ်အမျိုးမျိုးတို့မှ ဝါသနာ အငွေ့အသက်နှင့်တကွ အဝေး ကြီး ဝေးကွာတော်မူပြီးသည်၏ အဖြစ် ကြောင့်လည်းကောင်း။ |
| (၂) မန္ဒပုဒ္ဓိနံ | = အသိဉာဏ်နုံ့နှေး လူ့အလေးတို့မှ။ |
| အာရကာ | = အနီး၌တည်ရှိသော်လည်း အဝေးကြီး ဝေး တော်မူသည်၏ အဖြစ်ကြောင့် လည်း ကောင်း။ |
| (၃) ဝိဇာနတံ | = သစ္စာသိမြင် ကျွတ်တန်းဝင်ကြကုန်သော သူတော်စင်တို့နှင့်မူကား။ |

| | | |
|---|---|---|
| အာရကာ စ | = | ခရီးယူဇနာ ဝေးကွာရာ၌ နေသော်လည်း အလွန်ပင် နီးတော်မူခြင်းကြောင့်လည်း ကောင်း။ |
| (၄) ရဟာနံ | = | ယုတ်မာညစ်ညမ်း ဆိုးသွမ်းကုန်သော ကိလေသာ တရားဆိုးတို့ကို။ |
| သုပ္ပဟီနတ္တာ | = | မဏ္ဍိုင်ဗောဓိ အပရာဇိတ်ပလ္လင် အရဟတ္တမဂ် ဉာဏ်တော်မြတ်ဖြင့် ဝါသနာအငွေ့ အသက်နှင့်တကွ တစိုးတစိ ကျန်မရှိအောင် အကုန်အစင်ပယ်တော်မူအပ်ပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ |
| (၅) ရဟာနံ | = | ဘဝသုံးပါး ဟုန်းဟုန်းသွားသည့် ရထားယာဉ်သာ သံသရာစက်ဘီး၏ အကန့်ဒေါက်ဆံတို့ကို။ |
| သုပ္ပဟီနတ္တာ | = | အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် မုန့်မုန့်ညက်ညက် အကုန်ပျက်အောင် အကြွင်းမဲ့ ခုတ်ဖြတ်ဖျက်ဆီးတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ |
| (၆) ဝိဒူနံ | = | ဝိဒူခေါ်လောက် တံခွန်ဆောက်သည့် သစ္စာသိမြင် ကျွတ်တမ်းဝင်ကုန်ပြီးသော အရိယာသူတော်စင်တို့နှင့်။ |
| အရဟောယျတော | = | ဘယ်အခါမှ ကင်းကွာတော် မမူသည်၏ အဖြစ်ကြောင့်လည်းကောင်း။ |

(၇) အရဟေယျတော = ပူဇော်အပ်သူ နတ်နတ်လူတို့ ကြီးကျယ် ဖွံ့ဖြိုးချမ်းသာအမျိုးမျိုးကို ရရှိခံစားကြရသဖြင့် ဗြဟ္မာ၊လူ၊ နတ် လေးမြတ်ကော်ရော် အပူဇော်မှန် အလှူတော်ကိုခံယူတော်မူထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၈) ဘဝေသု = ကာမ၊ရူပ၊အရူပဟု ဘဝသုံးထပ် ဘုံသုံးရပ်တို့၌။

ရဟာဘာဝါစ = ဆုံချည်ဆန်ချည် အလီလီအတန်တန် သန္ဓေမရဏ ဖြစ်ပေါ်ရသည့် ကမ္မကိလေအထွေထွေကို အရဟတ္တမဂ် ဉာဏ်တော်မြတ်ဖြင့် အမြစ်ပြတ်အောင် ပယ်သတ်တော်မူပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၉) ပါသံသာ စ = သီလ၊သမာ၊ပညာဝိမုတ် ဉာဏ်အချုပ်ကြောင့် ဂုဏ်ပုဒ်ကဲသူ ဂုဏ်ရည်တူတို့ ဘယ်သူတစ်ယောက် မပေါ်ပေါက်သဖြင့် ချီးမွမ်းထိုက်သည်၏အဖြစ်ကြောင့်လည်းကောင်း။

ဇိနော = ဒေဝပုတ္တ၊ ကိလေသနှင့် အဘိသင်္ခါရ၊ ခန္ဓ၊မစ္စု မာရ်ငါးခုတို့ကို ထွားထွားညက်ညက် ချေဖျက်သုတ်သင် အောင်မြင်တော်မူပြီးသော သဗ္ဗညုဘုရားရှင်သည်။

အ ရဟံ = အ-ရဟံ၊ အရ-ဟံ၊ အရဟံဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ခြီးမကုန် ဖြဟ္မာဘုံတိုင်အောင် ပျံ့လွှင့်ကြော်ကြား ထင်ရှားတော်မူပါပေ၏။

---ooo---

## အရဟံဂုဏ်တော် (၁၁)

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = ဝါသနာအငွေ့အသက်နှင့်တကွ ကိလေသာညစ်ဆိုး အပြစ်အမျိုးမျိုးတို့မှ အဝေးကြီး ဝေးကွာတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း၊

အရဟံ = အရဟံဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ခြီးမကုန် ဖြဟ္မာဘုံတိုင်အောင် ပျံ့လွှင့်ကြော်ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = အကျယ်ကိလေ သိန်းကုဋေနှင့် တွက်ရေချုံးထား မာရ်ငါးပါးတည်းဟူသော ရန်သူ

တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ သတ်ဖြတ်ဖျက်ဆီးတော်မူတတ် သည့်၏အဖြစ် တည်းဟူသော ဤအ ကြောင်းကြောင့်လည်း၊

အရ ဟံ = အရ-ဟံ ဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ချီးမကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = ဘဝသုံးပါး ဟုန်းဟုန်းသွားသည့် ရထား ယာဉ်သာ သံသရာစက်ဘီး၏ အကန့် ဒေါက်ဆံတို့ကို အရဟတ္တမဂ်ဉာဏ် သန် လျက်ဖြင့် မုန့်မုန့်ညက်ညက် အကုန် ပျက် အောင် ကြွင်းမဲ့ခုတ်ဖြတ် ဖျက်ဆီးတော်မူ တတ်သည့်၏ အဖြစ်တည်းဟူသော ဤ အကြောင်းကြောင့်လည်း၊

အရ ဟံ = အရ-ဟံ ဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ချီးမကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂ၀ါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။
ဣတိပိ = ဗြဟ္မာ၊လူ၊နတ် လေးမြတ်ကော်ရော် ပူဇော်အပ်သော ပစ္စယပူဇာ ထူးကဲစွာကို ခံယူသိမ်းပိုက်ထိုက်တော်မူသည်၏ အဖြစ် တည်းဟူသော ဤအကြောင်းကြောင့် လည်း၊
အရဟံ = အရဟံဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ချီး မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့်ကျော် ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။
ဣတိပိ = ဗာလစဉ်လျှက် ရှိန်စော်မက်၍ ဒုစ္စရိတ ပါပညစ်ကျူ မကောင်းပြုသို့ မကောင်း မှုပြုရန် ဆိတ်ကွယ်ရာ အရပ်ရှိတော်မမူ သည်၏ အဖြစ်တည်းဟူသော ဤ အကြောင်းကြောင့်လည်း၊
အ ရဟံ = အ-ရဟံဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ချီး မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့်ကျော် ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။
ဣတိပိ = စိတ်ထားသေးနုပ် လူယုတ်မာတို့မှ အဝေးကြီးဝေးတော်မူသည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့်လည်း၊
အရဟံ = အရဟံဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ခြီးမကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင်ကြော်ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။
ဣတိပိ = သမ္မာပဋိပတ် အကျင့်မြတ်ကို ကျင့်သုံး နေသူ သူတော်စင်တို့ အနီး၌ တည်နေတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း၊
အရဟံ = အရဟံဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ခြီးမကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင်ကြော်ကြား ထင်ရှား တော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။
ဣတိပိ = ယုတ်မာညစ်ညမ်း ဆိုးသွမ်းသော မကောင်းမှုတို့ကို ဝါသနာအငွေ့အသက်နှင့် တကွ အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကုန်အစင် ပယ်တော်မူပြီးသည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့်လည်း။

အ ရဟံ = အ-ရဟံဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ချီး မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လွှင်ကျော် ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = အယူမစောင်း မှုမပြောင်းသည့် အရိယာ သူတော်ကောင်း ပရိသတ်တို့မှ ကင်းဆိတ် တော် မမူသည်၏ အဖြစ်တည်းဟူသော ဤ အကြောင်းကြောင့်လည်း၊

အရဟံ = အရဟံဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ချီး မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လွှင် ကျော် ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = ကံ,ကိလေသ အမြစ်ပြတ်သဖြင့် စုံချည် ဆန်ချည် ဘုံဘဝအလီလီသို့ လှည့်လည် သွားလာခြင်း အလျဉ်းပင် ရှိတော်မမူသည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့် လည်း။

အ ရဟံ = အ-ရဟံဟူသော ဂုဏ်တော်မြတ်ဖြင့် အံ့ချီး မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လွှင်ကျော် ကြား ထင်ရှားတော်မူပါပေ၏။

| | | |
|---|---|---|
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | သီလ,သမာ ပညာဝိမုတ် ဉာဏ်အချုပ် ကြောင့် ဂုဏ်ပုဒ်ကဲသို့ ဂုဏ်ရည်တူတို့ ဘယ်သူတစ်ယောက် မပေါ်ပေါက်သဖြင့် ဗြဟ္မာ,လူ,နတ် မြင့်မြတ်သည့် ပုဂ္ဂိုလ်တို့ အထပ်ထပ် ချီးကျူးတော်မူအပ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်း ကြောင့်လည်း၊ |
| အရဟံ | = | အရ-ဟံ၊ အ-ရဟံ၊ အရဟံဟူသော ဂုဏ်တော် ကြီးဖြင့် အံ့ချီးမကုန် ဗြဟ္မာ့ဘုံ တိုင်အောင် ပျံ့လိုင်ကျော်ကြား ထင်ရှား တော်မူပါပေ၏။ |

---ooo---

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော် (၂)

| | | |
|---|---|---|
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | မဖောက်မပြန် အမှန်ပိုင်ပိုင် ကိုယ်တော်တိုင်သာ သိစရာရှိသမျှ ဓမ္မခပင်း မကျန်ကြွင်းအောင် လင်းလင်းထင်ထင် အကုန်အစင် သိမြင်တော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ |
| သမ္မာသမ္ဗုဒ္ဓေါ | = | သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ဖြပ္ပဘုံတိုင်အောင် ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | ပစ္စေကဗုဒ္ဓ သာဝကတို့ သမ္မမတန် သယံမဖက် ဉာဏ်မသက်သို့ သိချက်မတူ သယမ္ဘူဖြင့် ဘယ်သူတစ်ယောက် ကူမထောက်ပဲ မဖောက်မပြန် အမှန်ပိုင်ပိုင် ကိုယ်တော်တိုင်သာ သိတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ |

သမ္မာသမ္ဗုဒ္ဓေါ = သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှိုင် ကျော်ကြား ထင်ရှားတော်မူပါပေ၏။

= =✦=✦=✦= =

## ဝိဇ္ဇာစရဏဂုဏ်တော် (၁)

သောဘဂဝါ = ကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = သုံးပါးဝိဇ္ဇာ ပု-ဒိ-အာနှင့် ဝိ-မ-စေ-ဒိ ဉာဏ် ဣဒ္ဓိတို့ ပေါင်းထည့်ရှစ်ကြိမ် သီ, ဣန်,ဇာ,ဘော သဒ္ဓမ္မောဟု ထပ်နှောလေး ရှာန် ပန္နရသ စရဏတို့ တူကွန်တုံ ပြည့်စုံ တော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။

ဝိဇ္ဇာစရဏသမ္ပန္နော= ဝိဇ္ဇာစရဏသမ္ပန္နဟူသော ဂုဏ်တော်ကြီး ဖြင့် အံ့ချီးမကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

= =✦=✦=✦= =

## သုဂတဂုဏ်တော် (၅)

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = ဒီပင်္ကရာ မြတ်စွာသေဌ်နှင်း ခြေတော်ရင်းမှ စ၍ ဗောဓိမဏ္ဍိုင်ထိအောင် ပါရမီသုံးဆယ် သုံးသွယ်စရိယ စာဂငါးခု မြတ်ကောင်းမှု တို့ကို ဖြည့်ကျင့်တော်မူခြင်းဖြင့် အစွန်းနှစ် ရပ် မငြိကပ်ပဲ ကောင်းစွာ ကြွလာတော် မူသည်၏ အဖြစ်တည်းဟူသော ဤအ ကြောင်းကြောင့်လည်း။

သုဂတော = သုဂတဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး မကုန် ဖြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော် ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = အပြစ်မတွယ် တင့်တယ်သာညွှင်း အရိယ မဂ်တည်းဟူသော ဉာဏဂတိဖြင့် ကြွသွား ခြင်းရှိတော်မူသည်၏ အဖြစ်တည်းဟူ သော ဤအကြောင်းကြောင့်လည်း။

သုဂတော = သုဂတဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး မကုန် ဖြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပါပေ၏။

## အရှင်ကုမာရ

| | | |
|---|---|---|
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | သင်္ခါရပဝတ္တိ စိုးစဉ်းမျှမရှိဘဲ သတ္တိသဘာဝ သုခအမွန် အလွန်ကောင်းသော နိဗ္ဗာန်ဘုံရပ် အမြဲဓာတ်သို့ စုံလတ်ကြွသွားတော်မူတတ်သည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့်လည်း။ |
| သုဂတော | = | သုဂတဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင် ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | မဂ်ဖြင့်ပယ်ခွါ ကိလေသာသို့ တဖန်နောက်ကျော့ မရောက်တော့ပဲ ကောင်းစွာလွန်မြောက်တော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ |
| သုဂတော | = | သုဂတဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင် ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |

သောဘဂ္ဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = စကားခြောက်ခွန်း လူ၌ထွန်းလည်း ကျိုးရှိဟုတ်မှန် သူနာခံလို မနာလိုအား နှောက်နှစ်ပါးကိုသာ ကောက်ညွှန်းမပြတ် မိန့်ကြားတော်မူတတ်သည်၏ အဖြစ် တည်းဟူသော ဤအကြောင်းကြောင့် လည်း၊

သုဂတော = သုဂတဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လွှင်ကျော် ကြား ထင်ရှားတော်မူပါပေ၏။

= =✦=✦=✦= =

## လောကဝိဒူဂုဏ်တော် (၂)

| | | |
|---|---|---|
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| လ္လတိပိ | = | လောကနှင့်စပ် အရပ်ရပ်ကို တတ်အပ်ထင်ထင် အကုန်အစင် သိမြင်တော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ |
| လောကဝိဒူ | = | လောကဝိဒူဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| လ္လတိပိ | = | လုဒ္ဓနတ္ထ သဘာဝကြောင့် အန္တတ္ထသညာ အစဉ်လာသော ခန္ဓာ,အာယတန, ဓာတ် လောကကို ဒုက္ခ, သမုဒယ,နိရောဓဟု မဂ္ဂအပြား ဤလေးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ |
| လောကဝိဒူ | = | လောကဝိဒူဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |

## အနုတ္တရဂုဏ်တော် (၁)

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = သီလ,သမာ,ပညာဝိမုတ် ဉာဏ်အချုပ် ကြောင့် ဂုဏ်ပုဒ်ကဲသို့ ဂုဏ်ရည်တူတို့ ဘယ်သူတစ်ယောက် မပေါ်ပေါက်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်း ကြောင့်လည်း။

အနုတ္တရော = အနုတ္တရဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လှိုင်ကျော် ကြား ထင်ရှားတော်မူပါပေ၏။

= =✦=✦=✦= =

## ပုရိသဒမ္မသာရထိဂုဏ်တော် (၁)

| | |
|---|---|
| သောဘဂ္ဂဝါ | = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = သစ္စကနှင့် ဗကဗြဟ္မာ နာဠာဂိရိ စရှိများလှ ဆုံးမအပ်သူ နတ်,လူ,တိရစ္ဆာန် မျက်မာန်ကြီးမား ရိုင်းပျသော ယောကျ်ားတို့ကို သော်လည်း ထောက်ထားသမှု အနုအကြမ်း အဆန်းတကြယ် လမ်းသွယ်သွယ်ဖြင့် ကယ်ဆယ်ဆုံးမတော် မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်း ကြောင့်လည်း။ |
| ပုရိသဒမ္မသာရထိ | = ပုရိသဒမ္မသာရထိဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |

= =✦=✦=✦= =

## အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် (၁)

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = ဥက္ကဋ္ဌရှေ့သွား ယောကျ်ားကစ ဝေနေယျများစွာ ဆင်ရိုင်းမြင်းရိုင်းနှင့်တူသော သတ္တဝါတို့ကို ထိုင်ရာမထ တူမမျှအောင် ဈာနရှစ်ရပ် သမာပတ်သို့ မရပ်မနား တဖြောင့်တည်း ပြေးသွားစေတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။

အနုတ္တရော ပုရိသ
ဒမ္မသာရထိ = အနုတ္တရောပုရိသဒမ္မသာရထိဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

= =✦=✦=✦= =

## သတ္တာဒေဝမနုဿာနံဂုဏ်တော် (၂)

| | | |
|---|---|---|
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | သုံးပါးဘုံသူ နတ်နှင့်လူကို ကယ်ယူခြီး မြှောက် သုခရောက်အောင် မျက်မှောက် တသွန် တမလွန်နှင့် အမွန်ကောင်းကျိုး ဤသုံးမျိုးကို ဆော်နှိုးမပြတ် ဆုံးမတော်မူတတ်သည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့်လည်း။ |
| သတ္တာဒေဝ-မနုဿာနံ | = | သတ္တာဒေဝမနုဿာနံဟူသော ဂုဏ်တော်ကြီးဖြင့် မိုးယံဘဝဂ် လွှမ်းကျော်တက်အောင် ပျံ့နှံ့ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |

| | | |
|---|---|---|
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | ဇာတိ,ဇရာ ကန္တာရချည်း ခရီးသွားသည့် လှည်းသားတမူ နတ်နှင့်လူကို သံသရာဝဲ ကန္တာရခရီးခဲမှ ဆင်းရဲမဟူ ဘေးမပြုအောင် ကယ်ယူဆောင်ပို့ နိဗ္ဗူစခမ်း ရွှေပြည်နန်းသို့ ဖြောင့်တန်းတည့်မတ် ပို့ဆောင်တတ်သည့် ဥက္ကဋ္ဌဦးစီး လှည်းမှူးကြီးနှင့် တူတော်မူသည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။ |

သတ္တာဒေဝ-
မနုဿာနံ = သတ္တာဒေဝမနုဿာနံဟူသော ဂုဏ်တော်ကြီးဖြင့် မိုးယံဘဝဂ် လွှမ်းကျော်တက်အောင် ပျံ့နှံ့ကျော်ကြား ထင်ရှားတော်မူပါပေ၏။

= =✦=✦=✦= =

## ဗုဒ္ဓဂုဏ်တော် (၂)

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။
ဣတိပိ = သစ္စာလေးအင် ကိုယ်လည်းမြင်၍ သုံးပြင်ဘုံသား ဝေနေအားလည်း ဟောကြားဆွတ်ချွေ ကျွတ်ဆုဝေလျက် သိစေတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း။
ဗုဒ္ဓေါ = ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ဖြပ်ပွာဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။
ဣတိပိ = ဝိမောက္ခန္တိက ဉာဏ်ထိုမျှဖြင့် ဧယျဉသုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူ တတ်သည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့်လည်း။
ဗုဒ္ဓေါ = ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ဖြပွားဘုံ တိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

= =✦=✦=✦= =

## ဘဂဝါဂုဏ်တော် (၇)

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။
ဣတိပိ = နှစ်ဦးမဆံ ဘက်မတန်ပဲ စံမရလောက် ဂုဏ်ဖြိုးမောက်၍ ကျောက်ထီးတန္တု အလေးအမြတ် ပြုအပ်သည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့် လည်း၊

ဘဂဝါ = ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = ဒါနသီလ စသည့်ဆယ်လီ ပါရမီအစု ကောင်းမှုကုသိုလ် ရှိတော်မူသည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့်လည်း၊

ဘဂဝါ = ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။

ဣတိပိ = သိန်းသန်းကုဋေ တွက်ရေများစွာ ကိလေသာတို့ကို ကောင်းစွာချိုးဖဲ့ ဖျက်ဆီး တော်မူတတ်သည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့်လည်း၊

ဘဂဝါ = ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး မကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

| | | |
|---|---|---|
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | ဣဿရိယ,ဓမ္မ,ယသ,သိရီ,ကာမ, ပယတ္တ ဟူသော ခြောက်ဆူသော ရွှေဘုန်းတော်ရှိတော်မူသည်၏အဖြစ် တည်းဟူသော ဤအကြောင်းကြောင့်လည်း၊ |
| ဘဂဝါ | = | ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | သစ္စာ,ဥပေယျ ကုသိုလ်စသည့် ဓမ္မရတနာဟော သင့်ရာကို စိတ်ဖြာခွဲခြမ်း ဟောနိုင်စွမ်းသည့်အဖြစ် တည်းဟူသော ဤအကြောင်းကြောင့်လည်း၊ |
| ဘဂဝါ | = | ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ပြဟ္မာဘုံတိုင်အောင် ပျံ့လှိုင် ကျော်ကြား ထင်ရှားတော်မူပါပေ၏။ |
| သောဘဂဝါ | = | အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။ |
| ဣတိပိ | = | ဈာန,ဝိမောက္ခ,ဥတ္တရိမနုဿဓမ္မတို့ကို နှစ်စွမပြတ် ဆည်းကပ်တော် မူတတ်သည်၏ အဖြစ်တည်းဟူသော ဤအကြောင်းကြောင့်လည်း၊ |

ဘဂဝါ = ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး
မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှိုင်ကျော်
ကြား ထင်ရှားတော်မူပါပေ၏။

သောဘဂဝါ = အကျွန်ုပ်တို့ဆရာ ထိုမြတ်စွာဘုရားသည်။
ဣတိပိ = ဘဝသုံးလီ ယက္ကန်းရှည်သို့ လည်စေ
တတ်စွာ ကြောင်းတဏှာကို အရိယာမဂ်
တည်းဟူသော ခံတွင်းစက်ဖြင့် ထွေးဟက်
ထုတ်အံတော်မူတတ်သည်၏ အဖြစ်တည်း
ဟူသော ဤအကြောင်းကြောင့်လည်း၊
ဘဂဝါ = ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး
မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှိုင်ကျော်
ကြား ထင်ရှားတော်မူပါပေ၏။

= =✦=✦=✦= =

(က) ယသ္မာ သီလာဒယော သဗ္ဗေ၊
ဂုဏာဘာဂါ အသေသတော။
ဝိဇ္ဇန္တိ သုဂတေ တသ္မာ၊
"ဘဂဝါ"တိ ပဝုစ္စတိ။

(ဝိသုဒ္ဓိ၊ဋီ၊၁။၂၅၉။)

| | | |
|---|---|---|
| ယသ္မာ | = | အကြင်ကြောင့်။ |
| သုဂတေ | = | ဘုရားရှင်၌။ |
| သဗ္ဗေ | = | အလုံးစုံကုန်သော |
| သီလာဒယော | = | သီလအစရှိကုန်သော။ |
| ဂုဏာဘာဂါ | = | အနန္တ၊ အပရိမာဏ၊ အနညသာဓာရဏ၊ နိရတိသယ ဂုဏ်အဘို့အစုတို့သည်။ |
| အသေသတော | = | အကြွင်းအကျန် မရှိသောအားဖြင့်။ |
| ဝိဇ္ဇန္တိ | = | ထင်ရှားမသွေ ရှိပါပေကုန်၏။ |
| တသ္မာ | = | ထိုသို့အနန္တ၊ အပရိမာဏ၊အနညသာ-ဓာရဏ၊ နိရတိသယဂုဏ်အဘို့အစုတို့ အကြွင်း အကျန်မရှိ ရှိကုန်ခြင်းကြောင့်။ |
| ဘဂဝါ | = | ဘဂဝါမည်တော်မူပါပေ၏ဟူ၍ |
| ပဝုစ္စတိ | = | ချီးမွမ်းထုတ်ဖော် ပြောဆိုအပ်ပါပေ၏။ |

= =✦=✦=✦= =

(ခ) သမ္မာသမ္ဗောဓိယာ သဗ္ဗေ၊
ဒါနပါရမိအာဒိကေ။
သမ္ဘာရေ ဘတဝါ နာထော၊
တသ္မာပိ ဘဂဝါ မတော။

(ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၂၆၀။)

| | | |
|---|---|---|
| ယသ္မာ | = | အကြင်ကြောင့်။ |
| နာထော | = | သတ္တလောက၏ အားထားကိုးစားရာအစစ် အဖြစ် ကြီးဖြစ်တော်မူသော မြတ်စွာဘုရား သည်။ |
| သမ္မာသမ္ဗောဓိယာ | = | မဖောက်မပြန် အမှန်ပိုင်ပိုင် ကိုယ်တော် တိုင်သာ သိတော်မူတတ်သော သဗ္ဗညုတ ဉာဏ်တော်မြတ်၏။ |
| သမ္ဘာရေ | = | အဆောက်အဦဖြစ်ကုန်သော။ |
| သဗ္ဗေ | = | တစ်ခုမကြွင်း ခပင်းဉဿုံ အလုံးစုံကုန် သော။ |
| ဒါနပါရမီ အာဒိကေ | = | ဒါနပါရမီ အစရှိကုန်သော အမျှသုံးဆယ် များကျယ် အညီ ပါရမီကောင်းမှုတို့ကို။ |
| ဘတဝါ | = | ဆည်းပူးသမှု ပြုတော်မူအပ်ကုန်ပြီ။ ဝါ၊ ဖြည့်ကျင့်သမှု ပြုတော်မူအပ်ကုန်ပြီ။ |

| | | |
|---|---|---|
| တသ္မာပိ | = | သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ် ကုန်သော ဒါန,သီလစသည်ပေါင်းစု အမျှသုံးဆယ် များကျယ်အညီ ပါရမီကောင်းမှုတို့ကို ဆည်းပူးဖြည့်ကျင့်တော်မူ ပြီးသည်၏အဖြစ်ကြောင့်လည်း။ |
| ဘဂဝါ | = | ဘဂဝါမည်တော်မူ၏ဟူ၍။ |
| မတော | = | မလွဲမသွေ သိအပ်ပါပေ၏။ |

= =✦=✦=✦= =

(ဂ) ယသ္မာ ဧဝဿမာပတ္တိ-
ဂုဏာဘာဂေ တထာဂတော။
ဘဇိ ပတ္တယိ သတ္တာနံ၊
ဟိတာယ ဘဂဝါ တံတော။

( ဝိသုဒ္ဓိ၊ဋီ၊၁။၂၆၀။)

| | | |
|---|---|---|
| တထာဂတော | = | ရှေးဘုရားရှင်တို့အတူ ကြွလာတော်မူတတ်သော မြတ်စွာဘုရားသည်။ |
| ယသ္မာ | = | အကြင်ကြောင့်။ |
| သတ္တာနံ | = | လောကပျော်အောင်း သတ္တဝါအပေါင်းတို့၏။ |
| ဟိတာယ | = | လောကီ လောကုတ္တရာ အစီးအပွား များစေခြင်းငှာ။ |
| ဧဝဿမာပတ္တိ | | |
| ဂုဏာဘာဂေ | = | များစွာကုန်သော ပရိညေယျအဖို့အစု, ပဟာတဗ္ဗ အဖို့အစု, သစ္ဆိကာတဗ္ဗအဖို့အစု ဘာဝေတဗ္ဗအဖို့အစု ဖြစ်ကုန်သော ဓမ္မတို့ကို။ |
| ဘဇိ | = | ဂေါစရ,ဘာဝနာ နှစ်ဖြာသောမှီဝဲခြင်းဖြင့် မှီဝဲတော်မူပြီ။ |
| ဂုဏာဘာဂေ | = | သီလအစရှိသော ဓမ္မအစု,သာဝကတို့နှင့် ဆက်ဆံသောဂုဏ်အစုတို့ကို။ |

| | | |
|---|---|---|
| ပတ္တယိ | = | အသာဓာရဏ မဟာကရုဏာတော်မြတ်ဖြင့် တောင့်တလင့်ဆို အလိုရှိတော်မူပြီ။ |
| တသ္မာပိ | = | ထိုဥဒေယျအစရှိသော ဂုဏာဘာဂ သမာပတ္တိတို့ကို ဂေါစရ,ဘာဝနာတို့ဖြင့် မှီဝဲတော်မူတတ် သာဝကတို့နှင့် ဆက်ဆံသော သီလအစရှိသော ဂုဏ်အစုတို့ (နှင့်ပြည့်စုံခြင်း)ကို တောင့်တလင့်ဆို အလိုတော်ရှိတော်မူတတ်သည်၏ အဖြစ်ကြောင့်။ |
| ဘဂဝါ | = | ဘဂဝါမည်တော်မူပါပေ၏ဟူ၍။ |
| မဟော | = | သိအပ်၏။ |

= =✦=✦=✦= =

(ဃ) ယာ တာ သမ္ပတ္တိယော လောကေ၊
ယာ စ လောကုတ္တရာ ပုထူ။
သဗ္ဗာ တာ ဘဇိ သမ္ဗုဒ္ဓေါ၊
တသ္မာပိ ဘဂဝါ မတော။

(ဝိသုဒ္ဓိ၊ဋ္ဌ၊၁။၂၆၁။)

| | | |
|---|---|---|
| သမ္ဗုဒ္ဓေါ | = | သိစရာရှိသမျှ ဓမ္မဉာဏ်သုံ အလုံးစုံကို ဆရာမလို ကိုယ်တော်တိုင်သာ သိတော်မူပြီးသော မြတ်စွာဘုရားသည်။ |
| လောကေ | = | လောကသုံးခွင် ဘုံအပြင်၌။ |
| ယာ တာ | | |
| သမ္ပတ္တိယော | = | အကြင် ပဒေသရာဇ်မင်းစည်းစိမ်း ဧကရာဇ် မင်းစည်းစိမ်၊ စကြာမင်းစည်းစိမ်၊ နတ်မင်း စည်းစိမ်တို့သည်လည်းကောင်း။ |
| လောကုတ္တရာ | = | လောကစည်းစိမ်တို့ထက် သာလွန်မြင့်မြတ် ကုန်သော။ |
| ပုထူ | = | သချ်ာချင့်ထောက် များမြောက်လှစွာ ကုန် သော။ |
| ယာသမ္ပတ္တိယောစ | = | အကြင်ဈာန်၊ဝိမောက္ခ၊သမာဓိ၊သမာပတ္တိ၊ ဉာဏဒဿန၊ ဘာဝနာ၊ဖလသစ္ဆိကိရိယ အစရှိသော ဥတ္တရိမနုဿဓမ္မ၏ အစွမ်းအား ဖြင့် သူခပ်သိမ်းတို့နှင့် မဆက်ဆံသော စည်းစိမ်ချမ်းသာတို့သည်လည်းကောင်း။ |

အတ္တိ = ထင်ရှားပုံသေ ရှိပါပေကုန်၏။
သဗ္ဗာ = လောကုတ်,လောကီ အလီလီအဝဝ များပြား လှစွာကုန်သော။
တာသမ္ဗတ္တိယော = ထိုစည်းစိမ်းချမ်းသာ အဖြာဖြာတို့ကို။
ဘဇိ = မှီဝဲဆည်းကပ်တော်မူလေပြီ။
တသ္မာပိ = ထိုကြောင့်လည်း။
ဘဂဝါ = ဘဂဝါမည်၏ဟူ၍။
မတော = ယုံမှားမရှိ သိအပ်ပါပေ၏။

= =✦=✦=✦= =

(င) ဂုဏာတိသယယုတ္တဿ၊
ယသ္မာ လောကဟိတေသိနော။
သမ္ဘဿတ္တာ ဗဟဝေါ သတ္တု၊
ဘဂဝါ တေန ဝုစ္စတိ။ (ဝိသုဒ္ဓိ၊ဋီ၊၁။၂၆၂။)

ယသ္မာ = အကြင်ကြောင့်။
ဂုဏာတိသယ
ယုတ္တဿ = အသာဓာရဏ မဟာကရုဏာ သဗ္ဗညုတဉာဏ် အစရှိသော မနှိုင်းယှဉ်အပ်သော ဂုဏ်, နှိုင်းခိုင်းဖွယ်ရာ ဥပမာမရှိသော အစွမ်းသတ္တိဂုဏ်ထူး ဝိသေသတို့နှင့် ယှဉ် တော်မူထသော။

လောက
ဟိတေသိနော = လောက၏ အစီးအပွားကိုသာ ရှာမှီးတော်မူလေ့ရှိသော။
သတ္ထု = လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ ဆရာသခင်ဘုရားရှင်အား။
ဗဟဝေါ = သင်္ချာမတင်နိုင်လောက်အောင် များပြားလှစွာ သတ္တဝါတို့သည်။
သမ္ဘတ္တာ = လေးမြတ်ကော်ရော် ပူဇော်ဆည်းကပ်အပ်ကုန်ပြီ။
တေန = ဗြဟ္မာ,လူ,နတ် လေးမြတ်ကော်ရော် ပူဇော်ဆည်းကပ်အပ်သည်၏ အဖြစ်ကြောင့်။
ဘဂဝါ = ဘဂဝါမည်တော်မူ၏ဟူ၍။
ဝုစ္စတိ = ကောင်းစွာပိုင်ပိုင် ဆိုအပ်နိုင်ပါပေ၏။

= =✦=✦=✦= =

(၈) စက္ကဝတ္တိသိရီ ယသ္မာ၊
ယသံ ဣဿရိယံ သုခံ။
ပဟာသိ လောကစိတ္တဥ္စ၊
သုဂတော ဘဂဝါ တတော။
(ဝိသုဒ္ဓိ၊ဋီ၊၁။၂၆၂။)

| | | |
|---|---|---|
| ယသ္မာ | = | အကြင်ကြောင့်။ |
| သုဂတော | = | ဒီပင်္ကရာ မြတ်စွာသေဌ်နင်း ခြေတော်ရင်းမှ စ၍ ဗောဓိမဏ္ဍိုင်ထိအောင် အစွန်းနှစ်ရပ် မငြိကပ်ပဲ ကောင်းသောကြွလာခြင်းရှိတော်မူသော မြတ်စွာဘုရားသည်။ |
| စက္ကဝတ္တိသိရီ | = | လေးကျွန်းလုံးကို အုပ်စိုးပိုင်သ အစိုးရသော လေးကျွန်းသေဌ်နင်း စကြာမင်း၏ အသရေတော်ကိုလည်းကောင်း။ |
| ယသံ | = | စကြာမင်း၏ စည်းစိမ်ချမ်းသာကိုမှီသော ရတနာ ခုနစ်ပါးတို့ဖြင့် တောက်ပနေသော အရှိန်အဝါ အကျော်အစော၊ အခြံအရံကိုလည်းကောင်း။ |
| ဣဿရိယံ | = | နတ်ပြည်၏ အကြီးအကဲ သိကြားမင်း၏ အစိုးရခြင်းနှင့်တူသော လေးကျွန်းလုံးကို အုပ်စိုးပိုင်သ အစိုးရခြင်းကိုလည်းကောင်း။ |

| | | |
|---|---|---|
| သုခံ | = | လောကီချမ်းသာ အဖြာဖြာကိုလည်းကောင်း။ |
| လောကစိတ္တဉ္စ | = | မြင့်မိုရ်,ယုဂန္ဓိုရ်,မြောက်ကျွန်း, ဟိမဝန္တာ ဆန်းကြယ်စွာလှ ဩကာသလောကကိုလည်းကောင်း။ |
| ပဟာသိ | = | မငဲ့မတွယ် စွန့်ပယ်တော်မူလေပြီ။ |
| တတော | = | သိရီ,ယသ,ဣဿရိယ,သုခ ဆန်းကြယ်စွာလှ လောကဝတ္ထု အစုစုကို မငဲ့မတွယ် စွန့်ပယ်တော်မူနိုင်ခြင်းကြောင့်။ |
| ဘဂဝါ | = | ဘဂဝါမည်တော်မူပါပေ၏။ |

(ဆ) ခန္ဓာယတနဓာတာဒိ-
ဓမ္မဘေဒေါ မဟေသိနာ။
ကဏှာ သုက္ကာ ယတော ဝုတ္တာ၊
တတောပိ ဘဂဝါ မတော (ဝိသုဒ္ဓိ၊ဋီ၊၁။၂၆၃။)

| | | |
|---|---|---|
| ယတော | = | အကြင်ကြောင့်။ |
| မဟေသိနာ | = | သီလက္ခန္ဓ စသည့်ကျေးဇူး ဂုဏ်အထူးတို့ကို ရှင်မြူးဝမ်းသာ ရှာမှီးတော်မူတတ်သော မြတ်စွာဘုရားသည်။ |
| ခန္ဓာယတနဓာတာ-ဒိ ဓမ္မဘေဒေါ | = | ခန္ဓာ, အာယတန, ဓာတ်အစရှိသောအားဖြင့် ပြားကုန်သော။ |
| ကဏှာသုက္ကာ | = | မည်းညစ်ကုန် ဖြူစင်ကုန်သောတရားတို့ကို။ |
| ဝုတ္တာ | = | အရဟတ္တမဂ် ခံတွင်းစက်ဖြင့် ထွေးဟက် ထုတ်အန်တော်မူအပ်ကုန်ပြီ။ |
| တတောပိ | = | ခန္ဓာ,အာယတန,ဓာတ်ဟုထွေပြား ကဏှ, သုက္က တရားတို့ကို အရဟတ္တမဂ် ခံတွင်း စက်ဖြင့်ထွေးဟက် ထုတ်အန်တော်မူပြီးသည်၏ အဖြစ်ကြောင့်လည်း။ |
| ဘဂဝါ | = | ဘဂဝါ-မည်တော်မူပါပေ၏ |

(၉) ဘာဂဝါ ဘတဝါ ဘာဂေ၊
ဘဂေ စ ဝနိ ဘတ္တဝါ။
ဘဂေ ဝမိ တထာ ဘာဂေ၊
ဝမီတိ ဘဂဝါ ဇိနော။

(ဝိသုဒ္ဓိ၊ဋီ၊၁။၂၅၈၊၂၆၃။)

ဇိနော = ဒေဝပုတ္တစသည်များဖြင့် မာရ်ငါးအင်ကို လုံ့၊ ဓားမဆင် အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားသည်။

ဘာဂဝါ = သူခပ်သိမ်းတို့နှင့် မဆက်ဆံသော သီလ,သမာ, ပညာ, ဝိမုတ်စရှိများပြား ဂုဏ်အဖို့ အစုရှိတော်မူပါပေ၏။

ဘတဝါ = ပါရမီ စာဂ စရိယဟု စသည်များလှ ဗုဒ္ဓကာရကဓမ္မတို့ကို ဆည်းပူးစုဆောင်းတော်မူခဲ့ပါပေပြီ။

ဘာဂေ = ကုဋေနှစ်သိန်းလေးသောင်းသော နေ့တိုင်းဝင်စားအပ်သော ဝဠဉ္စနက သမာပတ်အဖို့ အစုတို့ကို။

ဝနိ = လောက၏ အကျိုးစီးပွား,ကိုယ်တော်၏ ဒိဋ္ဌဓမ္မသုခဝိဟာရ အကျိုးငှာ အမြဲမပြတ် မှီဝဲဆည်းကပ် ကြိမ်ဖန်များစွာ ပြုတော်မူလေပြီ။

ဘာဂေ = အဘိသမယဘာဂ,အနေကပရိညေယျဘာဂ, ပဟာတဗ္ဗဘာဂ,သစ္ဆိကာတဗ္ဗဘာဂ, ဘာဝေတဗ္ဗ ဘာဂဓမ္မတို့ကို။

| | |
|---|---|
| ဝန္ဒိ | = ဂေါစရဘာဝနာ နှစ်ဖြာသော မို့ဝဲခြင်းတို့ဖြင့် ထိုက်သည့် အလျောက် မို့ဝဲတော်မူပြီ။ |
| ဘာဂေ | = သာဝကတို့နှင့် ဆက်ဆံသော သီလအစရှိသော ဂုဏ်အဖို့ အစုတရားတို့ကို။ |
| ဝန္ဒိ | = အသာဓာရဏ မဟာကရုဏာတော်ဖြင့် တောင့်တ လင့်ဆို အလိုရှိတော်မူပြီ။ |
| ဘဂေ | = ကောင်းမှုရှင်တို့သည် စည်းစိမ်အားလျော်စွာ ဝေဖန်အပ်သော လောကီ,လောကုတ္တရာစည်းစိမ် အဖြာဖြာတို့ကို။ |
| ဝန္ဒိ | = မို့ဝဲတော်မူပြီ။ |
| ဘတ္တဝါ | = မနှိုင်းယှဉ်အပ်သော ဂုဏ်ထူးဝိသေသ နှိုင်းခိုင်း ဘွယ်ရာ ဉပမာမရှိသော အစွမ်းသတ္တိထူးတို့နှင့် ပြည့်စုံတော်မူသဖြင့် သမဏ,ဗြာဟ္မဏ,ဒေဝ, မာရ, ဗြဟ္မာတို့ မြဲမြံစွာ ဆည်းကပ်တော်မူပါ ပေ၏။ |
| ဘဂေ | = ဗောဓိသတ္တဖြစ်စဉ်ကပင် ပါရမီဆယ်ပါး ဘုရား ဖြစ်ကြောင်း ကောင်းမှုတို့ကို ဖြည့်ကျင့်တော်မူ လျှက် ဣဿရိယ,သိရီ, ယသဘဂသဘာဝ တို့ကို။ |
| ဝမိ | = အရဟတ္တမဂ် ခံတွင်းစက်ဖြင့် ထွေးဟက်ထုတ် အံတော်မူပြီ။ |
| တထာ | = ထိုမှတပါး။ |
| ဘာဂေ | = ခန္ဓာအစရှိကုန်သော သဘာဂဓမ္မတို့ကို။ |

| | |
|---|---|
| ဝမိ | = အရဟတ္တမဂ် ခံတွင်းစက်ဖြင့် ထွေးဟက်ထုတ် အံတော်မူပြီ။ |
| တတော | = ထိုကြောင့်။ |
| ဘဂဝါ | = ဘဂဝါ မည်တော်မူပါပေ၏။ |

= =✦=✦=✦= =

## စက်တော်ရာဘုရားရှိခိုး

(၁) ပါဒေသု ယဿ ဇာတာနိ၊
ဒွေ စက္ကာနိ သကမ္မုတော။
နာနာကာရေဟိ ပုဏ္ဏာနိ၊
ဝန္ဒေ တံ ပုရိသုတ္တမံ။

| | | |
|---|---|---|
| ၁။ ယဿ ပုရိသုတ္တမဿ | = | အကြင်မြတ်စွာဘုရား၏။ |
| ပါဒေသု | = | ခြေတော်တို့၌။ |
| သကမ္မုတော | = | ကောင်းမှုတော်ကြောင့်။ |
| ဇာတာနိ | = | ဖြစ်ကုန်သော။ |
| နာနာကာရေဟိ | = | အထူးအထူးသော အကန့်အကွက် ပုံတောင်းတို့ဖြင့်။ |
| ပုဏ္ဏာနိ | = | ပြည့်ကုန်သော။ |
| ဒွေ | = | နှစ်ပါးကုန်သော။ |
| စက္ကာနိ | = | စက်တော်တို့သည်။ |
| သန္တိ | = | ရှိကုန်၏။ |
| တံ ပုရိမသုတ္တမံ | = | ထိုမြတ်စွာဘုရားကို။ |
| အဟံ | = | ငါသည်။ |
| ဝန္ဒေဝန္ဒာမိ | = | ရှိခိုးပါ၏။ |

(၂) သတ္တိ စ သိရီဝဍ္ဎော စ၊
နန္ဒိယာဝဋ္ဋမေဝ စ။
သောဝတ္ထိကော ဝဋံသော စ၊
ဝမ္မာနဥ္စ ပီဌကံ။

(၃) အင်္ကုသဥ္စေဝ ပါသာဒေါ၊
တောရဏံ ဆတ္တမေဝ စ။
ခဂ္ဂေါ စ တာလဝဏ္ဋဥ္စ၊
မောရဟတ္ထကဗီဇနီ။

(၄) ဥဏှီသံ မဏိ ပတ္တဥ္စ၊
ဒါမံ နီလုပ္ပလံ တထာ။
ရတ္တသေတုပ္ပလဥ္စေဝ၊
ပဒုမံ ပုဏ္ဍရီကံ တထာ။

(၅) ပုဏ္ဏဃဋော ပုဏ္ဏပါတိ၊
သမုဒ္ဒေါ စက္ကဝါဠကံ။
ဟိမဝါ စ သိနေရု စ၊
သူရိယော စန္ဒိမာ တထာ။

(၆) နက္ခတ္တာ စတုရော ဒီပါ၊
ဒွိသဟဿပရိတ္တကော။
စက္ကဝတ္တီ သေတသင်္ခါ၊
မစ္ဆာနံ ယုဂဠံ တထာ။

(၇) စက္ကံ သတ္တ မဟာဂင်္ဂါ၊
မဟာသေလာ မဟာသရာ။
သုပဏ္ဏကော သံသုမာရော၊
ဓဇော ပင္ဂါကမေဝ စ။

(၈) ပါဋင်္ကီ ဝါဠဗီဇနီ၊
ကေလာသပဗ္ဗတော တထာ။
သီဟရာဇာ ဗျဂ္ဃရာဇာ၊
ဝလာဟကော စ ဥပေါသထော။

(၉) ဗာသုကီ နာဂရာဇာ စ၊
ဟံသော စ ဥသဘော တထာ။
ဧရာဝဏော စ မကာရော၊
ဟရိနာဝါ စတုမုခါ။

(၁၀) သဝစ္ဆကာ တထာ ဂါဝီ၊
ကိန္နရော ကိန္နရီပိ စ။
ကရဝီကော မယူရော စ၊
ကုဉ္စရာဇာ တထေဝ စ။

(၁၁) စက္ကဝါကဒိဇော စေဝ၊
ဇီဝဇီဝကနာမကာ။
ဆကာမာဝစရာ ဒေဝါ၊
ဗြဟ္မလောကာ စ သောဠသ။

(၁၂) တောနိဋ္ဌုတ္တရသတ-
လက္ခဏာနိ မဟေသိနော။
ပါဒေသု ယဿ ဒိဿန္တေ၊
ဝန္ဒေ တံ ပုရိသုတ္တမံ။

(၂) ယဿ မဟေသိနော = အကြင်မြတ်စွာဘုရား၏။
ပါဒေသု = ခြေတော်တို့၌။
သတ္တိ စ = လှံမလည်းကောင်း။
သိရိဝစ္ဆော စ = အိမ်မွန်(ကြက်သရေတိုက်) လည်းကောင်း။
နန္ဒိယာဝဋ္ဋမေဝ စ = စလပ်ပန်း လည်းကောင်း။
သောဝတ္ထိကော စ = လည်ရေးသုံးဆင့်လည်းကောင်း။
ဝဋံသော စ = ဦးဆောက်(ဦးစိုက်)ပန်းလည်းကောင်း။
ဝဍ္ဎမာနဉ္စ = ထမင်းပွဲ လည်းကောင်း။
ပီဌကံ စ = (အင်းပျဉ်ဝန်း)ရွှေသလွန် လည်းကောင်း။

(၃) အင်္ကုသဉ္စ = ချွန်းတောင်းလည်းကောင်း။
ပါသာဒေါ = ပြာသာဒ်လည်းကောင်း။

| | | |
|---|---|---|
| တောရဏံ စ | = | (တုရိုဏ်တိုင်)တံခါးတိုင်လည်းကောင်း။ |
| ဆတ္တမေဝ စ | = | ထီးဖြူတော် လည်းကောင်း။ |
| ခဂ္ဂေါ စ | = | သံလျက် လည်းကောင်း။ |
| တာလဝဏ္ဋ္ဋ | = | ထန်းရွက်ယပ်ဝန်း လည်းကောင်း။ |
| မောရဟတ္ထကဗီဇနီ | = | ဥဒေါင်းမြီးယပ်လည်းကောင်း။ |
| (၄) ဥဏှီသံ | = | သင်းကျစ်တော် လည်းကောင်း။ |
| မဏိ | = | ပတ္တမြားကျောက်မျက် လည်းကောင်း။ |
| ပတ္တဋ္ဋ | = | သပိတ် (အရောင်တဖိတ်ဖိတ်လက်သောစားတော်ခွက်)လည်းကောင်း။ |
| ဒါမံ | = | (မုလေး) ပန်းဆိုင်းလည်းကောင်း။ |
| နီလုပ္ပလံ | = | ကြာညို လည်းကောင်း။ |
| ရတ္တုပ္ပလံ | = | ကြာနီ လည်းကောင်း။ |
| သေတုပ္ပလဋ္ဋ | = | ကြာဖြူ လည်းကောင်း။ |
| ပဒုမံ | = | ကြာပဒုမ္မာ လည်းကောင်း။ |
| ပုဏ္ဍရီကံ | = | ကြာပုဏ္ဍရိက် လည်းကောင်း။ |
| (၅) ပုဏ္ဏဃဋော | = | မုံညင်းစေ့ဖြူ စသည်တို့ဖြင့် ပြည့်သောအိုး လည်းကောင်း။ |
| ပုဏ္ဏပါတိ | = | မုံညင်းစေ့ဖြူ စသည်တို့ဖြင့် ပြည့်သော ဖလားလည်းကောင်း။ |

| | | |
|---|---|---|
| သမုဒ္ဒေါ | = | သမုဒ္ဒရာ လည်းကောင်း။ |
| စက္ကဝါဠကံ | = | စကြာဝဠာ လည်းကောင်း။ |
| ဟိမဝါ စ | = | ဟိမဝန္တာတောင် လည်းကောင်း။ |
| သိနေရု စ | = | မြင့်မိုရ်တောင် လည်းကောင်း။ |
| သူရိယော စ | = | နေ လည်းကောင်း။ |
| တထာ | = | ထိုမှတပါး။ |
| စန္ဒိမာ | = | လ လည်းကောင်း။ |
| (၆) နက္ခတ္တာ | = | နက္ခတ်တို့လည်းကောင်း။ |
| ဒွိသဟဿပရိတ္တကော | = | ကျွန်းငယ် အရံနှစ်ထောင်နှင့်တကွ ကုန်သော။ |
| စတုရောဒီပါ | = | လေးကျွန်းတို့လည်းကောင်း။ |
| စက္ကဝတ္တိ | = | အခြွေအရံပရိသတ် ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြာမင်း လည်းကောင်း။ |
| သေတသခေါ် | = | လကျာ်ရစ်ခရုသင်းဖြူ လည်းကောင်း။ |
| တထာ | = | ထိုမှတပါး။ |
| မစ္ဆာနံ | = | (ရွှေငါးကြင်း)တို့၏။ |
| ယုဂဠံ | = | အစုံလည်းကောင်း။ |

(၇) စက္ကံ = စက်လက်နက်လည်းကောင်း။
သတ္တမဟာဂင်္ဂါ = သီတာခုနစ်တန်တို့ လည်းကောင်း။
သတ္တမဟာသေလာ = တောင်စဉ်ခုနစ်ထပ်တို့လည်း ကောင်း။
သတ္တမဟာသရာ = အိုင်ကြီးခုနစ်အိုင်တို့ လည်းကောင်း။
သုပဏ္ဏကော = ဂဠုန်ငှက်မင်း လည်းကောင်း။
သံသုမာရော = မိကျောင်း လည်းကောင်း။
ဓဇော စ = တံခွန် လည်းကောင်း။
ပဋ္ဌာကမေဝ စ = ကုက္ကား လည်းကောင်း။
(၈) ပါဋ္ဌင်္ကီ = ရွှေသံလျင်း လည်းကောင်း။
ဝါဋ္ဌဗီဇနိ = ရွှေဖြင့်ပြီးသော သားမြီးယပ်လည်း ကောင်း။
ကေလာသပဗ္ဗတော = ကေလာသငွေတောင်လည်းကောင်း
တထာ = ထိုမှတပါး။
သီဟရာဇာ = ခြင်္သေ့မင်း လည်းကောင်း။
ဗျဂ္ဃရာဇာ = ကျားမင်း လည်းကောင်း။
ဝလာဟကော = ဝလာဟက မြင်းမင်းလည်းကောင်း။
ဥပေါသထော = ဥပေါသထဆင်မင်း လည်း ကောင်း။
(၉)ဗာသုကီနာဂရာဇာ¹ = ဗာသုကီနဂါးမင်း လည်းကောင်း။

---

၁။ သက္ကတ၌ 'ဝါသုကီ'ဟု ရှိ၏၊ သို့ဖြစ်၍ ''ဗာသုကီ'မှာလည်း ဝ နှင့် ဗ ကာရီ ကာရီယဖြစ်၍ သင့်သည်။ တချို့မူ၌ ''ဖာသုကီ''ဟုရှိကား သင့်အံ့မထင်။

| | |
|---|---|
| ဟံသော စ | = ရွှေဟင်္သာမင်း လည်းကောင်း။ |
| ဥသဘော စ | = ဥသဘနွားမင်း လည်းကောင်း။ |
| တထာ | = ထိုမှတပါး။ |
| ဧရာဝဏော | = ဧရာဝဏ်ဆင်မင်း လည်းကောင်း။ |
| မကာရော | = ရွှေမကာရ်း လည်းကောင်း။ |
| ဟရိနာဝါ | = ရွှေလှေ လည်းကောင်း။ |
| စတုမုခါ | = မျက်နှာလေးခု ဖြဟ္မာမင်းလည်းကောင်း။ |
| တထာ | = ထိုမှတပါး။ |
| (၁၀)သဝစ္ဆကာ | = သားငယ်ရှိသော။ |
| ဂါဝီ | = (နို့စား)နွားမ လည်းကောင်း။ |
| ကိန္နရော | = ကိန္နရာ လည်းကောင်း။ |
| ကိန္နရီပိ စ | = ကိန္နရီမ လည်းကောင်း။ |
| ကရဝီကော | = ကရဝိက်ငှက်မင်း လည်းကောင်း။ |
| မယူရော | = ဥဒေါင်းမင်း လည်းကောင်း။ |
| တထာ | = ထိုမှတပါး။ |
| ကုဉ္စရာဇာ | = ကြိုးကြာငှက်မင်း လည်းကောင်း။ |
| (၁၁) စက္ကဝါကဒ္ဓဇော စ | = စက္ကဝတ်ငှက်မင်း လည်းကောင်း။ |
| ဇီဝဇီဝကနာမကာ-[၁] | = ဇီဝဇိုးငှက်မင်း လည်းကောင်း။ |

---

၁။ ဇီဝဇီဝကနာမကော-ရှိမှ သင့်မည်။

ဆကာမာဝစရာဒေဝါ= နတ်ပြည်ခြောက်ထပ်လည်း ကောင်း။

သောဠသ- = ရူပါဝစရဗြဟ္မာ့ပြည် တစ်ဆဲ့ခြောက် ဗြဟ္မလောကာ စ ထပ်တို့လည်းကောင်း။

ဣတိ = ဤသို့။

(၁၂)တောနိ အဠုတ္တရ-

သတလက္ခဏာနိ = ဤတရာ့ရှစ်ပါးသော လက္ခဏာတော် တို့သည်။

ယဿ မဟေသိနော = အကြင်မြတ်စွာ ဘုရား၏။

ပါဒေသု = ခြေတို့၌။

ဒိဿန္တေ = ထင်ကုန်၏။

ပုရိသုတ္တမံ = ယောကျ်ားမြတ်ဖြစ်တော်မူသော။

တံ မဟေသိံ = ထိုမြတ်စွာဘုရားကို။

အဟံ = ငါသည်။

ဝန္ဒေ ဝန္ဒာမိ = ရှိခိုးပါ၏။*

---

- မဟာဗုဒ္ဓဝင်၊၂။၇၂-၃။

* ယင်းစက်လက္ခဏာ ဘုရားရှိခိုးပါဠိအနက်ကို ပင်းယခေတ်ပါဠိဂါထာ အရေး အသားနှင့် နိသျရေးပုံကို သိနိုင်ရန်များစွာမပြင်ပဲ ထည့်သွင်း ဖော်ပြပါသည်။

အရှင်မဟာရဋ္ဌသာရ

လင်္ကာသီကုံးထုံးဖွဲ့ ရေးစီရင်တော်မူခဲ့သော

## တရုတ်ရှစ်ကွက် စက်လက္ခဏာ

## ဘုရားရှိခိုးလင်္ကာ

အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမ၏ ပါဒ မြတ်ကျော် ဖဝါးတော်၌ ထွန်းပေါ်ကျစ်လစ် တရုတ်ရှစ်ကို စင်စစ် ကောင်းထွေ လှည့်လည်ရေအုံ့ ချီထွေအစ လုံ့မအိမ်မွန် မကျန်ပွင့်ချပ် ဇလပ်ပုံ့မွှေး လည်ရေးသုံးဆင့် လှတင့်သွန်းသွန်း ဦးဆောက်ပန်းက စသည်မကွဲ ထမင်းပွဲတည်ဟန် ရွှေသလွန် ချွန်းတောင်း ရောင် မောင်းပြာသာဒ် အထွတ်မြင့်ခိုင် တံခါးတိုင်နှင့် အပြိုင်ထီးဖြူ အတူသန်လျက် ထန်းရွက်ယပ်ဝန်း တခန်းတကြောင်း ဥဒေါင်းမြီးယပ် သင်းကျစ်တခြား ပတ္တမြားရောင်ဖိတ် သပိတ်ပန်းဆိုင်း တုန္နိုင်းမရ ပွင့်လှထွားထွား ငါးပါးကြာမျိုး ရေအိုးဖလား ထူးခြားသမုဒ္ဒြာ စက္ကဝါမြင့်မိုရ် ထိုထိုနေလ နက္ခတ်စသား ဒေသလေးခု ဇမ္ဗူဒီပါ ပြုဗ္ဗာဥတ္တရ ပရဂေါယီ တလီအုံ့ဖွယ် ကျွန်းငယ်နှစ်ထောင် ဘုန်းခေါင် လျှံဝင်း စကြာမင်းနှင့် ခရသင်းဖြူဆွတ် ငါးကြင်းပွတ်စကြာ သီဒါခုနစ်တန် သတ္တရဗ္ဗန် တောင်စဉ်ခုနစ်ထပ် ကြပ်ကြပ်မြင့်ခိုင် ခုနစ်အိုင်တသုန် ဂဠုန် တကြောင်း မိကျောင်းရေသား ကုက္ကားတမ်းခွန် မင်းတင်သံလျှင်း မကြွင်းတသီး သားမြီးကေသာ ကေလာသဘာ သီဟကျားမင်း ဆင်မင်းမြတ်စွာ ဥပေါသထာယာဉ်မွန် ဆဒ္ဒန်တခြား နဂါးဝမ်းဘဲ မကွဲတူကွ ဥသဘမကျန် ဧရာဝဏ်မကာရ်း ထူးဆန်း အုံ့ဖွယ် တင့်တယ်လှထွေ ရွှေလှေလျှံဝါ မျက်နှာလေးပါး နွားသား

မိတ်စစ် အဖြစ်များစွာ ကိန္နရာကိန္နရီ တူပြီကရဝိတ် ထိတ်ထိတ် သံညောင်း ဥဒေါင်းကြိုးကြာ ဟသာ်စက္ကဝတ် ငှက်၏အမျိုး ဇီဝဇိုးအစုံ ခြောက်ဘုံနတ်ရွာ ဆကာမာနှင့် ပြဟ္မာထက်ရပ် ဆယ့်ခြောက်ထပ်က စေ့စပ်မကြွင်း ခပင်းများစွာ ရုံခကာနှင့် စကြာခြေမွန် တင့်စဟန်ကို ထက်စွန်မိုးဖျား သိကြားပြဟ္မာ ရေးထုကာလည်း ဘယ်မှာတူမျှ အတုရခြိမ့် အသမာသမာ သုံ့လူ့ချာ၏ ရတနာထိန်ဝင်း နီလင်းစင်သန့် အကန့်တထောင် ရွှေရောင်ခြယ်ကာ သန္တာအကွပ် ထိန်လျှပ်မြကောင်း ပုံတောင်းပြိုးပြက် ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင်ခိုးသည် ကောင်းကျိုး လျှင်ဆောပြည့်စေသော။

အင်းဝသာသနာဝင်။၈၁။

## လက္ခဏာတော်ငယ်ရှစ်ဆယ်ဂါထာများ

မြတ်စွာဘုရား၏ လက္ခဏာတော်ငယ်ရှစ်ဆယ် (အသီတိ အနုဗျဥ္စန)တို့မှာ ပိဋကတ်တော် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ စုံလင်စွာမပါရှိချေ၊ "ဘဂဝတော အသီတိအနုဗျဥ္စနာနိ ဗျာမပ္ပဘာ ဒွတ္တိံသမဟာပုရိသလက္ခဏာနိ"[၁] စသည်ဖြင့် လက္ခဏာတော်ငယ် ရှစ်ဆယ်ရှိကြောင်းသာတွေ့ရ၏၊ လက္ခဏာတော်ငယ်ရှစ်ဆယ် သရုပ်မှာ ပိဋကတ်ပါဠိ၊အဋ္ဌကထာ၊ ဋီကာကြီးတို့၌ မပါမရှိချေ။ သို့ရာတွင် သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၇၀၀-တွင် ထင်ရှားသော အရှင်ဗုဒ္ဓရက္ခိတထေရ်ပြုစုသော"ဇိနာလင်္ကာရဋီကာ" ၌ လာရှိလေသည်။[၂]

ဤ၌ သရုပ်ထုတ်ပြဦးအံ့။

၁။ စိတင်္ဂုလိကာ = အကြားမလပ် စေ့စပ်သော လက်ချောင်းတော် ခြေချောင်းတော်ရှိခြင်း၊

၂။ အနုပုဗ္ဗင်္ဂုလိတာ = အရင်းမှအဖျားတိုင် အစဉ်အတိုင်း သွယ်ပျောင်းသော လက်ချောင်းတော်၊ခြေချောင်းတော်ရှိခြင်း၊

၃။ ဝဋ္ဋင်္ဂုလိတာ = လုံးသောလက်ချောင်းတော်၊ ခြေချောင်းတော်ရှိခြင်း၊

---

၁။ ဒီ၊ ၄၊ ၃။ ၁၀၁။ မ၊ ၄၊ ၂။ ၁၄၀။ မ၊ ၄၊ ၄။ ၂၀၄-စသည်။

၂။ ဇိနာလင်္ကာရဋီကာ။၁၉၈။

| | | | |
|---|---|---|---|
| ၄။ | တမ္ဗနခတာ | = | ရဲရဲနီမြန်းသောလက်သည်းတော် ခြေသည်းတော်ရှိခြင်း၊ |
| ၅။ | တုင်္ဂနခတာ | = | မြင့်သော ချွန်းသောညွတ်သော လက်သည်း ခြေသည်းတော်ရှိခြင်း၊ |
| ၆။ | သိနိဒ္ဓနခတာ | = | သိမ်မွေ့ပြေပြစ်သော လက်သည်း ခြေသည်းတော်ရှိခြင်း၊ |
| ၇။ | နိဂုဋ္ဌဂေါပ္ဖကတာ | = | မရှိုက်မမိုသော ဖမျက်တော်ရှိခြင်း၊ |
| ၈။ | သမပါဒတာ | = | ခြေချောင်းတော် ဆယ်ချောင်းလုံး အဖျားညီညွတ်ခြင်း၊ (၁) |
| ၉။ | ဂဇသမာနက္ကမတာ | = | ဆင်မင်းပမာ တင့်တယ်စံပယ်စွာ သွားတော်မူခြင်း၊ |
| ၁၀။ | သီဟသမာနက္ကမတာ | = | ခြင်္သေ့မင်းပမာ စံပယ်စွာသွား တော်မူခြင်း၊ |
| ၁၁။ | ဟံသသမာနက္ကမတာ | = | ဟသ်ာမင်းအလား စံပယ်စွာ သွား တော်မူခြင်း၊ |
| ၁၂။ | ဥသဘသမာနက္က-မတာ | = | နွားမင်းဥသဘသဖွယ် စံပယ်စွာ သွားတော်မူခြင်း၊ |
| ၁၃။ | ဒက္ခိဏာဝဋ္ဋဂတိတာ | = | လက်ျာရစ်လည်၍ ကြွသွားတော် မူခြင်း၊ (၃) |

၁၄။ သမန္တတော စာရု
ဇာဏု မဏ္ဍလတာ = ထက်ဝန်းကျင်မှ ရွှေချင်စဖွယ် တင့်တယ်သော ပုဆစ်ဒူးဝန်းတော်ရှိခြင်း။

၁၅။ ပရိပုဏ္ဏပုရိသ
ဗျဉ္ဇနတာ = ပြည့်စုံအောင်မြင်သော ယောကျ်ားနိမိတ်ရှိခြင်း၊ (၁)

၁၆။ အစ္ဆိဒ္ဒနာဘိတာ = လကျ်ာရစ်လည်သော အရေးအကြောင်း မပေါက်မပြတ်သော ချက်ရှိတော်မူခြင်း၊

၁၇။ ဂမ္ဘီရနာဘိတာ = နက်သောချက်တော်ရှိခြင်း၊

၁၈။ ဒက္ခိဏာဝဋ္ဋနာဘိတာ = လကျ်ာရစ်လည်သော အရေးအကြောင်းရှိသော ချက်တော်ရှိခြင်း၊ (၃)

၁၉။ ဒွိရဒကရသဒိသ
ဦရုဘုဇတာ = ဆင်နှာမောင်းနှင့်တူသောပေါင်တော်, လက်ရုံးတော်ရှိခြင်း၊ (၁)

၂၀။ သုဝိဘတ္တဂတ္တတာ = ကောင်းစွာဝေဖန်အပ်သော ကိုယ်တော်ရှိခြင်း၊
(ကိုယ်တော်အနေအထား သန့်ရှင်းသည်)

၂၁။ အနုပုဗ္ဗဂတ္တတာ = အစဉ်အတိုင်း ရှွေ့ရှွေ့တက်သော ကိုယ်တော်ရှိခြင်း၊ (အထက်ပိုင်း, အောက်ပိုင်း သန့်ရှင်းသည်။)

၂၂။ မဋ္ဌဂတ္တတာ = ပြေပြစ်ချောမွတ်သော ကိုယ်တော်ရှိခြင်း၊

၂၃။ အနုဿန္နာန
နုဿန္နသဗ္ဗဂတ္တတာ = မရှိုက်မမိုမဖောက်သော ကိုယ်တော်ရှိခြင်း၊

၂၄။ အလီနဂတ္တတာ = မတွန့်မလိပ်သော ကိုယ်တော်ရှိခြင်း၊

၂၅။ တိလကာဒိဝိရဟိ
တဂတ္တတာ = မှည့်စသည်မှကင်းသော ကိုယ်တော်ရှိခြင်း၊

၂၆။ အနုပုဗ္ဗရုစိရဂတ္တတာ = အစဉ်အတိုင်း ပြိုးပြိုးပြက်သော ကိုယ်တော်ရှိခြင်း၊

၂၇။ သုဝိသုဒ္ဓဂတ္တတာ = အထူးသဖြင့် စင်ကြယ်သော ကိုယ်တော်ရှိခြင်း၊

၂၈။ ကောဋိသဟဿ
ဟတ္ထိဗလဓာရဏတာ= ကုဋေတစ်ထောင်သော ကာဠာဝက ဆင်တို့၏ အားကိုဆောင်နိုင်သော အားတော်ရှိခြင်း။

၂၉။ တုင်္ဂနာသတာ = ရွှေချွန်းသဘွယ် မြင့်တက်သောနှာခေါင်းတော်ရှိခြင်း။

၃၀။ သုရတ္တဒွိဇမံသတာ = အလွန်နီမြန်းသော သွားဖုံးသားတော်ရှိခြင်း၊(၁)

- *ရတ္တဒွိဇမုခတာ = နီသောနှုတ်ခမ်းတော်ရှိခြင်း။

၃၁။ သုဒ္ဓဒန္တတာ = စင်ကြယ်သောသွားတော်ရှိခြင်း၊

၃၂။ သိနိဒ္ဓဒန္တတာ = သိမ်မွေ့ပြေပြစ်သော သွားတော်ရှိခြင်း။၊(၂)

၃၃။ ဝိသုဒ္ဓိန္ဒြိယတာ = စင်ကြယ်သော မျက်စိစသော ဣန္ဒြေရှိခြင်း၊

၃၄။ ဝဋ္ဋဒါဌတာ = လုံးသောစွယ်တော်ရှိခြင်း၊

၃၅။ ရတ္တောဋ္ဌတာ = နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း၊

၃၆။ အာယတဝဒနတာ = ရှည်သော ခံတွင်းတော်ရှိခြင်း၊ (၁)

၃၇။ ဂမ္ဘီရပါဏိလေခတာ= နက်သောလက္ခဏာ အရေးအသားရှိတော်မူခြင်း၊

၃၈။ အာယတလေခတာ = ရှည်သော လက္ခဏာအရေးအသား ရှိတော်မူခြင်း၊

---

* သမန္တစက္ခုဒီပနီ

၃၉။ ဥဇုကလေခတာ = မကွေ့မကောက်ဖြောင့်သော လက္ခဏာ အရေးအသားရှိခြင်း၊

၄၀။ သုရုစိရသဏ္ဌာန
လေခတာ = လွှန်စွာတင့်တယ်သော နှစ်လိုဖွယ် သဏ္ဌာန်ရှိသော လက္ခဏာအရေးအသားရှိခြင်း၊(၄)

၄၁။ ပရိမဏ္ဍလကာယပ္ပ
ဘာဝန္တတာ = ထက်ဝန်းကျင်ဝန်းဝိုင်းသော ကိုယ်တော် ရောင်ရှိခြင်း၊(၁)

၄၂။ ပရိပုဏ္ဏကပေါလတာ= ပြည့်ဖြိုးသော ပါးစောင်ပါးပြင်တော်ရှိခြင်း၊

၄၃။ အာယတဝိသာလ
နေတ္တတာ = ရှည်လျားပြန့်ကျယ်သော မျက်ကွင်းတော်မျက်ရေးတော်ရှိခြင်း၊

၄၄။ ပဉ္စပသာဒ
ဝဏ္ဏနေတ္တတာ = ငါးမျိုးသောအဆင်းဖြင့် လွန်စွာကြည်လင်သော မျက်လုံးတော်ရှိခြင်း၊(၂)

၄၅။ အာကုဉ္စိတဂ္ဂပခုမတာ= အဖျားကော့ရရော့ရှိသော မျက်တောင်မွေးတော်ရှိခြင်း၊ (၁)

၄၆။ မုဒုတနုကရတ္တဇိဝှတာ[၁] = နူးညံ့ပါးလွှာနီမြန်းသော လျှာတော်ရှိခြင်း။

၄၇။ အာယတရုစိရ
ကဏ္ဏတာ = ရှည်လျားတင့်တယ် နှစ်လိုဖွယ်သောနားတော်ရှိတော်မူခြင်း၊ (၁/၂)

၄၈။ နိဂ္ဂဏ္ဌိသိရတာ = အဖုအထစ် အထုံးအဖွဲ့ကင်းသည့် အကြောတော်ရှိခြင်း၊
(အကြောများ ထုံးဖုနေခြင်းမရှိ)

၄၉။ နိဂူဠှသိရတာ = မရှိက်မမို မမောက်သော မထင်ရှားမပေါ်သော အကြောတော်ရှိခြင်း၊
(အကြော ပေါ်ပေါ် မပေါ်)

၅၀။ ဝဋ္ဋဆတ္တနိဘစာရ
သီသတာ = လုံးဝန်းသော ထီးဝန်းသဖွယ် တင့်တယ်သော ဦးခေါင်းတော် ရှိခြင်း၊
(၁)

၅၁။ အာယတပုထု
နလာဋသောဘတာ = ရှည်လျားပြန့်ကျယ် တင့်တယ်သော နဖူးတော်ရှိခြင်း၊

---

၁။သမန္တစက္ခု၊၁။၂၅၄။

၅၂။ သုသဏ္ဌာန
ဘမုကတာ = ပကတိပင်ကိုယ် တင့်တယ်၍ ပုံသဏ္ဌာန်လှပသော မျက်မှောင်မျက်ခုံးတော်ရှိခြင်း၊

၅၃။ အနုလောမ
ဘမုကတာ = ညွတ်ညွတ်တက်သော မျက်မှောင်မျက်ခုံးတော်ရှိခြင်း၊

၅၄။ သဏှဘမုကတာ = နူးညံ့သိမ်မွေ့သော မျက်မှောင်မျက်ခုံးတော်ရှိခြင်း၊

၅၅။ မဟန္တဘမုကတာ = ကြီးသောမျက်မှောင်,မျက်ခုံးတော်ရှိခြင်း၊

၅၆။ အာယတဘမုကတာ = ရှည်သွယ်သော မျက်မှောင်မျက်ခုံးတော်ရှိခြင်း၊

၅၇။ သုခုမာလဂတ္တတာ = သိမ်မွေ့သော ကိုယ်တော်ရှိခြင်း၊

၅၈။ အတိဝိယသောမ္မ-
ဂတ္တတာ = လွန်စွာချမ်းအေးသော ကိုယ်တော်ရှိခြင်း၊

၅၉။ အတိဝိယဥဇ္ဇ
လိဂတ္တတာ = လွန်စွာထွန်းပသော ကိုယ်တော်ရှိခြင်း၊

| | | |
|---|---|---|
| ၆၀။ ဝိမလဂတ္တတာ | = | ညစ်ကြေးကင်းစင် ကြေးညှော် မတင်သော ကိုယ်တော်ရှိခြင်း။ |
| ၆၁။ ကောမလဂတ္တတာ | = | မစေးမထိုင်းသော ကိုယ်တော်ရှိ ရှိခြင်း၊ |
| ၆၂။ သိနိဒ္ဓဂတ္တတာ | = | သိမ်မွေ့ပြေပြစ်သော ကိုယ်တော် ရှိခြင်း၊ |
| ၆၃။ သုဂန္ဓတနုတာ | = | မွှေးကြိုင်သော ကိုယ်တော်ရှိခြင်း၊ |
| ၆၄။ သမလောမတာ | = | ညီညွတ်သော မွေးညင်းတော် ရှိခြင်း၊ |
| ၆၅။ ကောမလလောမတာ | = | မစေးမထိုင်းသော မွေးညင်းတော် ရှိခြင်း၊ |
| ၆၆။ ဒက္ခိဏာဝဋ္ဋလောမတာ | = | လက်ျာရစ်လည်၍တည်သော မွေး ညင်းရှိခြင်း၊ |
| ၆၇။ ဘိန္နဥ္ဇနသဒိသနီလလောမတာ | = | ကွဲပြတ်သော မျက်စဥ်းခဲတတ် ကျောက်လို ညိုသောမွေးညင်းတော် ရှိခြင်း၊ (ရွှေတောင်အသရေကဲ့သို့ ဦးခေါင်းတော်၌ရောက်သော ညို့ သော မွေးညင်းတော်ရှိခြင်း)[၁] |

---

၁။ သမန္တစက္ခုဒီပနီ။

၆၈။ ဝဋ္ဋလောမတာ = လုံးသော မွေးညင်းတော်ရှိခြင်း၊

၆၉။ သိနိဒ္ဓလောမတာ = သိမ်မွေ့သော မွေးညင်းတော်ရှိခြင်း၊

၇၀။ အတိသုခုမအဿာသ ပဿာသဓာရဏတာ = အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကိုဆောင်ခြင်း၊

၇၁။ သုဂန္ဓမုခတာ = မွှေးကြိုင်သော ခံတွင်းတော်ရှိခြင်း၊

၇၂။ သုဂန္ဓမုဒ္ဓတာ = မွှေးကြိုင်သော ဦးထိပ်တော်ရှိခြင်း၊

၇၃။ သုနီလကေသတာ = အလွန်မည်းနက်သော ဆံတော်ရှိခြင်း၊

၇၄။ ဒက္ခိဏာဝဋ္ဋကေသတာ = လက်ျာရစ်လည်သော ဆံတော်ရှိခြင်း၊

၇၅။ သုသဏ္ဌာနကေသတာ = ပင်ကိုယ်တင့်စံ တည်နေဟန်ကောင်းသော ဆံတော်ရှိခြင်း၊

၇၆။ သိနိဒ္ဓသဏှကေသတာ = သိမ်မွေ့နူးညံ့သော ဆံတော်ရှိခြင်း၊

၇၇။ အလုဠိတကေသတာ = မရောယှက်သော ဆံတော်ရှိခြင်း

၇၈။ သမကေသတာ = အတိုအရှည် နှစ်လီမပြား တူမျှသော ဆံတော်ရှိခြင်း၊

၇၉။ ကောမလကေသတာ = မစေးမထိုင်းသော ဆံတော်ရှိခြင်း၊ (၇)

၈၀။ ကေတုမာလာရတန
ဝိစိတ္တတာ = *ကေတုမာလာ ရောင်လျှံတော်ဖြင့် ဆန်းကြယ်တော်မူခြင်း၊

* ဦးထိပ်တော်၌တည်ရှိ ထွန်းတောက်နေသော ရောင်လျှံတော်အစုကို ကေတုမာလ ရောင်လျှံတော်ခေါ်သည်။

ဇိနာလင်္ကာရဋီကာ။၁၉၈။ ကစ္စာယနသာရဋီကာသစ်။ ၁၅၀။

မဟာဗုဒ္ဓဝင်၊၂။ ၉၉-၁၀၇။

# စတုရင်္ဂဗလအမတ်ကြီး ဖွဲ့ဆိုသီးကုံးခဲ့သော လက္ခဏာတော်ငယ် (၈၀) ဘုရားရှိခိုးဂါထာများ

၁။ စိတင်္ဂုလာနုပုဗ္ဗီ စ၊ သမတေမဝိဝဋ္ဋကာ။
လာခါရသောဝ ဒန္တာ စ၊ တမ္ဗနခါ စ တုင်္ဂတာ။

စိတင်္ဂုလာနုပုဗ္ဗီ စ = အကြားမလပ်စေ့စပ်သော လက်ချောင်းတော် ခြေချောင်းတော်ရှိခြင်း 'စိတင်္ဂုလိတာ လက္ခဏာတော်' (၁)
- အရင်းမှအဖျားသို့တိုင် အစဉ်သဖြင့် သွယ်ပျောင်းသော လက်ချောင်းတော် ခြေချောင်းတော်ရှိခြင်း 'အနုပုဗ္ဗင်္ဂုလိတာ' လက္ခဏာတော် (၂) တို့လည်းကောင်း။

သမတေမ ဝိဝဋ္ဋတာ = ဆီစို၍နေသော အဝတ်လိပ်ကဲ့သို့ အညီအညွှတ်လုံးသော လက်ချောင်းတော်, ခြေချောင်းတော်ရှိခြင်း၊ "ဝဋ္ဋင်္ဂုလိတာ"လက္ခဏာ(၃) တော်လည်းကောင်း။
(လက်ချောင်းတော် ခြေချောင်းတော် လက္ခဏာသုံးပါး။)

| | | |
|---|---|---|
| *လာခါရသော၀ ဒန္တာ | = | ဆင်စွယ်ကို ချိတ်ရည်လောင်းထားသကဲ့သို့သော။ |
| တမ္ဗနခါ စ | = | ရဲရဲနီမြန်းသော လက်သည်းတော်ခြေ သည်းတော်ရှိခြင်း'တမ္ဗနခတာ' လက္ခဏာတော်လည်းကောင်း။ (၄) |
| တုင်္ဂတာ | = | မြင့်သော ချွန်းသောညွတ်သော လက် သည်းတော် ခြေသည်းတော်ရှိခြင်း 'တုင်္ဂနခတာ' လက္ခဏာတော်လည်းကောင်း (၅) |

= =✦=✦=✦= =

---

* ၁။ လာခါရသော စ (မူရင်း)

## ၂။ သိနိဒ္ဓနခတာ စာပိ၊ နိဂုဠ္ဌဂေါပ္ဖကာပိ စ။
## သမပါဒ ဂဇသေဝ၊ သီဟဟံသုသဘာသ စ။

| | | |
|---|---|---|
| သိနိဒ္ဓနခတာ စာပိ | = | သိမ်မွေ့ပြေပြစ်သော လက်သည်းတော် ခြေသည်းတော်ရှိခြင်း 'သိနိဒ္ဓ-နခတာ'လက္ခဏာတော်လည်းကောင်း။ (၆) |
| နိဂုဠ္ဌပေါပ္ဖကာပိ စ | = | မရှိုက်မမို (ဖမျက်ငေါငေါ ပေါ်တက်မနေ) သော ဖမျက်တော်ရှိခြင်း။ (မထင်ရှားသော ဖမျက်တော်ရှိခြင်း) 'နိဂုဠ္ဌ ဂေါပ္ဖ ကတာ' လက္ခဏာတော်လည်းကောင်း။ (၇) |
| သမပါဒ | = | ခြေချောင်းတော် ဆယ်ချောင်းလုံးအဖျား ညီညွှတ်ခြင်း'သမပါဒတာ' လက္ခဏာတော်လည်းကောင်း။ (၈) (ခြေချောင်းတော်လက္ခဏာ ၁-ပါး) |
| ဂဇသေဝ | | |
| သမာနုကမတာ | = | ဆင်းမင်းအတူ စံပယ်စွာ ကြွသွားတော်မူခြင်း ''ဂဇသမာနုက္ကမတာ'' လက္ခဏာတော်လည်းကောင်း။ (၉) |
| သီဟဟံသုသဘာသ စ | = | ခြင်္သေ့မင်းအလား စံပယ်စွာ ကြွသွားတော်မူခြင်း'သီဟသမာနုက္ကမတာ' လက္ခဏာတော်၊(၁၀) |

- ဟဘ်ာမင်းသဖွယ် စံပယ်စွာ ကြွသွားတော်မူခြင်း ''ဟံသသမာနဂ္ဂမတာ'' လက္ခဏာတော်၊ (၁၁)

- နွားမင်းဥသဘအလား စံပယ်စွာ ကြွသွားတော်မူခြင်း။ 'ဥသဘသမာနဂ္ဂမတာ' လက္ခဏာတော်လည်းကောင်း။ (၁၂)

= =✦=✦=✦= =

၃။ သမာနကမတာ စေဝ၊
ဒက္ခိဏာဝဋ္ဋဂတိတာ[၁]။
သမန္တတော စာရုဇာဏု-
မဏ္ဍလာကာရသဏ္ဌိတာ[၂]။

ဒက္ခိဏာဝဋ္ဋဂတိတာ = လက်ျာရစ်လည်၍ ကြွသွားတော်မူခြင်း ''ဒက္ခိဏာဝဋ္ဋဂတိတာ'' လက္ခဏာတော်လည်းကောင်း။ (၁၃)(ကြွသွားတော်မူခြင်းလက္ခဏာတော် (၅) ပါး။

---

၁။ ဒက္ခိဏာဝတ္တဂတိကာ။

၂။ စာရုဇာနုမဏ္ဍလာ

သမန္တတော = ထက်ဝန်းကျင်မှ။

စာရုဇာဏုမဏ္ဍလာ
ကာရသဏ္ဌိတာ = ရှုချင်စဖွယ် တင့်တယ်သော ပုဆစ်ဒူးဝန်းတော်ရှိခြင်း ''သမန္တတော စာရုဇာဏုမဏ္ဍလတာ'' လက္ခဏာတော်လည်းကောင်း။ (၁၄)
(ပုဆစ်ဒူးဝန်းလက္ခဏာတော် ၁-ပါး)

= =✦=✦=✦= =

၄။ ပုရိသဗျဉ္ဇနသမ္ဗန္ဓာ၊
ဂမ္ဘီရစ္ဆိဒ္ဒနာဘိတာ[1]။
ဒက္ခိဏာဝဋ္ဋနာဘီ စ[2]၊
ဒွိကရိယသဿ[3] ကရောယတော။

ပုရိသဗျဉ္ဇနသမ္ဗန္ဓာ = ပြည့်စုံအောင်မြင်သော ယောကျ်ားနိမိတ်ရှိခြင်း ''ပရိပုဏ္ဏ ပုရိသဗျဉ္ဇနတာ'' လက္ခဏာတော်လည်းကောင်း။ (၁၅) (နိမိတ်တော်လက္ခဏာ ၁-ပါး)

---

၁။ ဂမ္ဘီရစ္ဆိန္နနာဘိတာ။ ၂။ ဒက္ခိဏာဝတ္တနာဘီစ၊
၃။ ဒွါကရိယသဿ။

| | | |
|---|---|---|
| ဂမ္ဘီရစ္ဆိဒ္ဒနာဘိတာ | = | နက်သောချက်တော်ရှိခြင်း ''ဂမ္ဘီရနာဘိတာ'' လက္ခဏာတော်၊ (၁၆) |
| | - | လက်ျာရစ်လည်သော အရေးအကြောင်း မပေါက်မပြတ်သော ချက်တော်ရှိခြင်း၊ ''အစ္ဆိဒ္ဒနာဘိတာ'' လက္ခဏာတော်လည်းကောင်း။ (၁၇) |
| ဒက္ခိဏာဝဋ္ဋနာဘိစ | = | လက်ျာရစ်လည်သော အရေးအကြောင်းရှိသော ချက်တော်ရှိခြင်း 'ဒက္ခိဏာဝဋ္ဋနာဘိတာ' လက္ခဏာတော်လည်းကောင်း။<br>(ချက်တော်လက္ခဏာ ၃-ပါး) (၁၈) |

ဒွိကရိယသကရောယတေ

| | | |
|---|---|---|
| ဦရုဘုဇာ | = | ဆင်နှာမောင်းနှင့်တူသော ပေါင်တော်လက်ရုံး တော်ရှိခြင်း<br>''ဒွိရဒကရ သဒိသဦရုဘုဇတာ'' လက္ခဏာတော် လည်းကောင်း။(၁၉)<br>(ပေါင်တော် လက်ရုံးတော်လက္ခဏာ ၁-ပါး) |

= =✦=✦=✦= =

၅။ ဥဇုဂတ္တာ သုသဏ္ဌာနာ၊
သုဝိဘတ္တကဂတ္တတာ။
အနုပုဗ္ဗမဋ္ဌဂတ္တာ၊
ပုဗ္ဗနုဿနုဥပ္ပန္နာ။

သုသဏ္ဌာနာ = ကောင်းစွာတည်နေဟန် သဏ္ဌာန်တော်ရှိခြင်းကြောင့်။

သုဝိဘတ္တကဂတ္တတာ = ကောင်းစွာဝေဖန်အပ်သော ကိုယ်တော်ရှိခြင်း။ (ကိုယ်တော်အနေအထား သန့်ရှင်းခြင်း) ''သုဝိဘတ္တဂတ္တတာ'' လက္ခဏာတော်လည်းကောင်း။ (၂၀)

အနုပုဗ္ဗမဋ္ဌဂတ္တာ = အစဉ်အတိုင်း ရွေ့ရွေ့တက်သော ကိုယ်တော်ရှိခြင်း။ (အထက်ပိုင်းအောက်ပိုင်း အဆင် ပြေသောကိုယ်တော်ရှိခြင်း။) ''အနုပုဗ္ဗဂတ္တတာ''လက္ခဏာတော် (၂၁)

- ပြေပြစ်သော ကိုယ်တော်ရှိခြင်း 'မဋ္ဌဂတ္တတာ'လက္ခဏာတော် လည်းကောင်း။ (၂၂)

ပုဗ္ဗနုသဿနဲ့ဥပမ္ဗာ = မရှိုက်မမို မမောက်သောကိုယ်တော်ရှိခြင်း'အနုသဿနွာနနုသဿနွသဗ္ဗဂတ္တတာ' လက္ခဏာတော်လည်း ကောင်း။(၂၃)

= =✦=✦=✦= =

၆။ ဝတ္တဋ္ဌဂုံလိဂတ္တတာ၊
တိလကာဒိဝိရဟိတာ။
အနုပုဗ္ဗေနုရုစိရံ၊
သုဝိသုဒ္ဓဂတ္တဋ္ဌေဝ။

ဝတ္တဋ္ဌဂုံလိဂတ္တတာ = မတွန့်မလိပ်သော ကိုယ်တော်ရှိခြင်း"အလီနဂတ္တတာ"လက္ခဏာတော်လည်း ကောင်း။ (၂၄)

တိလကာဒိဝိရဟိတာ= မှဲ့ချေ စသည်မှကင်းသော ကိုယ်တော်ရှိခြင်း'တိလကာဒိဝိရဟိတဂတ္တတာ' လက္ခဏာတော်လည်းကောင်း။ (၂၅)

---

၁။ ဝတ္တဋ္ဌဂုံလိဝဋ္ဋတာ

| | | |
|---|---|---|
| အနုပုဗ္ဗနရုစိရံ | = | အစဉ်အတိုင်း ပြိုးပြိုးပြက်သော ကိုယ်တော်ရှိခြင်း 'အနုပုဗ္ဗရုစိရဂတ္တတာ' လက္ခဏာတော်လည်းကောင်း။ (၂၆) |
| သုဝိသုဒ္ဓဂတ္တဋ္ဌဝ | = | အထူးသဖြင့် စင်ကြယ်သော ကိုယ်တော်ရှိခြင်း 'သုဝိသုဒ္ဓဂတ္တတာ' လက္ခဏာတော်လည်းကောင်း။ (၂၇) |

= =✦=✦=✦= =

၇။ ဗလေသု ကာယဇဗလံ၊
ကောဋိသဟဿဟတ္ထီနံ။
ဗလေန သဒိသံ မတံ၊
တုင်္ဂနာသာ ရတ္တဒန္တာ။

ဗလေသု = အားကောင်းသော သတ္တဝါတို့တွင်။

ကောဋိသဟဿဟတ္ထီနံ = ကုဋေတစ်ထောင်သော ကာဠာဝက ဆင်တို့၏။

ဗလေန = ကိုယ်အားနှင့်။

ကာယဇဗလံ = ဘုရားရှင်၏ ကိုယ်တော်၌ဖြစ်သော အားတော်ကို။

သဒိသံ = တူမျှ၏ဟူ၍။

မတံ = သိအပ်၏။ (၂၈)

တုင်္ဂနာသာ = ရွှေချွန်းအတူ မြင့်တက်သော နှာခေါင်းတော်ရှိခြင်း
'တုင်္ဂနာ သတာ' လက္ခဏာတော်လည်းကောင်း။ (၂၉)
(နှာခေါင်းတော်လက္ခဏာ ၁-ပါး။)

(၈) မံသတာ သုဒ္ဓဒန္တတာ၊
သိနိဒ္ဓဒန္တတာပိ စ။
သုဒ္ဓဣန္ဒြိယတာပိ စ၊
သုဝဋ္ဋဒါဌတာ စေဝ။

ရတ္တဒန္တ မံသတာ = အလွန်နီမြန်းသော သွားဖုံးသားတော်ရှိခြင်း 'သုရတ္တဒွိဇမံသတာ' လက္ခဏာတော်လည်းကောင်း။ (၃၀)
(သွားဖုံးသားတော်လက္ခဏာ ၁-ပါး)

သုဒ္ဓဒန္တတာ = စင်ကြယ်သော သွားတော်ရှိခြင်း "သုဒ္ဓဒန္တတာ"လက္ခဏာတော်လည်းကောင်း။ (၃၁)

သိနိဒ္ဓဒန္တတာပိ စ = သိမ်မွေ့ပြေပြစ်သော သွားတော်ရှိခြင်း "သိနိဒ္ဓဒန္တတာ"လက္ခဏာတော်လည်းကောင်း။ (၃၂)
(သွားတော်လက္ခဏာတော် ၂-ပါး)

သုဒ္ဓဣန္ဒြိယတာပိ စ = စင်ကြယ်သော မျက်စိအစရှိသော ဣန္ဒြေရှိခြင်း "ဝိသုဒ္ဓိန္ဒြိယတာ"လက္ခဏာတော်လည်းကောင်း။(၃၃)
(မျက်စိ, နား, နှာ, လျှာ, ကိုယ်ဣန္ဒြေ တို့၌ လက္ခဏာတော် ၁-ပါး)

| | | |
|---|---|---|
| သုဝဏ္ဏဒါဠာတာ စေဝ | = | လုံးသော စွယ်တော်ရှိခြင်း 'ဝဏ္ဏဒါဠတာ' လက္ခဏာတော် လည်းကောင်း။ (စွယ်တော်လက္ခဏာ ၁-ပါး) (၃၄) |

= =✦=✦=✦= =

(၉) ဝဏ္ဏဒါဌရတ္တောဌော စ၊
အာယတဝဒနာ တထာ။
ဂမ္ဘီရပါဏိလေခါ စ၊
အာယတလေခတာပိ စ။

| | | |
|---|---|---|
| ဝဏ္ဏဒါဌရတ္တောဌော | = | လုံးဝန်းသော စွယ်တော်၏တည်ရာ နီမြန်းသော နှုတ်ခမ်းတော်ရှိခြင်း "ရတ္တောဌတာ" လက္ခဏာတော် လည်းကောင်း။ (၃၅) (နှုတ်ခမ်းတော်လက္ခဏာ ၁-ပါး) |
| တထာ | = | ထိုမှတစ်ပါး။ |

အာယတဝဒနာ = ရှည်သော ခံတွင်းတော်ရှိခြင်း 'အာယတဝဒနတာ' လက္ခဏာတော်လည်းကောင်း။(၃၆) (ခံတွင်းတော်လက္ခဏာ ၁-ပါး)

ဂမ္ဘီရပါဏိလေခါ စ = နက်သောလက္ခဏာ အရေးအသားရှိတော်မူခြင်း'ဂမ္ဘီရပါဏိလေခတာ' လက္ခဏာတော်လည်းကောင်း။ (၃၇)

အာယတလေခတာပိ စ= ရှည်သောလက္ခဏာအရေးအသားရှိတော်မူခြင်း''အာယတလေခတာ'' လက္ခဏာတော် လည်းကောင်း။ (၃၈)

= =✦=✦=✦= =

(၁၀) ဥဇုလေခသုရုစိတာ၊
သဏ္ဌာနလေခတာ အထ^၁။
ပါမဏ္ဍလော ပဘာ၀ဏ္ဍော၊
ပရိပုဏ္ဏကပေါလတာ။

ဥဇုလေခသုရုစိတာ = မကွေ့မကောက်ဖြောင့်သော လက္ခဏာ အရေးအသားရှိတော်မူခြင်း ''ဥဇုက-လေခတာ''လက္ခဏာတော်လည်း ကောင်း။(၃၉)

အထ = ထိုမှတစ်ပါး။

သဏ္ဌာနလေခတာ = နှစ်လိုဖွယ်သော သဏ္ဌာန်ရှိသည့် လက္ခဏာအရေးအသားရှိတော်မူခြင်း''သုရု-စိရသဏ္ဌာနလေခတာ''လက္ခဏာ တော်လည်းကောင်း။ (၄၀)
(အရေးအသား လက္ခဏာကြောင်း၌ ၄-ပါး)

ပါမဏ္ဍလော ပဘာ၀ဏ္ဍော =ထက်ဝန်းကျင် ဝန်းဝိုင်းသော ကိုယ်ရောင်တော်ရှိခြင်း ''ပရိမဏ္ဍလ ကာ-ယပ္ပဘာ၀ဏ္ဍတာ'လက္ခဏာတော်လည်း ကောင်း။ (၄၁)

(ကိုယ်ရောင်တော်လက္ခဏာ ၁-ပါး)

---

၁။ အဌ

ပရိပုဏ္ဏကပေါလတာ= ပြည့်ဖြိုးသော ပါးစောင် (ပါးပြင်)တော် ရှိခြင်း ''ပရိပုဏ္ဏကပေါလတာ'' လက္ခဏာတော်လည်းကောင်း။ (၄၂)

= =✦=✦=✦= =

(၁၁) ဝိသာလာယတနေတ္တာ စ၊
ပဉ္စပသာဒဗန္ဓတာ¹။
ပခုမာကုဥ္စိတဂ္ဂါ စ၊
နီလယုတ္တံ မုဒုတနု။

ဝိသာလာယတနေတ္တာ စ=ရှည်လျားပြန့်ကျယ်သော မျက်ကွင်းတော် မျက်လုံးတော်ရှိခြင်း''အာယတဝိသာလနေတ္တတာ''လက္ခဏာတော်လည်းကောင်း။ (၄၃)

ပဉ္စပသာဒဗန္ဓတာ = ငါးမျိုးသောအဆင်းဖြင့် အလွန်ကြည်လင်သော မျက်လုံးတော်ရှိခြင်း ''ပဉ္စပသာဒဝန္တနေတ္တတာ''လက္ခဏာတော်လည်းကောင်း။(၄၄)
(မျက်လုံးတော် လက္ခဏာ ၂-ပါး)

---

၁။ ပဉ္စပသာဒ ဗန္ဓကာ။

ပခုမာကုဋ္ဋိတဂ္ဂါ စ = အဖျားညွတ်ညွတ်တက်သော မျက်တောင်မွေးရှိခြင်း ''ပခုမာကုဋ္ဋိတဂ္ဂ'' လက္ခဏာတော်လည်းကောင်း။(၄၅) (မျက်တောင်မွေးလက္ခဏာတော် ၁-ပါး)

နီလယုတ္တံ မုဒုတနု = နူးညံ့ပါးလွှာ နီစွာသော လျှာတော်ရှိခြင်း ''မုဒုတနုကရတ္တဇိဝှတာ'' လက္ခဏာတော်လည်းကောင်း။ (၄၆)

= =✦=✦=✦= =

(၁၂) ရုစိရာယုတ္တကဏ္ဏာ[၁] စ၊
နိဂုဏ္ဍိသိရတာပိ စ။
နိဂုဠ္ဌသိရတာ စာရု[၂]၊
သိရောဆတ္တနိဘော တထာ။

ရုစိရာယုတ္တကဏ္ဏာစ = ရှည်လျားတင့်တယ် နှစ်လိုဖွယ်သော နားတော်ရှိခြင်း ‘အာယတရုစိရကဏ္ဏတာ’ လက္ခဏာတော်လည်းကောင်း။(၄၇) (နားတော်လက္ခဏာ ၁-ပါး)

---

၁။ ရုစိရာ ယုတ္တဝဏ္ဏာ။ ၂။ သာတုသိရော သတ္တနိဘော။

နိဂ္ဂဏ္ဍိသိရတာပိစ = ထွတ်သမြတ်ခေါ်သည့် အဖုအထစ် အထုံးအဖွဲ့ကင်းသည့် အကြော တော်ရှိခြင်း 'နိဂ္ဂဏ္ဍိသိရတာ' လက္ခဏာ တော်လည်းကောင်း။(၄၈)
(အကြောများ ထုံးဖုနေခြင်းမရှိ)

နိဂ္ဂူဠ္ဍသိရတာ = မရှုက်မမို(မထင်ရှား)သော အကြော တော်ရှိခြင်း ''နိဂ္ဂူဠ္ဍသိရတာ'' လက္ခဏာတော်လည်းကောင်း။(၄၉)
(အကြောပေါ်ပေါ် မပေါ်သည့် လက္ခဏာတော်)
(အကြောတော်လက္ခဏာ ၂-ပါး။

တထာ = ထိုမှတစ်ပါး။

စာရုသိရောဆတ္တနိဘော = လုံးဝန်းသော ထီးဝန်းသဖွယ် တင့် တယ်သော ဦးခေါင်းတော်ရှိခြင်း ''ဝဋ္ဋဆတ္တနိဘစာရုသီသတာ'' လက္ခဏာတော်လည်းကောင်း။ (၅၀)
(ဦးခေါင်းတော်လက္ခဏာ ၁-ပါး)

= =✦=✦=✦= =

(၁၃) အာယတပုထုလော သုဘော၊
နလာဋော[1] သူရိယောနိဘော။
ဘမုကာ စ သုသဏ္ဌာနာ၊
သဏှာနုလောမတော[2] မဟာ။

| | | |
|---|---|---|
| သုဘော | = | တင့်တယ်သော။ |
| အာယတပုထုလော | = | ရှည်လျားကျယ်ပြန့်သော |
| နလာဋ္ဌော | = | နဖူးတော်ရှိခြင်း ''အာယတပုထုန - လာဋ္ဌသောဘတာ''လက္ခဏာတော် လည်းကောင်း။ (၅၁) |
| သုသဏ္ဌာနာ | = | ပြုပြင်ရန်မလို ပင်ကိုယ်တင့်စံ လှပသော သဏ္ဌာန်တော်ရှိသော။ |
| ဘမုကာစ | = | မျက်မှောင် မျက်ခုံးတော်ရှိခြင်း ''သုသဏ္ဌာနဘမုကတာ''လက္ခဏာတော်လည်းကောင်း။ (၅၂) |

---

၁။ နလတော၊ ၂။ သဏ္ဌာနုလောမတော

| | | |
|---|---|---|
| သဏှာနုလောမတော | = | နူးညံ့သိမ်မွေ့သော မျက်မှောင်တော် မျက်ခုံးတော်ရှိခြင်း ‘သဏှာဘမုကတာ’’ လက္ခဏာတော်, (၅၃) |
| | - | ညွတ်ညွတ်တက်သော မျက်မှောင် မျက်ခုံးတော်ရှိခြင်း ‘အနုလောမ-ဘမုကတာ’ လက္ခဏာတော်လည်းကောင်း။(၅၄) |
| မဟာ | = | ကြီးသော မျက်မှောင် မျက်ခုံးတော် ရှိခြင်း‘‘မဟန္တဘမုကတာ’’လက္ခဏာတော်လည်းကောင်း။ (၅၅) |

= =✦=✦=✦= =

(၁၄) အာယတာ သုကုမာလာ စ၊
သုခုမာဟိတသောဘတာ။
အတိဇလိတလောမော စ၊
ကောမလဥ္စ သိနိဒ္ဓတာ။

| | | |
|---|---|---|
| အာယတာ | = | ရှည်သွယ်သော မျက်မှောင်မျက်ခုံးတော်ရှိခြင်း "အာယတ-ဘမုကတာ" လက္ခဏာတော်လည်းကောင်း။ (၅၆) (မျက်မှောင် မျက်ခုံးတော် လက္ခဏာ ၁-ပါး) |
| သုကုမာလာ စ | = | သိမ်မွေ့သောကိုယ်တော်ရှိခြင်း "သုကုမာလဂတ္တတာ" လက္ခဏာတော်လည်း ကောင်း။ (၅၇) |
| သုခုမာ ဟိတသောဘတာ | = | အလွန်ချမ်းအေးသောကိုယ်တော်ရှိခြင်း "အတိဝိယသောမ္မဂတ္တတာ" လက္ခဏာတော်လည်းကောင်း။ (၅၈) |
| အတိဇလိတလောမောစ | = | အလွန်ထွန်းပသော ကိုယ်တော်ရှိခြင်း "အတိဝိယဥဇ္ဇလိတဂတ္တတာ" လက္ခဏာတော်လည်းကောင်း။ (၅၉) |

| | | |
|---|---|---|
| ကောမလဋ္ဌ | = | အညစ်အကြေး (ကြေးညှော်)ကင်းသော ကိုယ်တော်ရှိခြင်း ''ဝိမလဂတ္တတာ'လက္ခဏာတော်, (၆၀) |
| | - | မစေးသောကိုယ်တော်ရှိခြင်း (ကိုယ်တော် အရေအသား အခါခပ်သိမ်း သွက်လက်နေခြင်း) 'ကောမလဂတ္တတာ'လက္ခဏာတော်လည်းကောင်း။ (၆၁) |
| သိနိဒ္ဓတာ | = | သိမ်မွေ့ပြေပြစ်သော ကိုယ်တော်ရှိခြင်း ''သိနိဒ္ဓဂတ္တတာ''လက္ခဏာတော်လည်းကောင်း။ (၆၂) |

= =✦=✦=✦= =

(၁၅) သုဂန္ဓတနုကော စေဝ[၁]၊
ကောမလလောမတာ သမာ။
ဒက္ခိဏာဝဋ္ဋလောမာ စ[၂]၊
ဘိန္နဉ္ဇနနာဂါ ယထာ။

သုဂန္ဓတနုကော = မွှေးကြိုင်သော ကိုယ်တော် ရှိခြင်း ''သုဂန္ဓတနုတာ''လက္ခဏာတော်လည်းကောင်း။(၆၃)
(ရှေ့ ၂၀-မှ ၂၇-တိုင် လက္ခဏာတော်ရှစ်ပါးနှင့်ပေါင်း၍ ကိုယ်တော်၌ လက္ခဏာ(၁၅)ပါး။)

ကောမလလောမတာ = (အတိုအရှည်နှစ်ထွေမပြား) ညီညွတ်ညွတ်သော မွေးညင်းတော် ရှိခြင်း၊ (၆၄)
'သမလောမတာ'မစေးသော မွေးညင်းတော်ရှိခြင်း ''ကောမ-လလောမတာ'' လက္ခဏာတော်နှစ်ပါးလည်းကောင်း။(၆၅)

---

၁။ သုဂန္ဓတနုကော စ၊
၂။ ဒက္ခိဏာဝတ္တလောမာ၊

ဒက္ခိဏာဝဋ္ဋလောမာ စ = မွေးညင်းတိုင်း မွေးညင်းတိုင်း လက်ျာရစ်လည်၍တည်ရှိခြင်း။ 'ဒက္ခိဏာဝဋ္ဋလောမတာ' လုံးသော မွေးညင်းတော်ရှိခြင်း "ဝဋ္ဋလောမတာ" လက္ခဏာတော် နှစ်ပါးလည်းကောင်း။ (၆၆/ ၆၈)

ဘိန္နဥ္ဇနနာဂါယထာ
အတိနီလာ = ကွဲပြတ်သော မျက်စဉ်းခဲတ် ကျောက်နှင့်တူသောညိုသော မွေးညင်းတော်ရှိခြင်း "ဘိန္နဥ္ဇနသဒိသနီလ လောမတာ" လက္ခဏာတော်လည်းကောင်း၊ (၆၇)

= =✦=✦=✦= =

(၁၆) အတိနီလာ သိနိဒ္ဓါ စ၊
သုခုမသဿ ပဿာသတာ။
သုဂန္ဓမုခတာ စာပိ၊
သုဂန္ဓမုဒ္ဓတာပိ စ။

သိနိဒ္ဓါစ = သိမ်မွေ့သော မွေးညင်းတော်ရှိခြင်း 'သိနိဒ္ဓလောမတာ' လက္ခဏာတော်လည်းကောင်း။ (၆၉) (မွေးညင်းတော်လက္ခဏာ ၆-ပါး)

သုခုမသဿပဿာသတာ = အလွန်သိမ်မွေ့သော ထွက်သက် ဝင်သက်ကိုဆောင်ခြင်း (ထွက်လေ ဝင်လေတို့ အလွန်သိမ်မွေ့ခြင်း)

'အတိသုခုမအဿာသ ပဿာသ ဓာရဏတာ''လက္ခဏာတော်လည်းကောင်း။ (၇၀) (ဝင်လေထွက်လေ လက္ခဏာ ၁-ပါး)

သုဂန္ဓမုခတာစာပိ = မွေးကြိုင်သော ခံတွင်းတော်ရှိခြင်း 'သုဂန္ဓမုခတာ' လက္ခဏာတော်လည်းကောင်း။ (ခံတွင်းတော်ဂုဏ်လက္ခဏာ ၁-ပါး) (၇၁)

သုဂန္ဓမုဒ္ဓတာပိစ = မွေးကြိုင်သော ဦးထိပ်တော်ရှိခြင်း 'သုဂန္ဓမုဒ္ဓနတာ' လက္ခဏာတော်လည်းကောင်း။ (၇၂)
(ဦးထိပ်တော်၌ ဂုဏ်လက္ခဏာ ၁-ပါး)

= =✦=✦=✦= =

(၁၇) ကေသာ သုနီလဒက္ခိဏာ၊
ဝဋ္ဋသဏ္ဌာနသုန္ဒရာ။
သိနိဒ္ဓသဏှလုဋ္ဌိတာ၊
သမာ စ ကောမလာဝိ စ။

သုနီလဒက္ခိဏာကေသာ = အလွန်မည်းနက်သော ဆံတော်ရှိခြင်း ''သုနီလကေသတာ'' လက္ခဏာတော် လက်ျာရစ်လည်သော ဆံတော်ရှိခြင်း ''ဒက္ခိဏာဝဋ္ဋ-ကေသတာ'' လက္ခဏာတို့လည်းကောင်း။ (၇၃/၇၄)

ဝဋ္ဋသဏ္ဌာနသုန္ဒရာ = ပင်ကိုယ်တင့်စံ တည်နေဟန်ကောင်းသောဆံတော်ရှိခြင်း ''သုသဏ္ဌာန-ကေသတာ'' လက္ခဏာတော် လည်းကောင်း။ (၇၅)

| | | |
|---|---|---|
| သိနိဒ္ဓသဏှလုင်္ဂိတာ | = | သိမ်မွေ့နူးညံ့သော ဆံတော်ရှိခြင်း 'သိနိဒ္ဓကေသတာ' 'သဏှကေသတာ' လက္ခဏာတော် မရောမယှက်သော ဆံတော်ရှိခြင်း 'အလုင်္ဂိတကေသတာ' လက္ခဏာ တော်တို့လည်းကောင်း။ (၇၆/၇၇) |
| သမာစ | = | အတိုအရှည်နှစ်မည်မပြား တူမျှသော ဆံတော်ရှိခြင်း 'သမကေသတာ' လက္ခဏာတော်လည်းကောင်း။ (၇၈) |
| ကောမလာပိစ | = | မစေးမထိုင်းသော ဆံတော်ရှိခြင်း 'ကောမလကေသတာ'' လက္ခဏာ တော်လည်းကောင်း။ (၇၉) (ဆံတော်၌လက္ခဏာ (၇)ပါး |

= =✦=✦=✦= =

(၁၈) ကေတုမာလာ စ ရတနေဟိ၊
ရဇတာကာရမဏ္ဍိတာ။
ဒွတ္တိံ သလက္ခဏာ ဓရာ၊
အသီတိ အနုဗျဉ္ဇနာ-^၁။

| | | |
|---|---|---|
| ရဇတာကာရမဏ္ဍိတာ | = | ငွေရောင်တသွေး ဦးခေါင်းတော် အထက်၌ ထွန်းလင်းတောက်ပကုန်သည်ဖြစ်၍ |
| ကေတုမာလရတနေဟိ | = | 'ကေတုမာလာ ရတနငိစိတ္တတာ' လက္ခဏာတော်တို့နှင့်တကွ။ (၈၀) |
| အသီတိ အနုဗျဉ္ဇနာ | = | ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကို လည်းကောင်း။ |
| ဒွတ္တိံသလက္ခဏာဓရာ | = | ၃၂-ပါးသော ယောကျ်ားမြတ် လက္ခဏာတော်ကြီးတို့ကို လည်းဆောင်တော်မူသော။ |
| ပုရိသုတ္တမံ | = | ယောကျ်ားတို့ဉက္ကာ၌ ယောကျ်ားမြတ်ဖြစ်တော်မူသော ဘုရားရှင်ကို။ |
| အဟံ | = | နာမ်ရုပ်နှစ်ဖြာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်သည်။ |
| သဏ္ဍစွံ | = | လေးမြတ်ပိုမို ရှိသေလှစွာ။ |

နမာမိ[၁] = ဘယ,လာဘ,သမ္မောဟနှင့် ကုလ,အာစာ မိစ္ဆာကျင့်ရိုးမမှောက်ကိုးပဲ ရှိခိုးဦးချကန်တော့လိုက်ပါ၏ မြတ်စွာဘုရား။

၂၇၅၀၀
၂၄-၁၂-၂၀၁၃

---

၁။ ပင်းယသာသနာဝင်။ ၈၇–၉၅။







# ဗုဒ္ဓဂုဏ်တော်

ဧတေသ ပန သတ္တု ဂုဏာနာမ ဟေဋ္ဌာ အဝီစိတော
ဥပရိ ယာဝ ဘဝဂ္ဂါ ပတ္ထဋာ။
(အံ၊ ၁၊ ဋ္ဌ၊ နှာ - ၂၄၈)

ဘုရားရှင်တို့ရဲ့ ဂုဏ်တော် ကျေးဇူးတော်ဆိုတာ
အောက်ဘက်ကို ကြည့်လိုက်မယ်ဆိုရင် အဝီစိအထိ၊
အထက်ကို ကြည့်လိုက်မယ်ဆိုရင်
(နေဝသညာနာသညာယတန) ဘုံလို့ခေါ်တဲ့
အထက်ဘဝဂ်တိုင်အောင်
ပျံ့နှံ့ကျော်ကြားနေတာပါဘဲ ...။



Graphic Design by Shwemyay-Nanda